ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့ (10-11-2013) (၇၆၆၀)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့် ညအပူချိန်များ

ဟားခါး	၇	ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၈	ဒီဂရီစင်တီဂရိတ်

နောက်နှစ်ရက် အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ အောင်နိုင်ရေး အစွမ်းကုန်ကြိုးစားအားထုတ်

ရန်ကုန် နိုဝင်ဘာ ၉

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပွဲစဉ်များ လက်ခံကျင်းပမည့် ရန်ကုန်မြို့ရှိ အားကစားကွင်းရုံများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကာယကြံ့ခိုင်မှု အားကစားနည်းပြိုင်ပွဲ လက်ခံကျင်းပမည့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာသို့ရောက်ရှိရာ ရှင်းလင်းဆောင်ခန်းမ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးညီညီက ပြိုင်ပွဲလက်ခံကျင်းပရေး ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံ ကာယကြံ့ခိုင်မှုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလှမြင့်ဆွေက မြန်မာ့လက်ရွေးစင် အားကစားသမားများကို စခန်းသွင်းလေ့ကျင့်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့●

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ နပန်းနှင့် ကမ်ပိုအားကစားနည်းအလိုက် သရုပ်ပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ဆီးဂိမ်းပွဲတော်၌ မြန်မာ့လက်ရွေးစင်အလေးမအားကစား ဆုတံဆိပ်ရယူနိုင်ရေး ပြင်းပြင်းထန်ထန်လေ့ကျင့်ပြင်ဆင်

ရန်ကုန် နိုဝင်ဘာ ၉

မကြာမီကျင်းပတော့မည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကြီးတွင် မြန်မာ့လက်ရွေးစင် အလေးမအားကစားသမားများအနေဖြင့် အနည်းဆုံးဆုတံဆိပ်ခြောက်ခုဆွတ်ခူးနိုင်ရမည်ဟု မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၏ ဆီးဂိမ်းအောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်အောင်စိုးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် (၂၆)ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်းတွင် မြန်မာအလေးမအဖွဲ့အနေဖြင့် တတိယဆု(ကြေးတံဆိပ်) တစ်ခုသာရရှိခဲ့သော်လည်း ယခုအခါတွင် ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်ပရိသတ်ဖြစ်သည်ကတစ်ကြောင်း၊ လုံလောက်သောလေ့ကျင့်မှုပံ့ပိုးဖြည့်ဆည်းမှုတို့ကြောင့် အထက်ကဆိုခဲ့သည့်အတိုင်း အောင်မြင်မှုများ **စာမျက်နှာ ၃ ကော်လံ ၁ သို့○**

ဆီးဂိမ်းပြိုင်ပွဲကြီး ကျင်းပရန် ရက် ၃၀ သာ လိုတော့သည်

ကြေးမုံစာတည်းရှုထောင့် **၁၀-၁၁-၂၀၁၃၊ တနင်္ဂနွေနေ့**

ကောင်းသထက်ကောင်းအောင် အားထုတ်

လူ့ဘဝ၌ ရခဲသောအရာငါးမျိုးရှိပါသည်။ (၁) ဘုရားအဖြစ်ကို ရခဲ၏။ (၂) လူအဖြစ်ကိုရခဲ၏။ (၃) ယုံကြည်မှုသဒ္ဓါတရားနှင့် ပြည့်စုံသောသူ၏ အဖြစ်ကိုရခဲ၏။ (၄) ရဟန်းအဖြစ်ကို ရခဲ၏။ (၅) သူတော်ကောင်းတရား နာကြားရခြင်းကို အလွန်ရခဲ၏ဟူ၍ ရခဲခြင်းငါးမျိုးကို တရားတော်၌ ပြဆိုထားပါသည်။

ထိုရခဲသော တရားတော်လာငါးမျိုးမှာ ရိုးရိုးရှင်းရှင်းနှင့် တိကျပြတ်သားလှ၏။ လောကသဘာဝအတိုင်း ဖြစ်၏။ လက်ရှိကာလတွင် လူအဖြစ်ကိုလည်းရနေကြ၏။ ရဟန်းအဖြစ်ကိုလည်း ရနိုင်ကြ၏။ သူတော်ကောင်းတရားကိုလည်း နာကြားနိုင်ကြ၏။ ကြိုးစားလျှင် ဘုရားအဖြစ်ကို ရနိုင်သေးသည်ဟုအဆိုရှိ၏။ယုံကြည်မှုသဒ္ဓါတရားကို ကျင့်ကြံအားထုတ်ဆောက်တည်လျှင်လည်း ဖြစ်နိုင်ပါ၏။

ထိုရခဲသောအရာအားလုံးကို လူဟူ၍ဖြစ်လာသော ယနေ့လောကသားအားလုံးအနေဖြင့် ရအောင်ယူလျှင် ရနိုင်ပါ၏။ သို့သော်ရခဲပေသော လူ့ဘဝကို ရခဲ့ကြသော်လည်း လူ့ဘဝကို အချည်းအနှီးဖြင့်အဆုံးရှုံးခံနေကြသူများကို အမြောက်အမြားတွေ့နေရ၏။ ရနိုင်သောအရာများကို အဆုံးအရှုံးခံကာ မရနိုင်သောဘဝသို့ သွားနေကြ၏။

ယင်းသို့ဖြစ်ရသည်မှာ "သက္ကာယဒိဋ္ဌိ"ဟူသော အမြင်မှား၊ အတွေးမှား၊ အယူမှား၊ အလုပ်မှားနေသောကြောင့် ဖြစ်၏။ လူတို့သည် လိုချင်တပ်မက်မှုလောဘ၊ ခက်ထန်ကြမ်းတမ်းမှု ဒေါသ၊ တွေဝေမှုမောဟတို့ကို မိမိတို့၏ အကျိုးဆောင်တရားများဟူ၍ မှားယွင်းစွာယုံကြည်ယူဆကြသောအခါ သူ့အသက်သတ်ခြင်း၊ သူတစ်ပါးဥစ္စာခိုးယူခြင်း၊ သူတစ်ပါးသားမယားပြစ်မှားခြင်း စသည့်ကြီးသော ကာယဒုစရိုက်အမှုများကို ပြုမိကြ၏။

ထို့အပြင် အလွယ်တကူကျူးလွန်မိတတ်ကြသော မမှန်သောပြောစကားကို ပြောကြားခြင်း၊ သူနှစ်ဦးတို့ ချစ်ခင်မှုကိုပျက်ပြားစေနိုင်သော စကားများ ပြောကြားခြင်း၊ ရန့်ရင်းကြမ်းတမ်းသော စကားများပြောကြားခြင်း၊ အကျိုးမရှိအချည်းအနှီးဖြစ်သောစကားများပြောကြားခြင်း စသည့် ဝစီဒုစရိုက်မှုတို့ကိုလည်း ပြုတတ်ကြ၏။

တစ်ဖန်သူတစ်ပါးစည်းစိမ်ဥစ္စာကို ရှေးရှု၍ ရလိုမှုကြံစည်ခြင်း၊ သူတစ်ပါးပျက်စီးစေမှုကို ရှေးရှု၍ကြံစည်ခြင်း၊ မိမိပြုသော အမှုသည် အကုသိုလ်ကံမဖြစ်၊ ကံကံ၏ အကျိုးလည်း မဖြစ်ဟူ၍ ယုံကြည်မှုအယူမှားဖြင့် ဖောက်လွဲဖောက်ပြန် မမှန်မကန်အယူရှိသော မနောဒုစရိုက်အမှုတို့ကိုလည်း ကျူးလွန်မိတတ်၏။

ထို့ကြောင့် အမျိုးကောင်းသားအပေါင်းတို့သည် ရခဲလှသော လူ့ဘဝတွင် မကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို ရှောင်ရှား၍ မိမိတို့၏ဘဝကို ကောင်းသထက်ကောင်းအောင် ကျင့်ကြံအားထုတ်နေကြသကဲ့သို့ ကျန်ပုဂ္ဂိုလ်အပေါင်းတို့ကလည်း မိမိတို့၏ အတွေးမှား၊ အမြင်မှား၊ အလုပ်မှားတို့ကို မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်ကာ မိမိဘဝ၊ လူမှုဘဝ၊ အနာဂတ်ဘဝ ပိုမိုကောင်းမွန်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဆောင်ရွက်သွားရန် စီစဉ်ထား

နေပြည်တော် နိုဝင်ဘာ ၉

ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလွန်းသီအား Unocal Myanmar Offshore Co.,Ltd. ဥက္ကဋ္ဌ Chevron Asia South Business Unit ၏ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ရှိသူ Mr. Mariano Vela နှင့်အဖွဲ့သည် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်လွှတ်တော်ဝင်းအတွင်းရှိ ဇမ္ဗူသီရိ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး Unocal အနေဖြင့် မြန်မာနိုင်ငံတွင် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်မှာ နှစ် ၂၀ ခန့်ရှိခဲ့မှု၊ အနောက်နိုင်ငံများမှ ပိတ်ဆို့မှုပြန်လည် ရုပ်သိမ်းသွားပြီဖြစ်၍ Unocal အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်ဆောင်ရွက်သွားရန် စီစဉ်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ် သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောဟူသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော် သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး)နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း-၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘုရားအလောင်းတော်ဖွားမြင်တော်မူရာဌာနတွင် မယ်တော်မာယာဖွားတော်မူဟန်နှင့် ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန်ရုပ်တုတော်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ်လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူအများမှ အထက်ဖော်ပြပါ အလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်းဝင်ခွင့်လျှောက်လွှာ ခေါ်ယူ

ရန်ကုန် နိုဝင်ဘာ ၉

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်းဌာနတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် (၁၈)ကြိမ်မြောက် သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်းဝင်ခွင့် လျှောက်လွှာများခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို နိုဝင်ဘာ ၂၉ ရက်နောက်ဆုံးထား၍ ဆေးသိပ္ပံပညာဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ အကြီးအကဲ၏ထောက်ခံမှုဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

သစ်တောနဲ့သစ်ပင်ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၁၁-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၄၀	"ဝေဒနာခွာ ဝေဒနာသိမ်း" တရားတော် (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၂း၂၀	World Of Knowledge (America Lost Treasures; Rare Silver Goblet)
၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၇)
၇း၁၀	ညို့ယူဖမ်းစားနှလုံးသားသံစဉ်များ သီချင်းဆိုပြိုင်ပွဲ (အပိုင်း-၈)
၉း၃၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၁၁၀)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၃၀	Espanyol - Sevilla	(Star Sports)
၁၁း၃၀	Valencia - Real Valladolid	(Star Sports) (MRTV-4)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Villarreal - Atletico Madrid	(Star Sports)
၂း၃၀	Real Betis - Barcelona	(Star Sports)

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ပြည်တွင်းရေးရာ

●ရှေ့ဖုံးမှ

ထို့နောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းတို့က ပြိုင်ပွဲဝင်အားကစားသမားများ၏ တည်းခိုနေထိုင်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စီစဉ်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပြိုင်ပွဲလက်ခံကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာအတွင်း ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့လက်ရွေးစင် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ သရုပ်ပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီက ပြိုင်ပွဲကျင်းပရေး၊ ကျန်းမာရေး၊ ပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး အပါအဝင် ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတသည် မြန်မာ့လက်ရွေးစင်အားကစားမောင်မယ်များ၏ (၂၅)မီတာ လေပစ္စတိုသေနတ်ပစ်ပြိုင်ကွင်း၊ မီတာ(၅၀)လေရိုင်ဖယ်သေနတ်ပစ်ပြိုင်ကွင်း၊ (၁၀)မီတာ လေပစ္စတိုသေနတ်ပစ်ပြိုင်ကွင်းတို့၌ လေ့ကျင့်ပစ်ခတ်နေမှုများနှင့် ပြိုင်ပွဲတွင် အသုံးပြုမည့် သေနတ်အမျိုးအစားများ ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)သို့ရောက်ရှိရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ညပိုင်းဘောလုံးပွဲစဉ်များအတွက် လျှပ်စစ်မီးပေးမှုစနစ် ကောင်းမွန်စေရေးအတွက် စီစဉ်ထားရှိမှု၊ ဘောလုံးပရိသတ်များ သွားလာမှုအဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ဘောလုံးကွင်း ပြင်ပတွင် LED ဘုတ်များတပ်ဆင်၍ လွှင့်ထုတ်ပြသနိုင်ရန် စီစဉ်ထားရှိမှု၊ လက်မှတ်များ ကြိုတင်ရောင်းချပေးရန်နှင့် ပရိသတ်များအား အေးချမ်းပျော်ရွှင်စွာ အားပေးရန်အတွက် လူထုပညာပေးနည်းလမ်းဖြင့် ဆောင်ရွက်ရန် စီစဉ်ထားမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နပန်းနှင့် ကမ်ပိုအားကစားနည်း လက်ခံကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သို့ ရောက်ရှိရာ ကျောက်စိမ်းခန်းမ၌ မြန်မာနိုင်ငံ နပန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာအောင်ကျော်ဆန်းက ကမ္ဘာ့အဆင့်မီ နပန်းအားကစားနည်းပြဆရာများနှင့် လေ့ကျင့်ထားရှိမှု၊ အားကစားနည်းပြိုင်ပွဲဖွင့်ပွဲတွင် ရခိုင်ရိုးရာကျင်အားကစားနည်းကို ထည့်သွင်းသရုပ်ပြရန် စီစဉ်ထားရှိမှုနှင့် ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ကမ်ပိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်က လက်ရွေးစင်အားကစားသမားများအား အင်ဒိုနီးရှားနိုင်ငံမှ အားကစားနည်းပြဆရာ လေးဦးဖြင့် လေ့ကျင့်ထားရှိမှုနှင့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဉာဏ်ထွန်း သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)တွင် အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတသည် မြန်မာ့လက်ရွေးစင်အားကစားသမားများ၏ နပန်းနှင့် ကမ်ပိုအားကစားနည်းအလိုက် သရုပ်ပြယှဉ်ပြိုင်မှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အလေးမအားကစားနည်းပြိုင်ပွဲ လက်ခံကျင်းပမည့် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမိုးလုံလေလုံအားကစားရုံသို့ ရောက်ရှိရာ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လင်းက လက်ရွေးစင်အားကစားသမားများ စခန်းသွင်းလေ့ကျင့်ထားရှိမှုနှင့် ပြိုင်ပွဲဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြန်မာ့လက်ရွေးစင် အလေးမအားကစားမောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး သရုပ်ပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဟော်ကီအားကစားနည်းပြိုင်ပွဲ လက်ခံကျင်းပမည့် သိမ်ဖြူမြက်ခင်းတု ဟော်ကီအားကစားကွင်းသို့ရောက်ရှိရာ မြန်မာနိုင်ငံ ဟော်ကီအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းက လက်ရွေးစင်အားကစားသမားများအား စခန်းသွင်းလေ့ကျင့်ထားရှိမှု၊ ပြိုင်ပွဲအတွက် ဟော်ကီအားကစားကွင်း အဆင့်မြင့်ပြင်ဆင်ထားရှိမှုနှင့် ပြိုင်ပွဲအတွက် အဘက်ဘက်က ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လက်ရွေးစင်အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး သရုပ်ပြယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ပြိုင်ပွဲလက်ခံကျင်းပမည့် ရန်ကုန်မြို့ရှိ အားကစားကွင်းရုံများ ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ် တာဝန်ရှိသူများအား လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျဆောင်ရွက်ရေး၊ အားကစားသမားများ တည်းခိုနေထိုင်မှု အဆင်ပြေစေရေး၊ ပရိသတ်များ အေးချမ်းပျော်ရွှင်စွာဖြင့် နိုင်ငံကြီးသားပီသစွာ အားပေးနိုင်ရေးအတွက် လူထုပညာပေး အစီအစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ အောင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားအားထုတ်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

(သတင်းစဉ်)

❍ဆီးဂိမ်းပွဲတော်မှ

ရရှိနိုင်ရန် ရည်ရွယ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခု ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင် မြန်မာ့အလေးမ အားကစားသမားများအား ရန်ကုန်အားကစားနှင့် ကာယပညာသိပ္ပံတွင် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်နေပြီး အဆိုပါ စခန်းသွင်းလေ့ကျင့်မှုကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကတည်းက စတင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"အခုအပြီးသတ်ရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်နေတာကတော့ အမျိုးသားရှစ်ဦးနဲ့ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၄ ဦးပါ။ ပြိုင်ပွဲမှာတော့ အမျိုးသားဝိတ်အလိုက် အတန်းခြောက်တန်းမှာ ငါးတန်းဝင်ပြိုင်ရမှာပါ၊ အမျိုးသမီးကလည်း အတန်းငါးတန်းမှာ လေးတန်းဝင်ပြိုင်ရမှာပါ၊ စုစုပေါင်းကျား၊ မပေါင်း အတန်းကိုးတန်းမှာ ဝင်ပြိုင်မှာပါ" ဟု ဦးကျော်အောင်စိုးက လာမည့်ဆီးဂိမ်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်အစီအစဉ်နှင့်ပတ်သက်၍ ရှင်းပြသည်။

ဆက်လက်၍ ၎င်းက "စတင်စခန်းသွင်းကတည်းက ဘူလ်ဂေးရီးယားက နည်းပြတစ်ဦးနဲ့ ခြောက်လလေ့ကျင့်ခဲ့တယ်။ ပြီးတော့ဆက်လက်ပြီး တရုတ်နိုင်ငံကနည်းပြနဲ့ ဒီနေ့အထိ လေ့ကျင့်နေပါတယ်၊ အားကစားသမားတွေကို နည်းစနစ်ပိုင်းသာမက ဖြည့်စွက်အစားအစာ၊ ဆေးဝါးတွေလည်း ဖြည့်ဆည်းပေးပါတယ်၊ ဒီအလေးမအားကစားနဲ့ သဘောကိုက အားကစားသမားတစ်ဦးဟာ လေးနှစ်လောက် စခန်းသွင်းလေ့ကျင့်နိုင်မှသာ နိုင်ငံတကာအဆင့်ပြိုင်ပွဲတွေကို ယှဉ်ပြိုင်နိုင်စွမ်းရှိပါတယ်။ အခုကျွန်တော်တို့ ကစားသမားတွေကို အပြည့်အဝမဟုတ်တောင် ဒီအတိုင်းအတာအတွင်း ကိုကြည့်ပြီး အားရကျေနပ်မှုရှိပါတယ်" ဟု အလေးမအားကစားသမားများ စခန်းသွင်းလေ့ကျင့်မှုနှင့် အလေးမအားကစား၏ သဘောသဘာဝကို ရှင်းပြသည်။

မကြာမီ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ အလေးမအားကစားပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် မလေးရှား စသည့် နိုင်ငံပေါင်းခြောက်နိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရပြီး မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်အား ရွှေတံဆိပ်လေးခု ရရှိစေရန် ရည်မှန်းချက်ပေးထားကြောင်း သိရသည်။

သတင်း-သီဟသူ
ဓာတ်ပုံ-ခင်မောင်ဝင်း

ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့၌ ခေတ်မီသိုလှောင်ရုံများ တည်ဆောက်

နေပြည်တော် နိုဝင်ဘာ ၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အဝေးပြေးလမ်းမကြီး မိုင်တိုင်(၃) အနီးရှိ ဧက ၃၀၀၀ ဘက်စုံသီးနှံစိုက်ကွင်းသို့ သွားရောက်၍ စက်မှုလယ်ယာမြေဖော်ထုတ်ပြီးစီးမှုနှင့် ရှင်းလင်းဆောင်အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု၊ ထိုင်ဝမ်မျိုးသဘော်ပင်များ ပျိုးထောင်ထားမှုများကို စစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အတူလိုက်ပါလာသော ကိုရီးယားသမ္မတနိုင်ငံ San Chae ကုမ္ပဏီမှ ဥက္ကဋ္ဌ Mr.Bae Dae နှင့် ပညာရှင်များသည် ကိုရီးယားနိုင်ငံသို့ သီးနှံအမယ်သစ်များ တင်ပို့ရောင်းချရေး ဆွေးနွေးကြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မိုင်တိုင် (၁၀၅) အနီးရှိ ကြံစိုက်ခင်း၊ ညောင်ပင်သာရှိ ဘက်စုံသီးနှံဧက ၂၀၀၀ စိုက်ကွင်း သိုလှောင်ရုံငါးလုံး တည်ဆောက်နေမှုနှင့် မိုင်တိုင် (၁၅၆)ရှိ ကြံသီးနှံစိုက်ခင်းဧက ၂၀ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးသည် ဆန်စပါး၊ ကြံသီးနှံအပါအဝင် ရာသီအလိုက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းသော သဘာဝအခြေအနေ အလွန်ကောင်းသည့် ဒေသဖြစ်၍ လူဦးရေထူထပ်သော ရန်ကုန်ပြည်တွင်းဈေးကွက်သို့ တင်ပို့ရောင်းချရန်အတွက် ဈေးကွက်အလားအလာ အလွန်ကောင်းသော အနေအထားရှိကြောင်း။

ပဲခူးတိုင်းဒေသကြီးအတွင်း သကြားစက်ကြီးများ အများအပြား တည်ဆောက်ထားသည့် အားလျော်စွာ ကြံသီးနှံကုန်ကြမ်းကို ပိုမိုထွက်ရှိရန် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် ကြံတစ်ဧကမှ ပိုမိုထွက်ရှိလာသည်နှင့်အမျှ ဝင်ငွေတိုးတက်ရရှိခံစားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ သကြားထုတ်လုပ်မှုနှင့် GDP ကို ထိထိရောက်ရောက် တိုးတက်စေမည်ဖြစ်ကြောင်း၊ တောင်သူများ အလွန်စိုက်လိုအားရှိနေကြသည့် ပုလဲသွယ်စပ်မျိုးစပါးကို ကျယ်ကျယ်ပြန့်ပြန့် မျိုးစေ့ထုတ်ပြီး တောင်သူများ လက်ဝယ် လုံလုံလောက်လောက် အချိန်မီဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အလားတူ ကြံစိုက်တောင်သူများအတွက် တစ်ဧက တန်ချိန် ၆၀ ထွက်ရှိသည့် ကြံမျိုးများဖြန့်ဖြူးပေးခြင်းနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို တစ်ချက်ချင်းလိုက်နာကျင့်ကြံစိုက်တတ်စေရေးအတွက် စိုက်ပျိုးရေးပညာရှင်များနှင့် လုပ်ငန်းရှင်များ ပူးပေါင်း၍ အကောင်အထည်ဖော်ရန် ဆွေးနွေးမှာကြားသည်။ **(သတင်းစဉ်)**

ဓာတ်ရောင်ခြည်ဆေးပညာအဖွဲ့ ညီလာခံပြီးစီး

ရန်ကုန် နိုဝင်ဘာ ၉

မြန်မာနိုင်ငံဆရာဝန်အသင်း ဓာတ်ရောင်ခြည်ဆေးပညာအဖွဲ့ (၁၁)ကြိမ်မြောက် ညီလာခံပိတ်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ချက်ထရီယံဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမှာစကားပြောကြားရာတွင် ဓာတ်ရောင်ခြည်ရောဂါကုဆရာဝန်များအနေဖြင့် ရောဂါရှာဖွေကုသချိန်တွင် လူနာနှင့်ဆက်ဆံရေး လစ်ဟင်းနိုင်သဖြင့် လူနာနှင့် ဆက်ဆံရေးကောင်းမွန်အောင် အထူးသတိပြုစေလိုကြောင်း၊ မိမိ၏လုပ်အားနှင့် အကြံဉာဏ်ကို ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အသုံးပြုစေလိုကြောင်း၊ ဆေးပစ္စည်းနှင့် စက်ပစ္စည်းများ မှာယူရာတွင် လူနာများ၏ အသက်ကယ်တင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ရန် အလေးထား၍ မှာယူစေလိုကြောင်း၊ နိုင်ငံတော်၏ပြောင်းလဲနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေကိုသိရှိအောင် လေ့လာပြီး အခြေအနေနှင့် လိုက်လျောညီထွေလုပ်ကိုင်တတ်ရန်လိုကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားစေရမည်ဟူသော တူညီသောရည်မှန်းချက်၊ မှန်ကန်သော ခံယူချက်ထားရှိကာ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးကြရန် ပြောကြားပြီး ဓာတ်ရောင်ခြည်ဆေးပညာဆိုင်ရာစက်နှင့် စက်ပစ္စည်းပြခန်းများကို ကြည့်ရှုအားပေးသည်။

နိုဝင်ဘာ ၅ ရက်မှ ၉ ရက်အထိ ဓာတ်ရောင်ခြည်ဆေးပညာအဖွဲ့၏ (၁၁) ကြိမ်မြောက် အကြိုညီလာခံနှင့် ညီလာခံတို့ကို ကျင်းပခဲ့ပြီး အမေရိကန်၊ ယူကေ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့မှ ဓာတ်ရောင်ခြည်ဆေးပညာရှင် ၂၁ ဦးမှ စာတမ်းပေါင်း ၅၃ စောင်ကို ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ် ကွန်မြူနစ်ပါတီ ညီလာခံ ကျင်းပ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆွေးနွေးမည်

ပေကျင်း နိုဝင်ဘာ ၉

တရုတ်နိုင်ငံ၏ အာဏာရကွန်မြူနစ်ပါတီသည် စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန် အရေးပါသောအစည်းအဝေးတစ်ရပ်ကို နိုဝင်ဘာ ၉ ရက်တွင် စတင်ကျင်းပကြောင်း နိုင်ငံပိုင်ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

လာမည့်ဆယ်စုနှစ်အတွင်း ကမ္ဘာပေါ်တွင် ဒုတိယအင်အားအကြီးဆုံး စီးပွားရေးတည်ရှိရာနိုင်ငံအဖြစ် ရပ်တည်နိုင်စေရေးအတွက် ကွန်မြူနစ်ပါတီဗဟိုကော်မတီက ညီလာခံ ကျင်းပခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏စီးပွားရေးဆက်လက်တိုးတက်မှုဖြစ်ပေါ်စေရန် ပြုပြင်ပြောင်းလဲရေး အစီအစဉ်များချမှတ်ဆောင်ရွက်ရာတွင် တွေ့ကြုံရနိုင်သော ပြဿနာရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

မြေယာနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား အကာအကွယ်ပေးမှု လျှော့ချရေးစသည့် အကြောင်းရပ်များကို လေးရက်ကြာ ကျင်းပသော အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

စီးပွားရေးကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးစေရေးအတွက် လုပ်ဆောင်သွားရန်လည်း ဆွေးနွေးကြမည်ဖြစ်သည်။

ဆင်ဟွာ။

မလေးရေပိုင်နက်၌ တစ်လအတွင်း ဒုတိယအကြိမ် ရေနံတင်သင်္ဘော ပြန်ပေးဆွဲမှုဖြစ်ပွား

ကွာလာလမ်ပူ နိုဝင်ဘာ ၉

ရက်သတ္တပတ်လေးပတ်အတွင်း မလေးရှားရေပိုင်နက်အတွင်း ဒုတိယအကြိမ်အဖြစ် ရေနံတင်သင်္ဘောတစ်စင်း ပြန်ပေးဆွဲခံရကြောင်း အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းဗျူရို(အိုင်အမ်ဘီ)က နိုဝင်ဘာ ၉ ရက်တွင် ပြောကြားသည်။

မလေးရှားကမ်းလွန်ပင်လယ်ပြင်အတွင်းပင်လယ်ဓားပြတိုက်မှုများ ပိုမိုဖြစ်ပွားလာကြောင်း ယင်းအဖွဲ့ကပြောကြားသည်။ နိုဝင်ဘာ ၇ ရက်က ပနားမားအလံလွှင့်ထူထားသော ရေနံတင်သင်္ဘော တစ်စင်းပေါ်သို့ လက်နက်ကိုင်ဓားပြ ၁၀ ဦးတက်ရောက်လာခဲ့ပြီး ၎င်းတို့ အဆိုပါသင်္ဘောပေါ်မှ မဆင်းမီအထိ အခြားရေယာဉ်လွတ်တစ်စင်းထံသို့ ရေနံများကဲ့ယူသွားခဲ့သည်ဟုဆိုသည်။

အောက်တိုဘာလအစောပိုင်းကလည်း ထိုင်းအလံလွှင့်ထူထားသည့် ရေနံတင်သင်္ဘောတစ်စင်း နှစ်ရက်ကြာပြန်ပေးဆွဲခံခဲ့ရပြီး ယင်းသင်္ဘောကို ပြန်လည်တွေ့ရှိချိန်တွင် အဆိုပါသင်္ဘောမှ ရေနံများမရှိတော့ဘဲ အခွံချည်းသာ ရှိတော့သည်ဟုဆိုသည်။

ဘီဘီစီ။

တရုတ်ကွန်မြူနစ်ပါတီ ညီလာခံကျင်းပချိန်အတွင်း တိန်အန်မင်ရင်ပြင်၌ လုံခြုံရေးတင်းကျပ်ထားသည်ကို တွေ့ရစဉ်။

ဂျပန်အိုလံပစ်ပြိုင်ပွဲရုံစီမံကိန်း လုပ်ငန်းပမာဏ လျှော့ချရဖွယ်

တိုကျို နိုဝင်ဘာ ၉

ဂျပန်နိုင်ငံ၌ကျင်းပမည့် ၂၀၂၀ပြည့်နှစ် တိုကျိုအိုလံပစ်အားကစားပွဲတော်နှင့် မသန်စွမ်းသူများ အားကစားပွဲတော်တို့အတွက် အဓိကအားကစားပြိုင်ပွဲရုံဖြစ်လာမည့် အမျိုးသား အားကစားပြိုင်ပွဲရုံသစ် တည်ဆောက်ရန် ငွေကြေးယန်းဘီလီယံ ၃၀၀(အမေရိကန်ဒေါ်လာ သုံးဘီလီယံ) အထိ ကျခံသုံးစွဲရမည်ဖြစ်ကြောင်း အိုလံပစ်ရေးရာဝန်ကြီး ဟာကူဘန်ရှီမိုမူရာ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၉ရက်တွင် သတင်းထုတ်ပြန်သည်။

သုံးသပ်ရဖွယ်

စီမံကိန်းအရ အားကစားပြိုင်ပွဲရုံသစ် တည်ဆောက်ရာတွင် ငွေကြေးကုန်ကျမှု အလွန်များပြားမည်ဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းပမာဏကို လျှော့ချနိုင်ရန် အစိုးရအဖွဲ့က ပြန်လည်စဉ်းစားသုံးသပ်ရဖွယ်ရှိကြောင်း ဟာကူဘန်က ပြောကြားသည်။

မြို့တော်တိုကျို ရှင်ဂျူကုရပ်ကွက်၌ အားကစားပြိုင်ပွဲရုံသစ် တည်ဆောက်ရန် စီမံကိန်းရေးဆွဲထားသည်။ စီမံကိန်းလုပ်ငန်းအတွက် ငွေကြေးအသုံးစရိတ်အလွန် များပြားမည်ဆိုပါက လုပ်ငန်းပမာဏကို ပြန်လည်လျှော့ချရန် လိုအပ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမျိုးသားအားကစားပြိုင်ပွဲရုံကို ကြီးကြပ်ကွပ်ကဲမည့် ဂျပန်အားကစားကောင်စီသည် အားကစားပြိုင်ပွဲစီမံကိန်းအတွက် ဒီဇိုင်းပုံစံများကို လက်ခံရရှိခဲ့သည်။

ရိုက်တာ။

မလေးရှား ကမ်းလွန် ပင်လယ်ပြင်အတွင်း ရေနံတင်သင်္ဘောတစ်စင်း ဖြတ်သန်းစဉ်။

မဟာတိုင်ဖွန်း ဟိုင်ယန်တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်တွင် လူ ၁၀၀ ထက်မနည်း သေဆုံး

မနီလာ နိုဝင်ဘာ ၉

တစ်နာရီလျှင် မိုင် ၁၄၀ မှ ၁၇၀ နှုန်းအထိ အဆက်မပြတ်ပြင်းထန်စွာတိုက်ခတ်ခဲ့သည့် မဟာတိုင်ဖွန်းဟိုင်ယန်၏ အကျိုးသက်ရောက်မှုအဖြစ် ဖိလစ်ပိုင်နိုင်ငံ မုန်တိုင်းဒဏ်သင့်ဒေသများတွင် သေဆုံးသူဦးရေမှာ ၁၀၀ ထက်မနည်းရှိပြီဖြစ်ကြောင်း ဖိလစ်ပိုင်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့က နိုဝင်ဘာ ၉ ရက်တွင် ပြောကြားသည်။

အဆိုပါမုန်တိုင်း ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းကိုဖြတ်သန်းတိုက်ခတ်ခဲ့သည်။ ဒေသအတွင်း၌ အပြင်းထန်ဆုံးတိုင်ဖွန်းမုန်တိုင်းအဖြစ် မှတ်တမ်းဝင်သည့်ယင်းမုန်တိုင်းကြောင့် ပင်လယ်ကမ်းခြေဒေသတွင် တည်ရှိသော လူနေအိမ် အဆောက်အအုံများစွာမှာ ဆိုးရွားစွာ ပျက်စီးခဲ့ရသည်။

တိုင်ဖွန်း မုန်တိုင်းဟိုင်ယန်ဖြတ်သန်းတိုက်ခတ်ခဲ့သည့် ကျွန်းခြောက်ကျွန်းထဲတွင်ပါဝင်သည့်လိတ်ကျွန်း၏ မြို့တော်တာကိုဘန်သည် မုန်တိုင်းဒဏ်ကို အဆိုးရွားဆုံးခံရပြီး ယင်းမြို့၏လမ်းများပေါ်တွင် လူသေအလောင်း ၁၀၀ ကျော်ကိုတွေ့ရှိရသည်ဟု ဖိလစ်ပိုင်မြို့ပြလေကြောင်းဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ကပ္ပတိန်ဂျန်အန်ဒရူးစ်က ပြောကြားသည်။ မဟာမုန်တိုင်း ဟိုင်ယန် ဖိလစ်ပိုင်နိုင်ငံတွင် ဖြတ်သန်းတိုက်ခတ်ခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံဘက်သို့ ဦးတည်နေကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် သေကျေပျက်စီးသူဦးရေ တိုးမြင့်လာဖွယ်ရှိကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများပြားကြောင်း ယင်းဒေသရှိ စစ်ဌာနချုပ် အကြီးအကဲ ဗိုလ်ချုပ်ဒီဗနာတျူဒါက ပြောကြားသည်။

ပီတီအိုင်။

ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်လမ်း၊ အမှတ်(၁၂၅/စီ)တွင် ရုံးခန်းတည် ရှိသော Basic Direct Enterprise Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ကုမ္ပဏီအနေဖြင့် အောက်ဖော်ပြပါ အလှကုန်ပစ္စည်းအမျိုးမျိုး တို့ကို ဈေးကွက်အတွင်း မိမိတစ်ဦးတည်းမူပိုင်ရောင်းချသူအဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုပ်ပိုးဖြန့်ဖြူးရောင်းချရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး တွင် မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။

L.A. COLORS — မှတ်ပုံတင်အမှတ်(၄/၁၂၁၃၉/၂၀၁၃)

L.A. Girl — မှတ်ပုံတင်အမှတ်(၄/၁၂၁၃၈/၂၀၁၃)

အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ရုပ်မြင်သံကြား၊ အင်တာနက်၊ အီးမေးလ်၊ ဘူးအမျိုးမျိုး၊ အိတ်အမျိုးမျိုး၊ ဘောင်ချာအမျိုးမျိုး၊ တံဆိပ်တုံးများတို့တွင် ကပ်နှိပ်လျက်၊ ရိုက်နှိပ် လျက်၊ ဖိနှိပ်လျက် အသုံးပြု ကြော်ငြာရောင်းချသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါသဖြင့် ကုမ္ပဏီ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှစ်မျိုးအား တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ဈေးကွက်အတွင်း တုပ၍ဖြစ်စေ၊ ဆင်တူယိုးမှားပြုလုပ်၍ ဖြစ်စေ၊ အတုအပ ပြုလုပ်ရောင်းချခြင်းများ ပေါ်ပေါက်ခဲ့ပါက သက်ဆိုင်ရာ တရားရုံးတော်များတွင် တရားစွဲဆိုလျက် နစ်နာကြေးရရန်ရှိသည်များကို တောင်းခံသွားလိမ့်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
Basic Direct Enterprise Co.,Ltd.,Ltd
No.(125/C)၊ အနောက်ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကုမ္ပဏီ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးပြည့်ငြိမ်းအောင် **(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၃၀၁၅၅)
အမှတ်(၁၁၈)၊ ၅လွှာ၊ ဦးချစ်မောင်လမ်း၊
ဆရာစံမြောက်/ရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၂၇၁၇၁

လက်ပံတောင်းတောင်စီမံကိန်းအတွင်းရှိ တောင်ကြားတောရကျောင်း စေတီနှင့်သိမ်အား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကွင်းဆင်းစစ်ဆေး

မုံရွာ နိုဝင်ဘာ ၉

ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေး ကော်မရှင် အပြီးသတ်အစီရင်ခံစာအရ လက်ပံတောင်းတောင်ကြား တောရစကြံန်ကျောင်းခေါ် သောနေရာနှင့် ၎င်းအပေါ်ရှိ စေတီ၊ သိမ်ကျောင်း စသည့် ဗုဒ္ဓသာသနိက အဆောက်အအုံများကို ကွင်းရှောင်ပြီး ကြေးနီသတ္တုထုတ်လုပ်မည်ဆိုလျှင်လည်း ယင်းအဆောက်အအုံများ၏ ကြံ့ခိုင်တည်မြဲမှုကို ဧကန်မုချထိခိုက်နိုင်မည်ဖြစ်ခြင်းတို့ကြောင့် အဆိုပါ လက်ပံတောင်းတောင်ကြား တောရစကြံန်ကျောင်းမြေနေရာနှင့် ၎င်းအပေါ်ရှိ ဗုဒ္ဓသာသနိက အဆောက်အအုံများကို လုံးဝထိခိုက်ပျက်စီးမှု မရှိဘဲ လက်ရှိအနေအထားများအတိုင်း သင့်လျော်သည့်နေရာတစ်ခုခုသို့ ပြောင်းရွှေ့ပေးသင့်ကြောင်း သုံးသပ်ခဲ့သည်။

စေတီ၊ သိမ်နှင့် သာသနိကအဆောက်အအုံများ ပြောင်းရွှေ့ရေးအတွက် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများထံ ဩဝါဒခံယူ၍ ဩဝါဒအတိုင်း ဆက်လက်ဆောင်ရွက်နိုင်ရန် စီမံနေစဉ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးတင်ဝင်း (သာသနာရေးတွဲဖက်တာဝန်)နှင့် သစ်တော၊ သတ္တု၊ စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်တို့သည် မြို့နယ်သံဃနာယကမှ ဆရာတော်များ၊ ဒေသခံဆရာတော်များ၊ ဒေသခံရွာသူရွာသားများနှင့်အတူ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းဧရိယာအတွင်းမှ တောင်ကြားတောရစကြံန်ကျောင်းမြေနေရာရှိ စေတီနှင့် သိမ်တို့အား သွားရောက်ဖူးမြော်စစ်ဆေးရာ ဒေသခံဆရာတော်များက မူလအနေအထားအတိုင်းတွေ့ရှိရ၍ ကျေနပ်မှုရှိကြောင်း၊ စေတီနှင့် သိမ်ကျောင်းများ၊ သာသနိကအဆောက်အအုံများအား မှတ်တမ်းရယူ၍ လက်ရှိအခြေအနေအတိုင်း အပျက်အစီးတစ်စုံတစ်ရာ မရှိစေရေးစောင့်ရှောက်ထိန်းသိမ်းရန် မှာကြားခဲ့သည်။

မြန်မာ့ ပတ်ဝန်းကျင်သိပ္ပံမှ ယဉ်ကျေးမှုရေးရာကျွမ်းကျင်သူ၏ တင်ပြချက်အရ ပထမလယ်တီဆရာတော်ကြီး သီတင်းသုံးခဲ့သည့် စကြံန်ကျောင်းနေရာနှင့်ပတ်သက်၍ ကွဲပြားခြားနားချက် ရှိနေသည်ကို တွေ့ရှိရကြောင်း၊ မှတ်တမ်းများအရ လက်ပံတောင်းတောင်ကြားတောရစကြံန်ကျောင်းဟုသာ ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ ဆရာတော်ကြီးအနေဖြင့် တစ်မိုးခံ(ဝါး)ကျောင်းမျိုးသာ လက်ခံခဲ့သည်ဟု သိရှိရကြောင်း၊ အဆိုပါစေတီနှင့် သိမ်တို့သည် ပထမလယ်တီဆရာတော်ကြီး တည်ထားသည့် သာသနိက အဆောက်အအုံများဖြစ်သည်ကို အထောက်အထား မတွေ့ရှိရကြောင်း၊ လက်ပံတောင်းတောင်ကြားတောရကျောင်းရှိ စေတီမှာ နှစ်ပေါင်းများစွာကြာမြင့်လာသောကြောင့် ပျက်စီးသွားကာ အောက်ခြေနှင့် ခြသေ့်လေးကောင်သာ ကျန်ရှိခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၂၆ ခုနှစ် (ခရစ်သက္ကရာဇ် ၁၉၆၄ ခုနှစ်)တွင် ပြန်လည်တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

❋ ယာဉ်အမျိုးမျိုးမှ (Programming Logic Control System)ဖြင့် ထိန်းချုပ်လည်ပတ်နေပါသည်။ အထူးသဖြင့် ကုန်တင်ယာဉ် ခေါင်းပိုင်း (Cabin) ကို ဆေးမှုတ်သည့် စနစ်တွင် သမားရိုးကျတိုက်ရိုက်ဆေးမှုတ်နည်းကို အသုံးမပြုဘဲ နိုင်ငံတကာအဆင့်မီ အဆင့်မြင့် နည်းပညာဖြစ်သည့် Elevtrolytic Deposition Process ကို အသုံးပြုသည့် ခေတ်မီစက်များတပ်ဆင်ထားရှိပါသည်။

အဆိုပါစက်ရုံကို အိန္ဒိယနိုင်ငံ TATA Motors Co.,Ltd. မှနည်းပညာဖြင့် အမေရိကန်ဒေါ်လာသန်း ၂၀ နှင့် မြန်မာငွေကျပ် ၁၅ ဒသမ ၀၄၈ သန်း အကုန်အကျခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ စက်ရုံကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ဖွင့်လှစ်ခဲ့ပြီး ၂၁ တန် ကုန်တင်ယာဉ်အမျိုးမျိုး (Cargo Truck)၊ မြေသယ်ယာဉ်နှင့် ဆီသယ်ယာဉ်အမျိုးမျိုး (Water Bowser & Oil Tanker) အမျိုးမျိုး၊ မီးသတ်ယာဉ် (Fire Fighting Vehicle) များကို တစ်နှစ်လျှင် စီးရေ ၁၀၀၀ခန့် တပ်ဆင်ထုတ်လုပ်နိုင်ကြောင်း သိရသည်။ တပ်ဆင်ထုတ်လုပ်ပြီးသော ယာဉ်များ၏ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မှုနှင့် အရည်အသွေးစစ်ဆေးရန် ဂျာမနီနိုင်ငံမှ ထုတ်လုပ်သည့် Roller & Brake Testing စက်များတပ်ဆင်ထားသည်။ ထို့အပြင် မောင်းနှင်စမ်းသပ်မှု ပြုလုပ်ရန် လမ်းလုပ်ထားပြီး ယာဉ်များထားရှိရန် ကျယ်ဝန်းသော ဧရိယာများရှိသည်။

ယင်းစက်ရုံအား ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ Gear Box အမျိုးမျိုးကို တစ်နှစ်စာလုံး ၅၀၀ ထုတ်လုပ်နိုင်ပြီး ဂီယာနှင့် ပင်နီယံများကို သီးခြားစီထုတ်လုပ်နိုင်သည်ဟု သိရသည်။ ထို့ပြင် မော်တော်ယာဉ် ဘီးဝင်ရိုးအတွင်း၌ စံပယ်ဖူး (Drive Pinion)၊ လင်ပန်း(Ring Gear)၊ ချိန်ညှိပင်နီယံ(Differential Pinion) နှင့် ဘေးညှပ် ဂီယာ(Side Gear) များကို ထုတ်လုပ်နိုင်မည့် အဆင့်မြင့်နည်းပညာသုံး ဂျာမနီစက်ကြီးများ၊ တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် စက်ကြီးများကိုလည်း တိုးချဲ့တပ်ဆင်တည်ဆောက်လျက်ရှိသည်။

ကီလိုဂရမ် ၄၀၀ ကျော် သံဖိနပ်စီးပြီး ဂရင်းနစ်စံချိန်တင်ရန် ကြိုးစားနေသည့် တရုတ်အမျိုးသား

အလွန်လေးလံလှသည့် ဖိနပ်စီးရခြင်းသည် မသက်မသာရှိလှသော်လည်း ကျန်ဖူရှင်းအတွက်မူ ပြဿနာမရှိပေ။ အသက်(၅၁)နှစ်ရှိ တရုတ်နိုင်ငံသား ကျန်ဖူရှင်းသည် အလေးချိန် ၄၀၅ ကီလိုဂရမ်ရှိသည့် သံဖိနပ်ကိုစီး၍ နံနက်တိုင်း လမ်းလျှောက် ထွက်လေ့ရှိသူဖြစ်သည်။

ကျန်ဖူရှင်းသည် ယင်းကဲ့သို့ အလွန်လေးလံလှသည့် သံဖိနပ်ကိုစီး၍ နံနက်တိုင်း

လမ်းလျှောက်လေ့ကျင့်ခန်းလုပ်လာသည်မှာ ခုနစ်နှစ်ကျော်ရှိလာပြီဖြစ်သည်။ စက်ရုံအလုပ်သမားတစ်ဦးဖြစ်သည့် ကျန်သည် အရှည် ၃၀ စင်တီမီတာ၊ အကျယ် ၂၀ စင်တီမီတာရှိသည့် သံဖိနပ်ကို ကိုယ်တိုင်သံဂဟေဆော်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပထမတွင် ဖိနပ်၏ အလေးချိန်မှာ ၇၀ ကီလိုဂရမ်သာရှိခဲ့ပြီး သူ၏ ကိုယ်ခန္ဓာကြံ့ခိုင်သန်မာလာသည်နှင့်အမျှ အလေးချိန်များကို ထပ်တိုးလာခဲ့ရာ ယခုအခါ အမြင့် ၄၀ စင်တီမီတာနှင့် အလေးချိန် ၄၀၅ ကီလိုဂရမ်အထိရှိလာပြီးဖြစ်သည်။ အဆိုပါ အလေးချိန်မှာ သူ၏ခန္ဓာကိုယ်အလေးချိန် ခုနစ်ဆနှင့်ညီမျှသည်။ ယင်းကဲ့သို့ အလေးချိန်မျိုးကို လူတစ်ယောက်အနေဖြင့် မိမိခြေထောက်ဖြင့် သယ်မရန်မဖြစ်နိုင်ပေ။ သို့သော် ကျန်သည် ယင်းကဲ့သို့ မိမိခန္ဓာကိုယ်အလေးချိန် ခုနစ်ဆနှင့် ညီမျှသော သံဖိနပ်ကိုစီး၍ နံနက်တိုင်း မိနစ် ၂၀ ခန့် လမ်းလျှောက်နိုင်သူဖြစ်သည်။ ကျန်က သူ၏ ဖိနပ်နှင့် ပတ်သက်ပြီး “ ဒီဖိနပ်တွေက အတော်လေးတယ်ဗျ။ အခိုးခံရမှာတော့ ကြောက်စရာမလိုဘူး” ဟု ပြောကြားသည်။

ကျန်သည် သူ၏ဖိနပ်အလေးချိန်ကို လာမည့်နှစ်အစောပိုင်းတွင် ထပ်တိုးရန် စီစဉ်ထားပြီး ယင်းကဲ့သို့ ကြိုးစားအားထုတ်နေခြင်းမှာ ကမ္ဘာ့ဂရင်းနစ်မှတ်တမ်းစာအုပ်တွင် စံချိန်တင်မှတ်တမ်းရေးထိုးနိုင်ရန်ဖြစ်သည်ဟု ဆင်ဟွာသတင်းဌာနသို့ပြောကြားသည်။

(အောဝမ်းစိုး)

အင်ဒိုနီးရှားစစ်ဘက် ရဟတ်ယာဉ်ပျက်ကျ၊ ၁၃ ဦးသေဆုံး

ဂျကာတာ နိုဝင်ဘာ ၉

လူ ၁၉ ဦးလိုက်ပါလာသည့် အင်ဒိုနီးရှားစစ်ဘက်ရဟတ်ယာဉ်တစ်စင်းသည် မလေးရှားနိုင်ငံနယ်စပ်တွင် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ပျက်ကျသွားခဲ့ရာ အရပ်သားကိုးဦးနှင့် စစ်သားလေးဦးသေဆုံးသွားခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းဌာန အန်တာရာက ထုတ်ပြန်ကြေညာသည်။

အမ်အိုင်-၁၇ စစ်ဘက်ရဟတ်ယာဉ်သည် မြောက်ခါလီမန်တန်ပြည်နယ် တာရာခန်မြို့မှ ပျံတက်ပြီး မလေးရှားနိုင်ငံနယ်စပ်သို့ ပျံသန်းစဉ် လေထဲတွင် နှစ်နာရီခန့်ကြာပြီးနောက် ဆင်းသက်ရန် မိနစ်အနည်းငယ်အလိုတွင် မာလီနာရူဒေသရှိ တောထဲသို့ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း မြောက်ခါလီမန်တန်ပြည်နယ်မှ ဒုတိယဗိုလ်မှူးကြီး ရာမင်ဒါနို၏ ပြောကြားချက်ကို ကိုးကား၍ အန်တာရာသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

“ဒီရဟတ်ယာဉ်က ထောက်ပံ့ရေးပစ္စည်းတွေနဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ သယ်ဆောင်ပြီး တာရာခန်မြို့က ထွက်ခွာလာတာဖြစ်ပါတယ်။ အဲဒီပစ္စည်းတွေကလည်း မာလီနာရူမှာ နယ်စပ်စာတိုက်တည်ဆောက်ဖို့ဖြစ်ပါတယ်။ ရဟတ်ယာဉ်ပေါ်မှာ အရပ်သား ၁၃ ဦးနဲ့ စစ်သားခြောက်ဦး လိုက်ပါသွားပါတယ်” ဟု ရာမင်ဒါနို ကပြောကြားသည်။

စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက အဆိုပါရဟတ်ယာဉ်သည် ထောက်ပံ့ရေးပစ္စည်း ကီလိုဂရမ် ၁၈၀၀ ကို သယ်ဆောင်လာပြီး အင်ဂျင်ချွတ်ယွင်းသွားဖွယ်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။ **ကျိုဒိုနယူးစ်။**

ဓာတ်အားခနှုန်းထားများ တိုးမြှင့်ခြင်းမပြုလိုပါ၊ သို့သော် ...

အောင်ခိုင်(လျှပ်စစ်)

ဓာတ်အားခတိုးမြှင့်ရခြင်း၏ အခြေခံအကြောင်းရင်းများ

ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူအားလုံး၏ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရရှိသေးသည်။ ကျန် ၇၀ ရာခိုင်နှုန်းသောပြည်သူများအတွက် ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိသည့် မြို့ပေါင်း ၃၃၆ မြို့အနက် ၂၂၄ မြို့သာ လျှပ်စစ်မီးရရှိပြီး ၁၇၂ မြို့ ကျန်ရှိဆဲဖြစ်၍ ရွာပေါင်း ၆၄၃၄၆ ရွာအနက် ၂၁၆၇၅ ရွာသာ လျှပ်စစ်မီးရရှိပြီး ၄၂၆၇၁ ရွာ ကျန်ရှိဆဲဖြစ်သည်။

လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးရန် ကျန်ရှိဆဲမြို့ရွာများအတွက် ဓာတ်အားပေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းများနှင့် ပင်မခွဲရုံများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ပေးရန်ရှိပါသည်။ တည်ဆောက်စရိတ်အနေဖြင့် တစ်မဂ္ဂါဝပ်ဓာတ်အားထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ တစ်သန်း၊ တစ်မဂ္ဂါဝပ်ဓာတ်အားပမာဏ သယ်ပို့ဖြန့်ဖြူးရန် အမေရိကန်ဒေါ်လာ တစ်သန်းသုံးစွဲရန်လိုအပ်ပါသည်။

၎င်းတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများစွာ လိုအပ်ပါသည်။

လက်ရှိတည်ဆောက်ထားရှိသောဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများသည် သက်တမ်းကြာမြင့်ပြီးဖြစ်၍ ကောင်းမွန်စွာလည်ပတ်မောင်းနှင်ဓာတ်အားပေးနိုင်ရေးအတွက် စက်ပစ္စည်းများအစားထိုးတပ်ဆင်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို လိုအပ်သလိုဆောင်ရွက်ပေးရန်ရှိပါသည်။

၎င်းထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများစွာလိုအပ်ပါသည်။

လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် တစ်နှစ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိရာ လက်ရှိဓာတ်အားသယ်ပို့ ဖြန့်ဖြူးရေးစနစ်များကို တိုးချဲ့တည်ဆောက်ပေးရန်လိုအပ်ပါသည်။

ယင်းတိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးအရင်းအနှီးများစွာလိုအပ်ပါသည်။

၎င်းအရင်းအနှီးမြှုပ်နှံမှုအားလုံး လက်ရှိအခြေအနေတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှသာ ကျခံသုံးစွဲရန်ရှိပါသည်။

လက်ရှိလျှပ်စစ်ဓာတ်အားကဏ္ဍ၏ ဘဏ္ဍာရေးအခြေအနေ

မြန်မာနိုင်ငံ၏လက်ရှိလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍတွင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများပါဝင်ပါသည်။

ထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် ကျောက်မီးသွေးဖြင့်ဓာတ်အားထုတ်လုပ်ပါက တစ်ယူနစ်လျှင် ၁၀၀ ကျပ်၊ သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားထုတ်လုပ်ပါက တစ်ယူနစ်လျှင် ၁၃၀ ကျပ်၊ ရေအားလျှပ်စစ်ဖြင့်ဓာတ်အားထုတ်လုပ်ပါက တစ်ယူနစ်လျှင် ၅၀ ကျပ်မှ ၇၀ အထိကျသင့်ပြီး ပျမ်းမျှထုတ်လုပ်မှုကုန်ကျစရိတ် ၇၈ ကျပ်ဖြစ်ပါသည်။ သယ်ပို့ ဖြန့်ဖြူးရေးစရိတ်များပါဝင်ခြင်းမရှိသေးပါ။

လက်ရှိဓာတ်အားခနှုန်းထားဖြစ်သော အိမ်သုံးအတွက်တစ်ယူနစ် ၃၅ ကျပ်နှုန်း၊ စက်ရုံနှင့် စီးပွားရေးလုပ်ငန်းအတွက် တစ်ယူနစ် ၇၅ ကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိရာ ပျမ်းမျှရောင်းဈေး ၅၆ ကျပ်သာရရှိ၍ တစ်ယူနစ်ထုတ်လုပ်ရောင်းချတိုင်း ၂၂ ကျပ်အရှုံးပေါ်လျက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တစ်နှစ်လျှင် ၁၈၅ ဘီလီယံကျပ် အရှုံးခံစိုက်ထုတ်ဓာတ်အားပေးလျက်ရှိပါသည်။

၎င်းစိုက်ထုတ်အရှုံးခံရမှုအားလုံးကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှသာ ကျခံသုံးစွဲလျက်ရှိပါသည်။

နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေသုံးစွဲရာတွင် လျှပ်စစ်ဓာတ်အားကဏ္ဍသာမက ပြည်သူများအတွက်အရေးကြီးသော ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်လည်း ပိုမိုခွဲဝေသုံးစွဲရမည့်ဖြစ်ရာ လျှပ်စစ်ကဏ္ဍအတွက် ငွေကြေးပမာဏများစွာသုံးစွဲရန် အခက်အခဲရှိလာပါသည်။

ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးလျက်ရှိရာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် နိုင်ငံတော်ဘဏ္ဍာကို လျှော့ချသုံးစွဲနိုင်ရန် နိုင်ငံတော်ပိုင်ဓာတ်အားထုတ်လုပ်၊ သယ်ပို့၊ ဖြန့်ဖြူးမှုသာမက ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ ပါဝင်ဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများအပေါ် စီးပွားရေးတွက်ခြေကိုက်မည့်အနေအထားရရှိရေးကို တွက်ချက်ဆောင်ရွက်သည်ဖြစ်ရာ ဓာတ်အားထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် လက်ရှိနိုင်ငံတော်ပိုင်စက်ရုံများမှ ထုတ်လုပ်မှုကုန်ကျစရိတ်ထက် ပိုမိုမြင့်မားလာမည်မှာ ဧကန်မလွဲဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အဆိုပါပြည်တွင်းပြည်ပ ပုဂ္ဂလိကဓာတ်အားထုတ်လုပ်သူများထံမှ ဓာတ်အားဝယ်ယူ၍ ပြည်သူများသို့ ဖြန့်ဖြူးပေးရာတွင် ဓာတ်အားဝယ်ယူမှုကုန်ကျစရိတ်များ တိုးတက်လာရန်ရှိပါသည်။

ယင်းကုန်ကျစရိတ်ကိုလည်း လက်ရှိအခြေအနေတွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှပင် ကျခံရန်ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားကဏ္ဍ၏ ဘဏ္ဍာရေးအခြေအနေတိုးတက်ကောင်းမွန်ရေး

၎င်းအပြင် မြန်မာနိုင်ငံ၏လျှပ်စစ်စွမ်းအားကဏ္ဍသည် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ရာ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ဘဏ် (World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)စသည့် အဖွဲ့အစည်းများမှ ဘဏ္ဍာရေးဆိုင်ရာရှင်သန်နိုင်မှု (Financial Sustainablity)ရှိစေရေးအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကာမိစေသော ဓာတ်အားခနှုန်းထား (Utility Based Toriff)သတ်မှတ်သင့်ကြောင်း တိုက်တွန်းခဲ့ပါသည်။

ဖော်ပြပါ နိုင်ငံတော်မှ ကျခံစိုက်ထုတ်နေရသော၊ နောင်တွင်ပိုမိုစိုက်ထုတ်ရဖွယ်ရှိသော ဓာတ်အားထုတ်လုပ်မှုနှင့် ဓာတ်အားဝယ်ယူမှုကုန်ကျစရိတ်များအား တတ်နိုင်သမျှကာမိစေရန်အတွက် သင့်တင့်လျောက်ပတ်သော ဓာတ်အားခနှုန်းထားပြင်ဆင်သတ်မှတ်မှုကို အကြိမ်ကြိမ်ညှိနှိုင်းပြီး ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

ဓာတ်အားခနှုန်းထားပြင်ဆင်သတ်မှတ်ရန်နှင့် စပ်လျဉ်း၍အခြေခံစဉ်းစားခဲ့သည့်အချက်များ

လက်ရှိမြန်မာနိုင်ငံပြည်သူများ၏ ဓာတ်အားသုံးစွဲမှု

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဓာတ်အားသုံးစွဲသူဦးရေ စုစုပေါင်း ၂၆၇၂၅၇၂ ဦး ရှိသည့်အနက် အများပြည်သူအိမ်သုံး ၂၆၁၇၁၀၂ ဦး၊ ၉၇ ဒသမ ၉၂ ရာခိုင်နှုန်းရှိပြီး စီးပွားရေးစက်မှုသုံး ၅၅၄၇၀၊ ၂ ဒသမ ၀၈ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

အများပြည်သူအိမ်သုံးဦးရေ ၂၆၁၇၁၀၂ ဦးအနက် တစ်လလျှင် ယူနစ် ၁၀၀ အောက် အသုံးပြုသူဦးရေ ၁၅၄၁၃၀၂ ဦး (၅၈ ဒသမ ၈၉ ရာခိုင်နှုန်း)ရှိရာ အများစုဖြစ်ကြောင်း တွေ့ရှိရပါသည်။ စီးပွားရေး၊ စက်မှုသုံး ၅၅၄၇၀ ဦးအနက် တစ်လလျှင် ယူနစ် ၅၀၀၀ အောက် အသုံးပြုသူဦးရေ ၄၅၈၅၉ ဦး (၈၂ ဒသမ ၆ ရာခိုင်နှုန်း)ရှိရာ အများစုဖြစ်ကြောင်း တွေ့ရှိရပါသည်။

အခြေခံလူတန်းစားပြည်သူများအတွက် ထည့်သွင်းစဉ်းစားခြင်း

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူအိမ်သုံးတစ်လလျှင် ယူနစ် ၁၀၀ အောက် အသုံးပြုသူ ၅၈ဒသမ၈၉ ရာခိုင်နှုန်းအား အခြေခံလူတန်းစားအဖြစ်လည်းကောင်း စီးပွားရေး၊ စက်မှုသုံးတစ်လလျှင် ယူနစ် ၅၀၀၀ အောက်အသုံးပြုသူ ၈၂ ဒသမ ၆ ရာခိုင်နှုန်းအား အသေးစားနှင့် အလတ်စားစက်မှု၊ စီးပွားရေးလုပ်ငန်းများအဖြစ် သတ်မှတ်၍ ဓာတ်အားခနှုန်းထားပြင်ဆင်ရာတွင် စဉ်းစားဆောင်ရွက်ခဲ့ပါသည်။

အိမ်သုံးလျှပ်စစ်ဓာတ်အားခနှုန်းထားအနေဖြင့် ယခင်တစ်ယူနစ် ၃၅ ကျပ်နှုန်း ကောက်ခံရာမှ အခြေခံလူတန်းစားတို့အတွက် ယူနစ် ၁၀၀ အထိ ယခင်နှုန်းအတိုင်း တစ်ယူနစ် ၃၅ ကျပ်နှုန်းသာ ဆက်လက်ကောက်ခံရန်နှင့် ယူနစ် ၁၀၀ ထက် ပိုသုံးသောယူနစ်များအား တစ်ယူနစ် ၅၀ ကျပ်နှုန်းဖြင့် ပြင်ဆင်သတ်မှတ်ပါသည်။ အသေးစားနှင့် အလတ်စားစက်မှု၊ စီးပွားရေးလုပ်ငန်းငယ်များအတွက် တစ်လလျှင် ယူနစ် ၅၀၀၀ အထိ ယခင်နှုန်းထား တစ်ယူနစ် ၇၅ ကျပ်အစား တစ်ယူနစ် ၁၀၀ ဖြင့် ပြင်ဆင်ကောက်ခံပါသည်။ တစ်လယူနစ် ၅၀၀၀ ထက် ပိုမိုအသုံးပြုသည့် ဓာတ်အားယူနစ်များအတွက်မူ တစ်ယူနစ်လျှင် ၁၅၀ ကျပ်ပြင်ဆင်ကောက်ခံပါသည်။ တစ်လလျှင် ယူနစ် ၅၀၀၀ ထက်ပို၍ အသုံးပြုသော စက်မှု၊ စီးပွားရေးလုပ်ငန်းဦးရေမှာ တစ်နိုင်ငံလုံးတွင် ၉၆၁၁ ဦးသာရှိ၍ စုစုပေါင်းဓာတ်အားသုံးစွဲသူဦးရေ၏ သုည ဒသမ ၃၅၉ ရာခိုင်နှုန်းသာရှိကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ဓာတ်အား တစ်ယူနစ်ဆိုသည်မှာ ၁၀၀၀ ဝပ်အင်အားရှိ လျှပ်စစ်ပစ္စည်းအား တစ်နာရီသုံးစွဲနိုင်သည့် ပမာဏဖြစ်ပါသည်။ အခြေခံလူတန်းစားအတွက် တစ်လ ယူနစ် ၁၀၀ သတ်မှတ်ရာ တစ်ရက်လျှင် ၃ ဒသမ ၃ ယူနစ်ဖြစ်၍ ၃၃၀၀ ဝပ်အင်အားကို တစ်နာရီသုံးနိုင်ပါမည်။ လေးပေမီးချောင်း လေးချောင်း၊ တီဗွီတစ်လုံး၊ ပန်ကာ နှစ်လုံးကို ခြောက်နာရီကြာသုံးနိုင်ပါမည်။

အသေးစားနှင့်အလတ်စား စက်မှု၊ စီးပွားရေးလုပ်ငန်းများအတွက် တစ်လလျှင် ယူနစ် ၅၀၀၀ သတ်မှတ်ရာ ၂၀ ကီလိုဝပ် သို့မဟုတ် မြင်းကောင်ရေ ၂၇ ကောင် ဓာတ်အားပမာဏအား နေ့စဉ် ရှစ်နာရီအသုံးပြုနိုင်သည့် အခြေအနေဖြစ်ပါသည်။

နိုင်ငံတကာဓာတ်အားခနှုန်းထားများနှင့် နှိုင်းယှဉ်ခြင်း

အာဆီယံနိုင်ငံများဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် တစ်ယူနစ် ၂၇၂ ဒသမ ၄၄ကျပ်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် တစ်ယူနစ် ၂၃၅ဒသမ၂ ကျပ်နှုန်း၊ စင်ကာပူနိုင်ငံတွင် တစ်ယူနစ် ၁၆၉ ကျပ်နှုန်းကောက်ခံလျက်ရှိရာ အကြီးစားစက်မှု၊ စီးပွားရေးလုပ်ငန်းကြီးများအတွက် တစ်လလျှင် ၅၀၀၀ ယူနစ်ထက် ပိုမိုအသုံးပြုသော ယူနစ်များအတွက် တစ်ယူနစ်လျှင် ၁၅၀ ကျပ် ကောက်ခံသည်မှာ အဆိုပါနိုင်ငံများနှင့် နှိုင်းယှဉ်ပါက များသည်ဟုမဆိုနိုင်ကြောင်း တွေ့ရှိရပါသည်။

ဓာတ်အားခနှုန်းထားများတွင် ပုံသေကြေး (Fixed Charge)အဖြစ်ပါဝင်ကောက်ခံမှုနှင့် စပ်လျဉ်း၍ ဝန်ဆောင်စရိတ်အဖြစ် ယခင်က မီတာတစ်လုံးလျှင် ကျပ် ၁၀၀၀ ကောက်ခံခဲ့သော်လည်း အများပြည်သူ သက်သာချောင်ချိရေးအတွက် ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစ၍ ကျပ် ၅၀၀ သို့ လျှော့ချကောက်ခံခဲ့ပါသည်။

အခြားနိုင်ငံများ၏ ဓာတ်အားခနှုန်းထားများတွင် ဓာတ်အားသုံးစွဲမှုအပေါ် ကောက်ခံသည့် တစ်ယူနစ်နှုန်းထား (Capacity Charges) အပြင် ပုံသေကြေး (Fixed Charges) များ မြင့်မားစွာ ကောက်ခံလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အင်္ဂလန်နိုင်ငံ Power Center ကုမ္ပဏီသည် ၅ ဒသမ ၈၈ ပေါင်၊ (၈၅၅၅ ကျပ်)၊ အိန္ဒိယနိုင်ငံတွင် ရူပီး ၄၃၇ (၇၀၉၆ကျပ်)၊ ထိုင်ဝမ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂ဒသမ၄၁(၂၃၆၁ ကျပ်)၊ ဗီယက်နမ်နိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၄ဒသမ၀၉(၁၃၈၀၈ကျပ်)၊ စင်ကာပူနိုင်ငံတွင် စင်ကာပူဒေါ်လာ ၅ဒသမ၆(၄၂၆၈ကျပ်)နှင့် အမေရိကန်နိုင်ငံ Southern Mary and Electric Cooperative သည် အမေရိကန်ဆင့် ၁၀ ဒသမ ၆၄၇(၁၀၄ကျပ်) ထည့်သွင်းကောက်ခံကြောင်း တွေ့ရှိရပါသည်။

နိုင်ငံတော်က စိုက်ထုတ်ကုန်ကျခံသော လျှပ်စစ်ဓာတ်အားကဏ္ဍသည် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည့်မီစွာ ဆောင်ရွက်နိုင်စွမ်းမရှိပါ၍ ထုတ်လုပ်မှုကုန်ကျစရိတ်ကို တတ်နိုင်သမျှကာမိစေရန်၊ ဖွံ့ဖြိုးတိုးတက်ရေးကို အတိုင်းအတာတစ်ရပ်အထိ ဆောင်ရွက်နိုင်ရန် ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ရခြင်းဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆောင်ရွက်နေသည့်အတိုင်း အခြေခံလူတန်းစားများအတွက် သက်သာချောင်ချိမှု ရရှိစေနိုင်သော အလွှာလိုက်ဓာတ်အားခကောက်ခံမှုစနစ်ဆောင်ရွက်ခြင်းဖြစ်သည်။

ယခုကဲ့သို့ လျှပ်စစ်ဓာတ်အား များများသုံးစွဲသူများထံမှ ပိုမိုကောက်ခံရရှိသော ဝင်ငွေဖြင့် ယနေ့အချိန်တွင် ဒေသမီးလင်းရေး အစီအစဉ်အရ တစ်ယူနစ် ကျပ် ၄၀၀ကျော် ပေးချေ သုံးစွဲနေရသည့် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ မြို့များကို နိုင်ငံတော်မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်မီးပေးနိုင်ရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထုတ်လုပ်မှုကုန်ကျစရိတ်ကို ကာမိသော ဓာတ်အားခနှုန်းထားရှိမှသာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများရှိလာမည်ဖြစ်သည်။

ဓာတ်အားသုံးစွဲမှုကို လိုအပ်သလောက်သာသုံး၍ အပိုဖြုန်းတီးမှုမရှိ ချွေတာသုံးစွဲပါက ဓာတ်အားကျသင့်ငွေ သက်သာမည့်အပြင် တစ်ဦးချင်းချွေတာမှုများ စုပေါင်းခြင်းဖြင့် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးရမှု အတိုင်းအတာတစ်ရပ်အထိ လျော့နည်းသက်သာလာမည်ဖြစ်ပါသည်။ ။

> ✻ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆောင်ရွက်နေသည့်အတိုင်း အခြေခံလူတန်းစားများအတွက် သက်သာချောင်ချိမှုရရှိစေနိုင်သော အလွှာလိုက်ဓာတ်အားခကောက်ခံမှုစနစ်ဆောင်ရွက်ခြင်းဖြစ်သည်။
>
> ✻ ယခုကဲ့သို့ လျှပ်စစ်ဓာတ်အား များများသုံးစွဲသူများထံမှ ပိုမိုကောက်ခံရရှိသောဝင်ငွေဖြင့် ယနေ့အချိန်တွင် ဒေသမီးလင်းရေးအစီအစဉ်အရ တစ်ယူနစ် ကျပ် ၄၀၀ကျော် ပေးချေသုံးစွဲနေရသည့် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ မြို့များကို နိုင်ငံတော်မဟာဓာတ်အားလိုင်းမှတစ်ဆင့် လျှပ်စစ်မီးပေးနိုင်ရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်က လူမှုအသိုက်အဝန်း ၃၉၀၀၀ ကျော်နှင့် အိမ်ထောင်စု ၂၆၅၀၀၀ ကျော်အား Digital -T2 Set-Top- Box အလုံး ၃၀၄၀၀၀ ကျော် အခမဲ့ ပံ့ပိုးဖြန့်ဝေပေးသွားမည်

နေပြည်တော် နိုဝင်ဘာ ၉

နည်းပညာသစ်ဖြင့် စတင်ထုတ်လွှင့်မည့်ဒေသများရွေးချယ်ရင်း အဆင့်အလိုက်၊ ဘဏ္ဍာရေးနှစ်အလိုက် Analogue မှ Digital စနစ်သို့ စတင်ပြောင်းလဲခြင်းတို့ကို အဆင့်ငါးဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်တွင် နေပြည်တော်ပျဉ်းမနား၊ ရန်ကုန်၊ မန္တလေးစစ်ကိုင်း စက်ရုံသုံးရုံကို SEA Games အမီ Digital နည်းစနစ်ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ ပထမနှင့် ဒုတိယအဆင့်တွင် ပါဝင်သည့် လွှင့်အားကြီးမားသော စက်ရုံ ၂၅ ရုံ၏ လွှင့်အားလွှမ်းခြုံနိုင်မှု ဧရိယာသည် နိုင်ငံလူဦးရေ၏ ၆၅ ရာခိုင်နှုန်း ရှိမည်ဖြစ်ကြောင်းဖြင့် ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Analogue မှ Digital သို့ ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့် SEA Games အတွက် ဆောင်ရွက်ထားရှိမှုများ အသိပေးရှင်းလင်းပွဲတွင် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက သတင်းစာရှင်းလင်းပွဲ ဆောင်ရွက်မှုအခြေအနေကို ပဏာမ ရှင်းလင်းပြောကြားသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် အောက်တိုဘာ ၁၅ ရက်မှ စ၍ DVB - T2 Digital နည်းစနစ်သုံးသည့် လှိုင်းနှုန်းတစ်ခု၊ လွှင့်စက်တစ်ခုတည်းဖြင့် MRTV, MITV, Farmer Channel, Hluttaw Channel, National Races Channel တို့ကို တစ်ပြိုင်တည်း ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် Digital - T2 Set - Top - Box သို့မဟုတ် Digital T2 Tuner ပါရှိသော ရုပ်သံဖမ်းစက်များကို အသုံးပြုပါက အဆိုပါ ရုပ်သံလိုင်းငါးခုကို အခမဲ့ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း။

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အဆိုပါ ရုပ်သံလိုင်းများအပြင် အားကစားပွဲများကို တိုက်ရိုက် သို့မဟုတ် တည်းဖြတ်ထုတ်လွှင့်ပေးမည့် ရုပ်သံလိုင်းသုံးလိုင်းကို အခမဲ့ထပ်မံကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ထုတ်လွှင့်သည့်လွှင့်အား တူညီသည့်တိုင်အောင် Digital စနစ်ဖြင့် ထုတ်လွှင့်သည့် ရုပ်သံသည် Analogue ဖြင့် ထုတ်လွှင့်သည့် ရုပ်သံထက် အဝေးသို့ ပိုမိုရောက်ရှိ ပျံ့နှံ့နိုင်သည့် အကျိုးကျေးဇူးလည်းရရှိနိုင်ကြောင်း။

ယင်းကဲ့သို့ အရုပ်၊ အသံ အရည်အသွေး ပိုမိုကောင်းမွန်သည့် ရုပ်သံ

ရွှေ့ဆောင်ဂျာနယ်မှ အကြီးတန်းသတင်းထောက် ဦးခိုင်မင်း မေးမြန်းစဉ်။

မဇ္ဈိမဂျာနယ်မှ သတင်းထောက် ဦးအောင်သူရထွန်း မေးမြန်းစဉ်။

The Voice ဂျာနယ်မှ သတင်းထောက် ဦးအောင်ထက် မေးမြန်းစဉ်။

ရန်ကုန်တိုင်းမ် သတင်းစာမှ သတင်းထောက် ဦးမောင်ပိုင် မေးမြန်းစဉ်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးဝင်းကြည်က Analogue မှ Digital သို့ ပြောင်းလဲမှုလုပ်ငန်းစဉ်များ၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးလှိုင်မိုးက SEA Games အတွက် ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့် မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Digital ရုပ်သံထုတ်လွှင့်မှုနောက်ဆုံးပေါ် နည်းပညာတစ်ခုဖြစ်သော DVB - T2 စနစ်ကို ပြောင်းလဲကျင့်သုံးရန်နှင့် ပြည်သူများအား အခမဲ့ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

DVB - T2 စနစ် ရုပ်သံထုတ်လွှင့်ပေးခြင်းဖြင့် အကျိုးကျေးဇူးကောင်းများစွာ ရရှိနိုင်ကြောင်း၊ ပရိသတ်များအနေဖြင့် အရည်အသွေးကောင်းမွန်မြင့်မားသော ပြည်တွင်း/ ဒေသတွင်းနှင့် ပြည်ပရုပ်သံအစီအစဉ်များကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ရုပ်သံထုတ်လွှင့်လုပ်ငန်းတွင် ခေတ်နောက်ကျကျန်မနေဘဲ နိုင်ငံတကာ ရုပ်သံလွှင့်လုပ်ငန်းများနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြားထုတ်လွှင့်ရာတွင် ရုပ်သံလိုင်းတစ်လိုင်းအတွက် လွှင့်စက်တစ်ခု၊ သတ်မှတ်လှိုင်းနှုန်းတစ်ခုလိုအပ်ကြောင်း၊ ယခု DVB - T2 Digital နည်းစနစ်ဖြင့် ထုတ်လွှင့်ပါက အနည်းဆုံး ၁၅ လိုင်းမှ ၁၆ လိုင်းအထိ 8 MHz Bandwidth လှိုင်းနှုန်းတစ်ခုနှင့် လွှင့်စက်တစ်ခုတည်းမှ ထုတ်လွှင့်နိုင်မည်ဖြစ်ကြောင်း။

အစီအစဉ်များသည် ပိုမိုဝေးလံသောဒေသများသို့ ရောက်ရှိသွားနိုင်ပြီး အခမဲ့ဖမ်းယူကြည့်ရှုနိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများသည် မြို့ကြီးများတွင်နေထိုင်ကြသူများနည်းတူ သတင်းအချက်အလက်များကို တန်းတူရရှိနိုင်ခြင်း၊ နည်းပညာများကို သိရှိနားလည်နိုင်ခြင်း၊ ယင်းအသိများကို ကျေးလက်နေပြည်သူများသည် ယင်းတို့၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် လက်တွေ့ပွားများ အသုံးချနိုင်ခြင်း စသည့် အခွင့်အရေးကောင်းများကို လက်ဝယ်ပိုင်ပိုင် ရရှိလိုက်နိုင်သော အကျိုးကျေးဇူးကောင်းဖြစ်သည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ကြောင်း။

ဥပမာအားဖြင့် DVB- T2 Set - Top- Box ဖြင့် ဖမ်းယူကြည့်ရှုနိုင်မည့် ရုပ်သံလိုင်းတစ်ခုဖြစ်သော တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းသည် တိုင်းရင်းသားလူမျိုးစု၊ ယဉ်ကျေးမှုနှင့် ဘာသာစကား ကွဲပြားမှု၊ နေရာဒေသဝေးလံခေါင်ဖျားမှုနှင့် လူတစ်ဦးစီ၏ လိုအပ်မှုတို့ကို ထည့်သွင်းစဉ်းစားကာ တိုင်းရင်းသားဘာသာစကား ၁၁ မျိုးဖြင့် တိုင်းရင်းသား သွေးချင်းများအား အများပြည်သူဝန်ဆောင်မှုပေးနေခြင်းကြောင့် ကျေးလက်နေတိုင်းရင်းသားများအနေဖြင့် နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို မြို့နေသူများနည်းတူ သိရှိနိုင်ပြီဖြစ်ကြောင်း၊ တိုင်းရင်းသားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းပေးရန် လိုအပ်သည့် ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး အစရှိသည့် အသိပညာပေးအစီအစဉ်များကိုလည်း သက်ဆိုင်ရာ တိုင်းရင်းသားဝန်ထမ်းများကပင် စီစဉ်ထုတ်လွှင့်ပေးနေခြင်းဖြစ်သဖြင့် တိုက်ရိုက်ထိရောက် အကျိုးရှိကြောင်း။

အလားတူ တောင်သူလယ်သမားရုပ်သံလိုင်းကလည်း မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေတောင်သူဦးကြီးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံပိုမိုကြီးပွားချမ်းသာတိုးတက်မည်ဟူသော အမြင်ဖြင့် တောင်သူအကျိုးပြု ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ထွက်ကုန်နှင့် ဈေးကွက် စသည့် ပညာပေးအစီအစဉ်များကို ထုတ်လွှင့်ပေးလျက်ရှိရာ တောင်သူလယ်သမားများအနေဖြင့်လည်း သတင်းအချက်အလက်များသာမက အထွက်တိုး၊ ဝင်ငွေတိုးစေမည့် လယ်ယာ၊ သားငါးမွေးမြူထုတ်လုပ် နည်းပညာများကို သိရှိနိုင်ခြင်း၊ ယင်းတို့ကို လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးချနိုင်ခြင်းဖြင့် လုပ်ငန်းများ အောင်မြင်သည့်အပြင် စီးပွားရေး၊ လူမှုရေးများနှင့် အသိအမြင်များ တစ်စတစ်စ ပိုမိုတိုးတက်လာကာ လူနေမှုဘဝ မြင့်မားတိုးတက်လာသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း။

ယင်းကဲ့သို့ တိုင်းရင်းသားလူမျိုးများ၊ ကျေးလက်နေပြည်သူများအနေဖြင့် သတင်းအချက်အလက်နှင့် အသိပညာများကို လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာ အသုံးချနိုင်ခြင်းဖြင့် ကျေးလက်ဒေသများ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆင်းရဲမှုကိုလည်း တဖြည်းဖြည်းလျှော့ချနိုင်မည်ဖြစ်ကြောင်း။

အထူးသဖြင့် နိုင်ငံသားများ၊ တိုင်းရင်းသားများ၊ ကျေးလက်ဒေသနေပြည်သူများအတွက် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များသည် လွှတ်တော်များအတွင်း ပြည်သူ့အသံများကို ထင်ဟပ်ကာ ကြိုးပမ်းဆောင်ရွက်နေမှုများကို ထုတ်လွှင့်ပေးနေသည့် လွှတ်တော်ရုပ်သံလိုင်းမှ အစီအစဉ်များသည်လည်း နိုင်ငံတော်အစိုးရက ဦးစားပေးဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များကို ထင်ဟပ်နေကြောင်း။

ယင်းရုပ်သံအစီအစဉ်သစ်များအပြင် မူလထုတ်လွှင့်လျက်ရှိသော ရုပ်သံလိုင်းများအပါအဝင် အခမဲ့ ရုပ်သံလိုင်း ၁၆ လိုင်းကို စုပေါင်းဖမ်းယူကြည့်ရှုနိုင်သည့် အခြေအနေကောင်းများကို ဆောင်ကြဉ်းပေးနိုင်မည့် DVB - T2 Set- Top- Box များသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးများကို များစွာအထောက်အကူပြုမည်မှာ ဧကန်ဖြစ်ကြောင်း၊ ယင်းကဲ့သို့ DVB - T2 Set- Top- Box များကို စတင်အသုံးချရာတွင် မလွဲမသွေ လိုအပ်သည့် အချက်တစ်ခုမှာ သုံးစွဲရမည့် စွမ်းအင်ဖြစ်ကြောင်း၊ ယင်းစွမ်းအင် လိုအပ်ချက်အတွက်လည်း ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းများ လွယ်ကူစွာဝယ်ယူရရှိနိုင်စေရန် နိုင်ငံတော်က ဆောင်ရွက်ပေးနေသည့်အတွက် အဆင်ပြေသည့်အပြင် ကျေးလက်မီးလင်းရေးလုပ်ငန်းနှင့် DVB - T2 Set- Top- Box စတင်သုံးစွဲရန် လုပ်ငန်းစတင်မှုတို့သည် လုပ်ငန်းများအချိတ်အဆက်မိစွာ ဆောင်ရွက်နိုင်ခြင်းဖြစ်သည်ကို ထင်ဟပ်ပြသလျက်ရှိကြောင်း။

ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး (Solar System)၊ အသေးစားရေအားလျှပ်စစ် (Mini- Hydro Power)၊ ဇီဝဒြပ်ထု (Bio- mass)များ ထုတ်လုပ်အသုံးချနိုင်မည့် Gasifier များအား ဒေသနှင့်ကိုက်ညီသော သင့်တော်မည့်နည်းလမ်းများ အသုံးချနိုင်စေရန် နိုင်ငံတော်က ဦးဆောင်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မီးလင်းရေးစနစ်အလိုက် ဆောင်ရွက်ပြီးဖြစ်သဖြင့် မီးရရှိနေသော ကျေးရွာပေါင်း ၂၁၆၇၅ ရွာ ရှိနေပြီဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ရောဝတီအသင်းကို ယူ – ၂၃ (ခ) အသင်းအနိုင်ယူ

သတင်း–ခိုင်းညီလေး
ဓာတ်ပုံ–ရှိုင်းထက်ဇော်

ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာယူ-၂၃ အသင်းကို အထောက်အကူပြုရန် ဖွဲ့စည်းထားသည့်မြန်မာယူ-၂၃(ခ) အသင်းနှင့် MNL ကလပ်ရောဝတီ ယူနိုက်တက်အသင်းတို့၏ ခြေစမ်းပွဲကို ယနေ့နံနက်ပိုင်းက သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ယူ-၂၃(ခ) အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယူ-၂၃(ခ) အသင်းမှာ ခြေစမ်းပွဲများတွင် ဆက်တိုက်ခြေစွမ်းပြနေပြီး မြဝတီအသင်းနှင့် ခြေစမ်းပွဲတွင် ဂိုးပြတ်အနိုင်ရထားသလို ယခုပွဲတွင်လည်း ထပ်မံအနိုင်ရခဲ့ခြင်းဖြစ်သည်။

ယူ-၂၃ (ခ) အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းတွင် အောင်မြင့်ထွန်းက သွင်းယူပေးခဲ့သည်။ နှစ်သင်းစလုံးတွင် အမာခံကစားသမားများကို အသုံးပြုခဲ့ပြီး ရောဝတီအသင်းမှာ ခေါ်ယူစမ်းသပ်နေသည့် နိုင်ငံခြားသားကစားသမားများကို ထည့်သွင်းကစားခဲ့သည်။

မြန်မာယူ-၂၃(ခ) အသင်းမှာ ခြေစမ်းပွဲများ ထပ်မံကစားသွားမည်ဖြစ်သည်။

အားကစား
မြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်
မူးယစ်ဆေး

❑ **လက်မှုလယ်ယာမှ**

နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို ရှေးရှုအကောင်အထည်ဖော် ဆောင်ကြရမည်ဖြစ်ကြောင်း၊ အတိတ်ကာလက ခါးသီးသည့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ ယနေ့ခေတ်ကာလတွင် အားလုံး အတူတကွ လက်တွဲပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရှေ့ခရီးတွင် ပါတီစုံပါဝင်ရန် လိုအပ်ကြောင်း၊ ပါတီတိုင်းမှန်ကန်သည့် အတွေးအခေါ်နှင့် မှန်ကန်သည့် လုပ်ရပ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်မှ နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ (၇၀)ရာခိုင်နှုန်းသော လူအများစုမှာ တောင်သူလယ်သမားများပင် ဖြစ်ပါကြောင်း၊ လူများစု ဆင်းရဲမှုလျော့နည်းရန် ဆင်းရဲတွင်းမှ ဆွဲထုတ်နိုင်ပါမှ အခြားကဏ္ဍများတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ အများစု တောင်သူလယ်သမားများအတွက် တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်သည့်ဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်လျက် ရှိပါကြောင်း၊ သဘာဝ ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် လယ်ယာမြေများအတွက် စိုက်ပျိုးစရိတ်များ လုံလောက်စွာ ထောက်ပံ့ပေးနိုင်ရန် ဥပဒေတစ်ရပ် ရေးဆွဲလျက်ရှိပါကြောင်း၊ စိုက်ပျိုးသီးနှံများ အထွက်ကောင်းရန် သက်ဆိုင်ရာဌာန၊ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီကြရန် လိုအပ်ကြောင်း၊ တောင်သူလယ်သမားများသည် နိုင်ငံတော်၏ မူလထုတ်လုပ်သူများ ဖြစ်ကြောင်း၊ လက်မှုလယ်ယာမှ စက်မှုနိုင်ငံတော် တည်ဆောက်ရန် အဆင့်များအား အောင်မြင်စွာ ကျော်ဖြတ်ရန် လိုအပ်ကြောင်း၊ ခေတ်အဆက်ဆက် တောင်သူလယ်သမားများအပေါ် တင်ကျန်ခဲ့သည့် အကြွေးများအား ပြန်ဆပ်ရန် အစိုးရအဖွဲ့တွင်သာမက မိမိတို့အားလုံးတွင် တာဝန်ရှိပါကြောင်း။

(၂၀၀၈)ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် ပေါ်ပေါက်ခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လေ့လာသုံးသပ်ရန် လွှတ်တော်တွင် ပူးပေါင်း ကော်မတီတစ်ရပ်ဖြင့် လေ့လာ ဆန်းစစ်သုံးသပ်လျက်ရှိပါကြောင်း၊ ဤကိစ္စနှင့်ပတ်သက်၍ ပညာရှင်များ ပါတီကိုယ်စားလှယ်များအားလုံးက ဝိုင်းဝန်းအကြံပြုရန် ပန်ကြားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်အတွက် တိုင်းပြည် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရမည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရမည်။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို မပျက်စီးစေဘဲ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားများ တန်းတူအခွင့်အရေး၊ တောင်သူလယ်သမား အခွင့်အရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို လေ့လာသုံးသပ်ပြီး ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် နိုင်ငံသားများအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဝိုင်းဝန်းဖြေရှင်းရန် လိုကြောင်း၊ စိတ်ကောင်း စေတနာကောင်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ လွှတ်တော်သည် ပြည်သူများက ရွေးချယ်သည့် ကိုယ်စားလှယ်များ ဖြစ်သည့်အတွက် ပြည်သူ့အကျိုးကို ဆောင်ရွက်လျက်ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက တိုင်းဒေသကြီး၊ နယ်မြေဒေသဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများက လိုအပ်ချက်များကို တင်ပြကြသည်။ ၎င်းနောက် ပြည်ထောင်စုလွှတ်တော် နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❖ **စာမျက်နှာ ၇ မှ**

နည်းပညာသစ်ဖြင့် မဖြစ်မနေပြောင်းလဲထုတ်လွှင့်ရာတွင် နိုင်ငံတော်နည်းတူ ပရိသတ်ပြည်သူများဘက်ကလည်း စိုက်ထုတ်ကျခံရမည့် စရိတ်များရှိလာကြောင်း၊ စိုက်ထုတ်ရမည့် စရိတ်များကို မတတ်နိုင်သဖြင့် မကြည့်ရှုခဲ့ရဟူသော အခွင့်အရေး ဆုံးရှုံးမှုမဖြစ်စေရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်သော Set- Top- Box ရရှိရေးတွင် နိုင်ငံတော်အစိုးရမှလည်း တတ်နိုင်သမျှ သင့်လျော်သလို ထောက်ပံ့ပေးရန် စီစဉ်ထားပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံးအတွက် ကြည့်ရှုသူပရိသတ်အားလုံးကို မည်သည့်နိုင်ငံတွင်မျှ အခမဲ့ မထောက်ပံ့ခဲ့ကြောင်း၊ ထောက်ပံ့ပေးရန် လိုအပ်သူများကိုသာ ထောက်ပံ့ပေးသည့် နိုင်ငံတကာ စံနှုန်းများအတိုင်း Set- Top- Box တတ်နိုင်သမျှ အခမဲ့ ထောက်ပံ့ပေးမည့် အစီအမံကို ပြင်ဆင်ထားရှိကြောင်း၊ ယင်းသို့ ထောက်ပံ့ပေးရမည့် ပရိသတ်အိမ်ထောင်စုများကို သတ်မှတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း။

လိုအပ်သည့် စာရင်းဇယားနှင့် စစ်တမ်းများရရှိနိုင်ရန် Myanmar Media Research and Development Researching Centre (MMRD) ကို ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စာချုပ်ချုပ်ဆို လုပ်ငန်းအပ်နှံခဲ့ကြောင်း၊ အဆိုပါကုမ္ပဏီသည် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ဟသ်ာတ မြို့များသို့ ကွင်းဆင်းကာ ဒေသခံများကို တွေ့ဆုံမေးမြန်းပြီး ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို ပြန်လည်တင်ပြခဲ့ကြောင်း။

ယင်းသို့ ကောက်ယူရရှိသော စစ်တမ်းများအရ အိမ်ထောင်စုတစ်စု၏ တစ်လဝင်ငွေကျပ် တစ်သိန်းငါးသောင်းအောက်ရရှိပြီး ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးပိုင်ဆိုင်သော်လည်း သစ်သား၊ ဝါး၊ ဓနိ၊ သက်ငယ်မိုးအိမ်များတွင် နေထိုင်သော အိမ်ထောင်စုများကိုလည်းကောင်း၊ လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများဖြစ်ပြီး စီးပွားဖြစ်မဟုတ်သော ဆေးရုံ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ အများပြည်သူကြည့်ရှုရန် နေရာများနှင့် မိဘမဲ့၊ လူအိုရုံ၊ မသန်စွမ်းကျောင်းများ၊ ပြည်သူ့စာကြည့်တိုက်များ၊ သိပ္ပံကောလိပ်၊ တက္ကသိုလ်များ၊ သာရေးနာရေးလူမှုရေး အသင်းများကိုလည်းကောင်း DVB - T2 Set-Top- Box တစ်လုံးစီ အခမဲ့ ပံ့ပိုးပေးရန် စီစဉ်ထားရှိကြောင်း။

အဆိုပါ စစ်တမ်းနှင့် တွက်ချက်မှုများနှင့် နိုင်ငံတော်ကိုယ်စားပြု၍ ပြန်ကြားရေးဝန်ကြီးဌာနက အခမဲ့ ဖြန့်ဝေပေးနိုင်စွမ်းအရ ပထမအဆင့် ရုပ်သံလွှင့်စက်ရုံသုံးရုံနှင့် ဒုတိယအဆင့် စက်ရုံ ၂၂ ရုံတို့မှ ထုတ်လွှင့်သော ရုပ်မြင်သံကြား အစီအစဉ်များကို ဖမ်းယူနိုင်စွမ်းရှိသော မြို့ နယ်များအတွင်း Set- Top- Box အခမဲ့ ပံ့ပိုးဖြန့်ဝေပေးရမည့် လူမှုအသိုက်အဝန်း ၃၉၇၆၀ နှင့် အိမ်ထောင်စု ၂၆၅၁၈၄ ရှိပြီး စုစုပေါင်း ၃၀၄၉၄၄ လုံးရှိသည်ဟု တွက်ချက်ရရှိကြောင်း။

MMRD နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ ကောက်ယူထားသော စာရင်းများအရ Digital စနစ် သုံးစွဲကာ ထုတ်လွှင့်မည့် ပထမအဆင့်နှင့် ဒုတိယအဆင့်ပါ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ၂၅ ရုံအတွက် ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုနိုင်မည့် စုစုပေါင်း လူဦးရေမှာ ၃၉ ဒသမ ၇ သန်းကျော်ဖြစ်ကြောင်း၊ ယင်းပမာဏသည် မြန်မာနိုင်ငံ လူဦးရေထက်ဝက်ကျော်ရှိကြောင်း၊ သို့ဖြစ်၍ မြန်မာနိုင်ငံ လူဦးရေထက်ဝက်ကျော်သည် ၂၀၁၄ ခုနှစ် ဇူလိုင်လ မတိုင်မီ Digital စနစ်ဖြင့် ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုနိုင်မည့် အလားအလာကောင်းဖြစ်ကြောင်း သုံးသပ်ရရှိကြောင်း။

အဆိုပါ Set- Top- Box များအတွက် တင်ဒါခေါ်ယူပြီး တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇ ဒေါ်လာနှုန်းဖြင့် ဈေးနှုန်းအနည်းဆုံး တင်သွင်းခဲ့သည့် ကောင်းသန့်ကျော်ကုမ္ပဏီမှ အလုံးရေ ၃၃၅၀၀၀ ကို အမေရိကန်ဒေါ်လာ ၄၉၂၄၅၀၀ ဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ယင်းတို့အနက် ၃၀၄၉၄၄ လုံးကို နိုင်ငံတော်က အခမဲ့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း။

Digital စနစ်ကူးပြောင်းခြင်းကို အဆင့်ဆင့် စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးကို ၂၀၂၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးအဖြစ်သတ်မှတ်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၏ ဇနီးနှင့် အဖွဲ့ဝင်များ မြနန်းစံကျော်ရွှေနန်းတော်နှင့် အိမ်တွင်းမှုလုပ်ငန်းပြပွဲများကို လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၉

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်ဦးစီး၍ (၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသည့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ လိုက်ပါလာကြသော ဧည့်သည်တော်ဇနီးများနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်နှင့် နန်းမြို့အတွင်းရှိ အိမ်တွင်းမှုလုပ်ငန်း ပြပွဲများသို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဧည့်သည်တော်ဇနီးများနှင့် အဖွဲ့ဝင်များသည် ရန်ကြီးအောင်ရိပ်သာတွင် ခင်းကျင်းပြသသော တပ်မတော်မိသားစု အိမ်တွင်းမှုလုပ်ငန်း၏ မြန်မာ့ရိုးရာမုန့်ပြပွဲ၌ မုန့်ပျားသလက်၊ ထန်းသီးမုန့်၊ နန္ဒင်းမကင်း၊ ငှက်ပျောပေါင်း၊ သာဂူ စသည့်မုန့်မျိုးစုံပြုလုပ်နေမှုတို့ကိုလည်းကောင်း၊ မြန်မာ့ရိုးရာ လက်မှုပညာပြပွဲ၌ ရွှေချည်ထိုး၊ ပန်းအလှထိုး၊ ဇာပန်းထိုး၊ ကျောက်စီပန်းချီ ကား၊ ရက်ကန်း၊ ကြိမ်ထည်ပစ္စည်း၊ ကျောက်စိမ်းလက်မှုပညာ၊ ဆေးရောင်ခြယ်လက်မှုပညာစသည့် လုပ်ငန်းတို့ကို လည်းကောင်း စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၏ ဇနီးနှင့် အဖွဲ့ဝင်များ မြနန်းစံကျော်ရွှေနန်းတော်မုခ်ဦးရှေ့တွင် အမှတ်တရဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မော်တော်ယာဉ် ၂၈၅၇၈ စီး သွင်းကုန်ပါမစ်ထုတ်ပေးပြီးဖြစ်

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်း ဒေသကြီးရုံး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးဌာနစိတ်က လူပုဂ္ဂိုလ် တစ်ဦးချင်းအလိုက် မော်တော်ယာဉ် သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၈ ရက်အထိ 1350 CC အောက်ယာဉ်များအပါအဝင် Saloon, Pick Up, Van, Wagon, Light Truck, Box Truck နှင့် Truck တို့ အပါအဝင် စုစုပေါင်း မော်တော်ယာဉ် ၂၈၅၇၈ စီးကို သွင်းကုန်ပါမစ်ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၁၉၉ ဒသမ ၄၀၉ သန်းခန့် တန်ဖိုးရှိကြောင်း ယင်းဌာနမှ ထုတ်ပြန်သော စာရင်းအရ သိရသည်။ **အေးကို(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးရှိစက်မှုဇုန်များနွေရာသီ၌လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၉

မိမိသည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စဉ်ကတည်းက စက်မှုဇုန်များနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့ကြောင်း၊ ယခုလည်း နွေရာသီ၌ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးအတွက် ဆွေးနွေးမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အလုံလမ်းရှိ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆွေးနွေးပွဲတွင် ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့သည် လျှပ်စစ်ဓာတ်အား အပြည့်အဝရမှသာ အဆင်ပြေမည်ဖြစ်သောကြောင့် ရန်ကုန်မြို့ကို လျှပ်စစ်မီးအပြည့်အဝပေးရမည်ဖြစ်ကြောင်း၊ ယခင်ကထက်စာလျှင် ရန်ကုန်မြို့ကို လျှပ်စစ်ဓာတ်အားပိုမိုထုတ်လွှတ်ပေးလျက်ရှိကြောင်း၊ ရေအား၊ ဓာတ်ငွေ့၊ ကျောက်မီးသွေးများဖြင့် လျှပ်စစ်မီးမရရအောင် ဆောင်ရွက်ပေးလျက်ရှိသည်ကို စက်မှုဇုန်များအနေဖြင့် သိစေလိုသောကြောင့် ရှင်းပြရခြင်းဖြစ်ကြောင်း၊ယခုနှစ်တွင် ယခင်နှစ်များကထက် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၀၁-၂၀၃၀ နှစ်(၃၀)လျှပ်စစ်မဟာဗျူဟာစီမံကိန်းကို ရေးဆွဲပြီး ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊JICA စသည့် အဖွဲ့အစည်းများနှင့် ပညာရှင်များ ပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၁၉၈၄ ခုနှစ် လျှပ်စစ်ဥပဒေသည် တည်ဆဲဥပဒေဖြစ်၍ တည်ဆဲဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို ၂၀၀၅ ခုနှစ်တွင် Private Sector အဖြစ် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားနှုန်းထားများနှင့် စပ်လျဉ်း၍ KOCIA,JICA စသည့်အဖွဲ့အစည်းများနှင့် ဆွေးနွေးခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားနှုန်းထားများမှာ ထုတ်လုပ်ရာတွင် ဈေးကြီးပြီး ရောင်းချရာတွင် ဈေးနည်းလျက်ရှိကြောင်း၊ ထို့ကြောင့် ဓာတ်အားခနှုန်းထားများကို တိုးမြှင့်ကောက်ခံသွားရန် စီစဉ်မှုကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်ကပင် စတင်၍ မီဒီယာကတစ်ဆင့်ချပြပြီးမှ စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ကလည်း ဓာတ်အားခနှုန်းထားမြှင့်လိုက်သည့်အတွက် ပြည်သူများ၏အသံကို ပြန်ကြားလို၍ ဆွေးနွေးခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် လုပ်ငန်းရှင်များက လျှပ်စစ်ဓာတ်အားသုံးစွဲခနှုန်းထားများ သင့်လျော်သလို မြှင့်တင်ခြင်းကို လက်ခံပါကြောင်း၊ သို့ရာတွင် အချိန်ကာလတစ်ခု ရွှေ့ပေးရန်၊ ဈေးနှုန်းမြှင့်တင်ခြင်းကို လျှော့ပေါ့ပေးရန်နှင့် လျှပ်စစ်မီးအပြည့်အဝရရှိရေးတို့ကို ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင် တို့က ပြန်လည်ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

❀ **ရောင်စုံဥယျာဉ်ထဲမှ**

ကမ္ဘာသူကမ္ဘာသားများ ပျော်ရွှင်ဖို့၊ တက်ကြွဖို့၊ ကြည်နူးဆွတ်ပျံ့ဖို့၊ နှလုံးစိတ်ဝမ်း နူးညံ့အေးချမ်းဖို့၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာပျော်ရွှင်စေဖို့ အနုပညာကိုအဓိကထားဖန်တီးခဲ့ကြသည်ဟု ကျွန်တော်တို့ယုံကြည်သည်။

သို့ဖြင့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲတွင် တစ်ကြိမ်၊ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲတွင်တစ်ကြိမ် မြန်မာ့မြေပေါ်၌ နောက်ဆုံးကျင်းပခွင့်ရခဲ့ပြီး ယခု(၄၄)နှစ်ကြာမှ မြန်မာ့မြေပေါ်၌ မကြာမီရက်ပိုင်းအတွင်း တစ်ကျော့ပြန်ကျင်းပခွင့်ရခဲ့သည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများတွင်



နီနီခင်ဇော်။

အဆိုပါ ဂုဏ်ပြုတေးစီးရီးအယ်လ်ဘမ်ထဲမှ တေးသီချင်းများကား အရှေ့တောင်အာရှ ဒေသတွင်း ပြည်သူများ၏နှလုံးသားအတွင်းသို့ နက်နက်ရှိုင်းရှိုင်းစီးဝင်စေမည်ဟု ကျွန်တော်တို့ယုံကြည်မိသည်။

ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားများတွင် တက်ကြွမှု၊ ပျော်ရွှင်မှု၊ လွမ်းဆွတ်မှု၊ စုစည်းညီညွတ်မှု၊ မြန်မာ့ရနံ့၊ မြန်မာ့ဟန်၊ မြန်မာ့မာန်များကို ဖော်ကျူးနိုင်မည်ဖြစ်သကဲ့သို့ လူငယ်ဒါရိုက်တာ အာကာ၊ ဆယ်ကျော်သက် တက်သစ်စ တေးရေးတေးဆို မြန်မာလူငယ်အနုပညာရှင်နှစ်ဦးဖြစ်သည့် JOCK နှင့် ZARA တို့၏ ကိုယ်ပိုင်ဖန်တီးထားခဲ့သော ဒုတိယ Theme Song အင်္ဂလိပ်တေးသီချင်း Born To Win ကလည်း ကမ္ဘာ့အနုပညာစင်မြင့်ထက်သို့ ရဲရဲဝံ့ဝံ့ထိုးဖောက်ရပ်တည်လာနိုင်မည့် တေးသီချင်းဖြစ်လာလိမ့်မည်ဟု ကျွန်တော်တို့ယုံကြည်မျှော်လင့်မိပေသည်။

ထို့အတူ ဇော်ဝင်းထွဋ်၊ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဇော်ပိုင်၊ အာဇာနည်၊ ထူးအယ်လင်း၊ Lလွန်းဝါ၊ ဆောင်းဦးလှိုင်၊ နောနော်၊ မိုးမိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ J Me၊ အားတီ၊ ရဲလေး၊ SIR အဖွဲ့သားများ၊ လေးလေးဝါး၊ ဆုန်သင်းပါရ်၊ ရေဗက္ကာဝင်း၊ Lဆိုင်းဇီ၊ ချမ်းချမ်း၊ ဝိုင်းစုခိုင်သိန်း၊ နီနီခင်ဇော်၊ နေနေ၊ သီရိဆွေတို့ အပါအဝင် အနုပညာရှင်များ၏ Group Song များ စုစုပေါင်း ၂၈ ပုဒ်ပါဝင်သည့် 27th SEA Games ၏ Offical Album ဖြစ်သော "We Love SEA Games" ဂုဏ်ပြုတေးစီးရီး အယ်လ်ဘမ်သည်လည်း ခေတ်

မိရာမိုရ်။

အဆက်ဆက် သမိုင်းခေတ်၏ မှတ်တမ်းစာရင်းအတွင်း ထဲထဲဝင်ဝင်တင်ကျန်ရစ်ပေလိမ့်မည်။

Music Producer မိရာမိုရ်က "ကျွန်တော်တို့အနေနဲ့ သူများနိုင်ငံမှာ SEA Games လုပ်တဲ့ပွဲတွေ ကြည့်တယ်၊ ကိုယ့်နိုင်ငံမှာယခုလိုဖြစ်လာတဲ့အခါ အရမ်းကြိုးစားရမယ်ဆိုတဲ့ အသိကရှိတယ်၊ အထူးသဖြင့်သီချင်းတွေ SEA Games မှာ နိုင်ငံတကာအဆင့်မီ သီချင်းတွေလိုအပ်နေတယ်။ ဒီသီချင်းတွေကို အနားကပ်မှဖန်တီးလို့ မဖြစ်နိုင်ဘူး။ ကြိုတင်ပြီးအချိန်ယူဆောင်ရွက်ရတာကြောင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီက ကြီးမှူးပြီး သီချင်းရေးပြိုင်ပွဲတွေ လုပ်တယ်။ မျိုးဆက်သစ်တေးရေးလူငယ်ပညာရှင်တွေက အားရစရာကောင်းလောက်အောင် ပြိုင်ပွဲဝင်လာကြတယ်။ စိတ်ဝင်စားကြတယ်။ သူတို့ရဲ့သီချင်းတွေထဲက အကောင်းဆုံးသီချင်းတွေကို ရွေးလိုက်တယ်။ ငါးပုဒ်ဆန်ခါတင် ရွေးလိုက်ပြီးနောက် သူတို့ဆီက Demo ယူပြီးတော့ နိုင်ငံတော်အဆင့် တေးဂီတဖြစ်အောင် ကော်မတီအဖွဲ့ဝင် Music ဒါရိုက်တာတွေက တာဝန်ယူပြီး အဲဒီသီချင်းတွေကို အသံသွင်းပြီးတော့ သူတို့ကိုပထမအကြိမ်မှာ ဆုပေးပွဲတွေလုပ်တယ်။ သီချင်းအပြင် ထပ်ပြီးအသိပညာပေးတွေ လိုချင်တယ်။ လူတွေသိစေချင်တယ်။ သီချင်းကောင်းတွေ လိုချင်တာကြောင့် နောက်ထပ်ပြိုင်ပွဲတွေလုပ်တယ်။

"ပညာရှင်တွေကိုကမ်းလှမ်းတယ်။ အနုပညာနဲ့ ရုပ်တည်နေတဲ့

ZARA။

ဂီတပညာရှင်တွေဆီက ကမ်းလှမ်းပြီးသီချင်းတွေ တောင်းတယ်။ အဲဒီထဲက သီချင်းတွေအများကြီးရလာတယ်။ နောက်ဆုံးအဆင့်မှာ ဂီတအစည်းအရုံးရဲ့ ရွေးချယ်မှု၊ နိုင်ငံတစ်ဝန်းလုံးက ပြည်သူတွေက မဲပေးရွေးချယ်မှုကနေ သီချင်းတွေ သီးသန့်ဖြစ်လာပြီးနောက် Theme Song ရွေးချယ်ခဲ့ပါတယ်။ Offical Song ရွေးချယ်ပြီး အကောင်းဆုံး သီချင်းတွေကို တေးသီချင်းခွေထုတ်တယ်။ Official Album က ဒီတစ်ခုပဲရှိပါတယ်။ ယခုလို Album တစ်ခုဖြစ်လာဖို့ နှစ်တွေအများကြီး အချိန်ယူရတယ်။ ငွေရေးကြေးရေး အပါအဝင် အနုပညာရှင်တွေ အင်အားအများကြီးယူရပါတယ်" ဟုဆိုသည်။

"သီချင်းအားလုံးက SEA Games နဲ့ပတ်သက်ပြီး အားပေးတဲ့ သီချင်းတွေပါ။ ဒေသရဲ့အလှ၊ မြန်မာရနံ့နဲ့ SEA Games ကို ကြိုးစားရမယ်ဆိုတဲ့ သီချင်းများပါ Green, Clean and Friendship ပေါ်မှာအခြေခံပြီး ရေးထားတဲ့ သီချင်းတွေပါ။ ဆုရသီချင်းရောင်စုံဥယျာဉ် တေးရေး လင်းထက်က လူငယ်လေး တစ်ယောက်ပါ။ အသက်(၂၀)ကျော် ပဲရှိတယ်။ ပထမဆုံးအကြိမ်ပြိုင်ပွဲမှာ ပထမဆုရခဲ့တာပါ။ ကော်မတီမှာ သီချင်းပေါ်မူတည်ပြီး Music Director တွေကခွဲတာကြောင့် ကျွန်တော်နဲ့ ဂီတမိတ်က ကိုမိုးလှိုင်တို့ကတာဝန်ယူရတယ်။ အဲဒီအချိန်က SEA Games ကျင်းပဖို့ အချိန်တော်တော်လိုနေသေးတယ်။ အားကစားကို အဓိကထားပြီး နိုင်ငံရဲ့အနုပညာကို နိုင်ငံတကာကိုပြခွင့်ရတဲ့ ပွဲဖြစ်တာကြောင့် သီချင်းကို နိုင်ငံတကာအဆင့်မီအောင်စဉ်းစားရပါတယ်။ နိုင်ငံအသီးသီးမှာ ကိုယ်ပိုင်ဟန်ရှိတယ်။ အဲဒီအထဲမှာ မြန်မာဆိုတဲ့ရနံ့၊ မြန်မာ့ကိုယ်ပိုင်ဟန် ဂီတကိုကြိုးစားပြီးထည့်သွင်းတယ်။ တေးဂီတအဆင့်အတန်းက အစအားလုံးကို detail တွက်ပြီး နိုင်ငံရဲ့ဂုဏ်ဆောင်နိုင်တဲ့သီချင်းများဖြစ်အောင်ကြိုးစားပြီး ဖန်တီးပါတယ်။ ဒါကြောင့် အခုသီချင်းတွေကလည်း ပရိသတ်တွေကြားမှာ ရေပန်းစားနေပါပြီ"ဟု ၎င်းကဆက်လက်ပြောသည်။

"ကျွန်တော်တို့ရဲ့အမျိုးသားရေးတာဝန်တစ်ခုပါ။ ဒီနိုင်ငံမှာပညာသင်ကြားတယ်။ ဂီတနဲ့ရပ်တည်တယ်။ ဒီလိုဖြစ်လာအောင် ကျွန်တော်တို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ပေးဆပ်ရမယ်ဆိုတဲ့ စိတ်ဓာတ် ကျွန်တော်တို့ဆီမှာ ရှိပါတယ်။ ဒါကလည်း နိုင်ငံတော်ရဲ့ မျက်နှာစာလူတွေလည်း အာရုံစိုက်တဲ့ပွဲဖြစ်တာကြောင့် တကယ့်ကို အမျိုးသားရေးကဏ္ဍတစ်ခုလို မျိုးလေးလေးနက်နက်ထားပြီးကြိုးစားပါတယ်။ နောက်တစ်ခုက ကျွန်တော် တတ်ထားတဲ့ပညာနဲ့ လုပ်နိုင်စွမ်းကို ယခုပွဲနဲ့ တိုက်ဆိုင်တာကြောင့် ကျွန်တော့်ရဲ့ အနုပညာတစ်ပိုင်းတစ်စကိုတတ်နိုင်သလောက်လုပ်နိုင်ခြင်းကနိုင်ငံတော်အတွက် အသုံးဝင်တယ်။ ဂီတလောကလည်း အသုံးဝင်တယ်ဆိုရင်ဂုဏ်လည်းယူတယ်၊ ဝမ်းလည်းသာတယ်"ဟု ၎င်း၏ခံယူချက်နှင့် ခံစားချက်ကို ရှင်းပြသည်။

ထို့အတူ "SEA Games ပွဲတွေ၊ အိုလံပစ်ပွဲကြီးတွေမှာ အားကစားနဲ့ ပတ်သက်ပြီး အလေးအနက်ထားခဲ့တာ တော်တော်ကြာပါပြီ၊ ဒီလိုပွဲမှာ ဂီတ၊ အနုပညာ၊ အကတွေ ကိုယ့်နိုင်ငံရဲ့ ထူးခြားချက်တွေကို ဒီကနေတစ်ဆင့် ကိုယ့်နိုင်ငံအနုပညာတွေကို တင်ပြခွင့်ရကြတယ်၊ ကျွန်တော်တို့နိုင်ငံက ယဉ်ကျေးမှုလည်းမြင့်မားတယ်၊ Resource တွေလည်း ကောင်းတယ်၊ အရည်အသွေးပြည့်မီတယ်၊ အနုပညာရှင်တွေလည်း ရှိတယ်၊ SEA Games ပွဲ မကျင်းပရတာလည်းကြာပြီဆိုတော့ ဒီအင်အားတွေ အကုန်စုပြီး ကိုယ့်နိုင်ငံမှာ ဘယ်လိုကွာလတီတွေ ရှိတယ်ဆိုတာ ကမ္ဘာကိုပြရမယ်။ ကျွန်တော်တို့ နိုင်ငံကို လူတွေသိပ်စိတ်ဝင်စားလာတဲ့အချိန် တစ်ပြိုင်တည်းမှာပဲ ကျွန်တော်တို့စွမ်းဆောင်နိုင်စွမ်းတွေကို ပြသခွင့်ကြုံတယ်။ တစ်ကမ္ဘာလုံးစောင့်ကြည့်နေတဲ့ပွဲမျိုးပါ။ SEA Games မလုပ်တာ (၄၄)နှစ်ကြာတာကြောင့် ပြည်သူတွေက ရင်ခုန်ရမှန်းသိပ်မသိဘူး၊ SEA Games အကြောင်းကို သိနေတဲ့ လူတွေကတော့ရင်ခုန်ကြတယ်။ SEA Games ကိုပိုပြီး ရင်ခုန်စိတ်ဝင်စားစေချင်ပါတယ်။ ဂီတကနေတစ်ဆင့် SEA Games ပြိုင်ပွဲကို လူတွေပိုပြီး စိတ်ဝင်စားလာအောင် ကြိုးစားနေပါတယ်"ဟု နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲကြီးများနှင့် အနုပညာတို့၏ ဆက်စပ်ယှက်နွယ်မှုသဘောတရားကို လှစ်ဟပြောကြားသည်။

အဆိုတော် နီနီခင်ဇော်က "အဆိုတော်ဖြစ်နေတဲ့အချိန်မှာ SEA Games ပွဲကြီးကျင်းပတယ်။ ကျင်းပတဲ့ အခါမှာ ဝင်ပြီးတော့ ဖျော်ဖြေခွင့်ရတယ်။ တစ်နိုင်ငံလုံးက ပရိသတ်အကုန်လုံးနဲ့ ထိတွေ့ခွင့်ရတယ်။ တီဗွီမှာလည်း လွှင့်တယ်။ အရှေ့တောင်အာရှ၊ ကမ္ဘာ့အနှံ့ ကြည့်ရှုကြမယ်ဆိုတော့ အရမ်းထူးခြားတဲ့ အခွင့်အရေးဖြစ်တာကြောင့် ဝမ်းသာပါတယ်။ ပရိသတ်တစ်ယောက်အနေနဲ့လည်း ပါရမယ်။ ကိုယ်ကိုယ်တိုင်လည်း ပရိသတ်တွေ ပျော်ရွှင်အောင် တင်ဆက်ရမယ့်အပြင် အားကစားသမားတွေ အားပေးတဲ့ စိတ်ဓာတ်ရှိအောင် တင်ဆက်ရမှာ ဖြစ်တဲ့အတွက် အရမ်းလည်း ရင်ခုန်တယ်။ SEA Games မှာ ကိုယ့်မှာရှိသမျှ စွမ်းအားတွေကိုအသုံးပြုပြီး အားကစားသမားတွေကို အဓိကအားပေးပါ။ ပြီးရင် အနုပညာရှင်တွေကို အားပေးကြပါ။ မြန်မာအချင်းချင်း ချစ်ကြတယ်၊ ခင်ကြတယ်ဆိုတာ ယခုပွဲမှာ ပြသပါလို့ ပြောချင်တယ်။ ဒီပွဲကကြုံရခဲပါတယ်။ နိုင်ငံနဲ့ချီတဲ့ပွဲပါ။ မိမိနိုင်ငံရဲ့သိက္ခာကို ထိန်းရမယ့်ပွဲပါ။ အားပေးကြပါ"ဟု ဆိုသည်။

Born To Win တေးသီချင်းကို Jock နှင့်အတူ ရေးဆိုဖန်တီးရှင် Zara က "ငယ်ငယ်ကတည်းက Music ကို အရမ်းကြိုက်တယ်။ ဂီတမိတ်မှာ သင်ယူဖူးပါတယ်။ ငယ်ငယ်ကတည်းက သီချင်းတွေကို နားထောင်ပြီးတော့ သင်ယူခဲ့တာပါ။ ကိုယ်တိုင်ရေး ကိုယ်တိုင်စပ်ဆိုတဲ့ ဒီသီချင်းနာမည်က Born To Win ပါ။ မြန်မာပြည်တစ်ခုတည်းကို ကိုယ်စားပြုတာ မဟုတ်ပါဘူး။ လူတိုင်း နေရာတိုင်းမှာ ခံစားလို့ရတယ်။ အားကစားသမား၊ ကျောင်းသားအပါအဝင် နေ့တိုင်းအလုပ်ခွင်မှာပဲဖြစ်ဖြစ် ကျရာနေရာမှာ နိုင်ရမယ်။ အရှုံးမပေးရဘူး။ စိတ်ကိုခိုင်အောင်ထားမယ်။ မုန်တိုင်းထဲမှာတောင် ငှက်တွေ အမြင့်ကြီးပျံနိုင်တယ်။ အဲဒီလိုစိတ်ဓာတ်မျိုးရှိဖို့ ရေးသားထားတာပါ။

"အနှစ်သက်ဆုံး စာသားက "This is your time... Because your were born to win... win" ဘာဖြစ်လို့လဲဆိုတော့ ကိုယ်အများကြီး ကြိုးစားခဲ့ပြီးမှ လုံးဝအရှုံးမပေးသင့်ဘူး။ ဒါဟာ မင်းရဲ့အချိန်ပဲ။ ကိုယ်ကနိုင်ဖို့ မွေးဖွားလာတာကြောင့် အရှုံးမပေးသင့်ဘူးလို့ ဆိုလိုချင်တာပါ။ မရည်ရွယ်ထားပါဘူး။ သူငယ်ချင်း Jock က သမီးကို Vocalist ကောင်းကောင်း တစ်ယောက်လိုချင်တယ်ဆိုပြီး ဆက်သွယ်လာတယ်။ SEA Games ဝင်ပြိုင်ခြင်းကြောင့် တက္ကသိုလ်ရောက်ရင် SEA Games မှာ ပါဝင်ခဲ့တယ်ဆိုတာ ပြောပြလို့ရတာကြောင့် ဝင်ကူလိုက်တာ။ ဒါပေမယ့် ဘာပဲလုပ်လုပ် ကိုယ်အကောင်းဆုံးလုပ်ချင်တဲ့ ဆန္ဒရှိတာကြောင့် အကောင်းဆုံး ရေး၊ ဆိုလိုက်တာပါ။

"ဒီသီချင်းအောင်မြင်တာကြောင့် ဝမ်းသာပါတယ်။ ဒါပေမယ့် တစ်ခါမှ မကြုံဖူးတော့ နည်းနည်းတော့ ထိတ်လန့်တယ်။ အခုမှ အခွင့်အရေးရတာကြောင့် SEA Games ကို အကောင်းဆုံးကြိုးစားစေချင်ပါတယ်။ အနုပညာရှင်တွေဘက်က သီချင်းကို အကောင်းဆုံးအားပေးနေတယ်။ သီချင်းကို နားထောင်ပြီး ခန္ဓာကိုယ်ထဲမှာ အားမာန်တွေ တက်ကာ မိမိတော်တာထက်ပိုပြီး တော်ဖို့ ကြိုးစားစေချင်ပါတယ်။

"မြန်မာနိုင်ငံမှာ ဒီလိုသီချင်းမျိုးကို ပထမဆုံးကြားရတာလို့ ထင်ပါတယ်။ ဒါကို အကောင်းဆုံးလို့ မထင်စေချင်ပါဘူး။ ဒီဟာထက်ကောင်းလာမယ့် သီချင်းတွေအများကြီးရှိသေးတယ်"ဟု အသက်အရွယ်နှင့် မမျှသည့် အားမာန်ပါသည့် အတွေးအခေါ်များဖြင့် ဖြည့်စွက်ရှင်းပြသည်။

Event Master Media Group မှ GM အောင်ဇင်သိုက်က "နိုင်ငံတော်ပွဲဆိုတော့ အချိန်ရော၊ လူရော၊ ဦးနှောက်ရော အကုန်အပင်ပန်းခံပြီး ကျွန်တော်တို့ လူတွေအများကြီးကြိုးစားလုပ်ခဲ့ကြတယ်။ ကွာလတီ တကယ်ကောင်းတာကို ပေးချင်တာပါ။ (၄၄)နှစ်ကြာမှ ကြုံရတဲ့ SEA Games ကို အကောင်းဆုံးပေးချင်တာပါ။ နိုင်ငံရဲ့ Image ကို အစစ်အမှန်ပေးချင်လို့ တစ်ချပ်ကို ကျပ် ၅၀၀ နှုန်းနဲ့ပြည်သူတွေ အားလုံးဝယ်နိုင်အောင် လုပ်ပေးထားပါတယ်။ အစစ်အမှန်ကို နားလည်ပြီး မူရင်းအခွေကို အားပေးပါလို့ ပြည်သူတွေကို ပြောချင်ပါတယ်။ သိမ်းထားလို့ရတဲ့ အစစ်အမှန်အခွေကို အားပေးပါ"ဟု ဆိုသည်။

(ဆက်လက်ဖော်ပြပါမည်)

မိတ္တာဗလ

မီးအိမ်ရှင်

မိတ္တာဗလဟူသည်မှာ မိတ်ဆွေအပေါင်းအသင်းသည် ဗလအင်အားတစ်ရပ်ဖြစ်ကြောင်း ပြဆိုထားပေသည်။ မိတ်ဆွေသဂ်ဟပေါများခြင်းသည် လာဘ်လာဘတစ်ပါးပင် ဖြစ်ပါသည်။ မြန်မာတို့၏ လူမှုအသိုင်းအဝိုင်းအကြား ဓလေ့စရိုက်၊ အယူဝါဒများအရ ဆွေမျိုးမိတ်ဆွေအခြံအရံ ပေါများခြင်းသည် ရှေးကုသိုလ်ကံအကြောင်းနှင့် သက်ဆိုင်သလို ယခုလက်ရှိ လူမှုအသိုင်းအဝိုင်းအကြား ဆက်ဆံကြရာတွင်လည်း များစွာအကျိုးသက်ရောက်မှုရှိပေသည်။

လူတစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်ကူညီရိုင်းပင်းတတ်သည့် အလေ့အထသည် ယနေ့ထိတိုင် မြန်မာတို့၏ လူမှုဆက်ဆံရေးနယ်ပယ်တွင် ချစ်စရာကောင်းသည့် အမူအကျင့်များအဖြစ် ဆက်လက်ရှင်သန်နေဆဲပင်။ လူတို့သည် တစ်ဦးတစ်ယောက်တည်း နေထိုင်၍မရသဖြင့် လူမှုပတ်ဝန်းကျင်နှင့် ရောပြွမ်းဆက်နွှယ်ပတ်သက်နေကြရသည်။ လူမှုဘဝတစ်လျှောက် ကျင်လည်လျှောက်လှမ်းကြရာတွင် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရစမြဲပင်ဖြစ်သည်။ ဆင်ရဲချမ်းသာမရွေး၊ ရာထူးဂုဏ်သိန်ကြီးငယ်မရွေး အချိန်ပြည့်မဟုတ်တောင် တစ်ချိန်ချိန်တွင် သူတစ်ပါး၏ အကူအညီပေးမှုကို လိုအပ်ကြစမြဲ၊ တောင့်တကြစမြဲပင် ဖြစ်ပါသည်။

ဤအချိန်တွင် မိတ်ဆွေအပေါင်းအသင်းသည် မိမိအတွက် အင်အားတစ်ရပ်ပင် မဟုတ်ပါလော။ မိမိတစ်ဦး၊ တစ်ယောက်တည်း မဖြေရှင်းနိုင်သည့် လူမှုကိစ္စများကို မိတ်ဆွေများ၏ အကူအညီဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ကြလိမ့်မည် ဖြစ်သည်။ “မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုး”ဆိုသကဲ့သို့ မိတ်ဆွေအပေါင်းအသင်းများကို မပေါင်းမဖြစ် ပေါင်းသင်းကြရပေလိမ့်မည်။ “တစ်ရွာ တစ်ကျီဆောက်” ဟု အဆိုအမိန့်ရှိထားပေရာ ရောက်လေရာတွင် ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများထားရှိ ပေါင်းသင်းဆက်ဆံကြရပေမည်။ လောကတွင် လူအမျိုးမျိုး စိတ်အထွေထွေရှိကြရာ အပေါင်းအသင်းမိတ်ဆွေထားရာတွင်လည်း လွန်စွာမှ အရေးကြီးလှပေသည်။

“မုဆိုးနားနီးမုဆိုး၊ တံငါနားနီး တံငါ” ဆိုရိုးစကားကဲ့သို့ ထိုသူ၏စရိုက်များ မိမိထံကူးစက်နိုင်သည်များရှိသကဲ့သို့ သူခိုးနှင့် ပေါင်းလျှင် သူခိုးအခိုးမခံရသကဲ့သို့ တံငါသည်နှင့် ပေါင်းလျှင်လည်း ဟင်းစားအနည်းနှင့်အများတော့ ရရှိခံစားကြရမည် ဖြစ်သည်။ ထိုကဲ့သို့ လောကတွင် လူအမျိုးမျိုး၊ စိတ်အထွေထွေရှိကြသဖြင့် အပေါင်းအသင်း မိတ်ဆွေများနှင့် ဆက်ဆံကြရာတွင် သူ့နေရာနှင့်သူလိုက်၍ နေထိုင်ပြုမူဆက်ဆံတတ်ကြရမည်ဖြစ်သည်။ မိမိပတ်ဝန်းကျင်နှင့် ဆက်ဆံသမှုပြုကြရာတွင် ပညာရှိတို့၏စကားကို နှလုံးမူ၍ ကျင့်ကြံနေထိုင်သွားကြရပေမည်။ လောကတွင် မိမိတစ်ဦးတစ်ယောက်တည်း နေထိုင်၍မရသဖြင့် မိတ်ဆွေများကို မိမိဘဝ၏ အင်အားတစ်ရပ်အဖြစ် ပေါင်းသင်းဆက်ဆံကြရမည်ဖြစ်သည်။

သို့သော် မိတ်ဆွေအပေါင်းအသင်းဟု ဆိုရာတွင်လည်း အကျိုးကိုလို၍ ညောင်ရေလောင်းကြသူများကို လောကတွင် အများအပြား တွေ့ကြုံဆက်ဆံဖူးကြပေလိမ့်မည်။ ကိုယ့်အတွက် အကျိုးမရှိဟုဆိုလျှင် ဘာတစ်ခုမျှ၊ ဘယ်အရာမျှ လုပ်မည် မဟုတ်သည့်လူစားများသည် အကျိုးလို၍ ရက်ရက်ရောရောပင် ကူညီသယောင်ပြုမူ၍ဆက်ဆံတတ်ကြသည်။ ယင်းလူတန်းစားများကိုတော့ မိတ်ဆွေသည် အင်အားဟု ဆိုထားသော်ငြားလည်း ရှောင်လေဝေးဝေး မူးယစ်ဆေးကဲ့သို့ မိတ်ဆွေအပေါင်းအသင်း မလုပ်မိဖို့ အထူးလိုအပ်ပေလိမ့်မည်။ မိမိပေါင်းသင်းသည့် မိတ်ဆွေသည် မိတ်ဆွေစစ်၊ မိတ်ဆွေမှန်ဖြစ်ဖို့ အင်မတန်မှ အရေးကြီးလှပေသည်။

မိမိအနေဖြင့် မိတ်ဆွေအပေါင်းအသင်းများ၏ အကူအညီကို ယူရာတွင် အကျိုးကိုလို၍ မျှော်ကိုးသည့် အကူအညီမျိုးကို လိုလားတောင့်တကြမည် မဟုတ်ပေ။ ဤကဲ့သို့ပင် မိတ်ဆွေများအပေါ် ရိုင်းပင်းကူညီသည့် မိမိ၏စိတ်ရင်းစေတနာအမှန်များကိုလည်း အပြန်အလှန်ပေးဆပ်နိုင်ကြရမည်ဖြစ်သည်။ ရယူခြင်းထက် ပေးဆပ်ခြင်းသည်သာ မွန်မြတ်သည့်စိတ်ထားဖြစ်ပေရာ အဆိုပါ မေတ္တာအရင်းခံစိတ်ဖြင့် မိမိဆွေမျိုး၊ အပေါင်းအသင်းမိတ်ဆွေများအပေါ် ဆက်ဆံသမှုပြုကြခြင်းဖြင့် နှစ်ဦးနှစ်ဖက်စလုံး မေတ္တာဓာတ်များ လွှမ်းခြုံပျံ့နှံ့လာမည်ဖြစ်သည်။ တစ်ဦးမေတ္တာ တစ်ဦးမှာ ဆိုသည့်အတိုင်း မိမိက အခြားသူကို မေတ္တာထားလျှင် ထိုသူကလည်း မိမိကို မေတ္တာတုံ့ပြန်ပေလိမ့်မည်။

မိတ်ဆွေအပေါင်းအသင်းအပေါ် ဖြူစင်စိတ်ထား မေတ္တာများဖြင့် ရိုင်းပင်းကူညီခြင်းအလုပ်သည် ရယူခြင်းထက် ပေးဆပ်ခြင်းဟု ဆိုရပေလိမ့်မည်။ သို့မှသာ အကျိုးလို၍ ညောင်ရေလောင်းသူများမဖြစ်ကြဘဲ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်များဖြစ်ကြမည် မဟုတ်ပါလား။ မှန်တစ်ချပ်ကို ကြည့်မည်ဆိုပါက မိမိ၏မျက်နှာပေါ်မူတည်၍ ပြုံးနေသကဲ့သို့ မဲ့နေပါက ပြန်၍ မဲ့ပြလိမ့်မည်မှာ သိတတ်စကလေးငယ်များပင် သိကြပါလိမ့်မည်။ မိမိ၏ စိတ်နေသဘောထားကိုလိုက်၍ တန်ပြန်အကျိုးသက်ရောက်မှုကို ပြန်လည်ခံစားကြရမည်ဖြစ်သည်။

မိတ်ဆွေအပေါင်းအသင်းကြောင့် ဂုဏ်တက်သလို အပေါင်းအသင်းကြောင့်ပင် မိမိ၏ဂုဏ်မှာ အလိုလို မှေးမှိန်သွားတတ်ခြင်းလည်း ဖြစ်တတ်ကြစမြဲပင်ဖြစ်သည်။ စိန်နားကပ်အရောင်ကြောင့် ပါးပြောင်ဆိုသကဲ့သို့ မိတ်ဆွေ၏ အကူအညီအထောက်အပံ့များကြောင့် ထွန်းလင်းတောက်ပလာကြသူများရှိသည်ကိုလည်း တွေ့ဖူးကြပေလိမ့်မည်။ ထို့ကြောင့် မိမိတို့၏လူမှုဘဝနယ်ပယ်တွင် မိတ်ဆွေအပေါင်းအသင်းများကို ရှေးပညာရှိများ၏ လောကနီတိဆုံးမစကားများကို လိုက်နာကျင့်သုံးခြင်းဖြင့် ပေါင်းသင်းဆက်ဆံကြရမည်ဖြစ်သည်။ ပစ္စည်းဥစ္စာ ထောက်ပံ့ကူညီခြင်းဟု မဆိုနိုင်လျှင်သော်မှ ပညာရှိများကို ချဉ်းကပ်ပူဇော်ပေါင်းသင်းခြင်းဖြင့် မိမိတို့၏ ဘဝများကို ဖြတ်သန်းလျှောက်လှမ်းကြရာတွင် အခက်အခဲ အမှားအယွင်းမရှိ ဖြောင့်ဖြောင့်တန်းတန်း လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ ဤကဲ့သို့ ပညာရှိသူတော်ကောင်းတို့ကို ချဉ်းကပ်ပူဇော်၍ မိတ်ဆွေအဖြစ်ပေါင်းသင်းခြင်းဖြင့် ‘မိတ္တာဗလ’ မိတ်ဆွေအပေါင်းအသင်းသည် အင်အားတစ်ရပ်ဖြစ်လာမည်မှာ ဧကန်မုချပင်ဖြစ်ပါတော့သည်။ ။

ရန်ကုန်နည်းပညာတက္ကသိုလ် ပထမနှစ် ဘွဲ့ကြိုသင်တန်း ဒီဇင်ဘာ ၂ ရက်ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၉

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ရန်ကုန်နည်းပညာတက္ကသိုလ် ပထမနှစ်ဘွဲ့ကြိုသင်တန်းသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူများသည် ကျောင်းဝင်ခွင့်လျှောက်လွှာနှင့်အတူ ကျောင်းလခပါပေးသွင်းရမည် ဖြစ်ကြောင်းသိရသည်။

ကျောင်းလခငွေသွင်းပုံစံဖြင့် တက္ကသိုလ်ဝင်ကြေး ကျပ် ၂၀၀၀၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၄ ခုနှစ် စက်တင်ဘာအထိ တစ်နှစ်ကျောင်းလခ ကျပ် ၅၀၀၀၀၊ အားကစားကြေး ကျပ် ၁၀၀၀၊ ဓာတ်ခွဲခန်းကြေး ကျပ် ၃၀၀၀၊ စာမေးပွဲကြေး ကျပ် ၃၀၀၀ စုစုပေါင်းကျပ် ၅၉၀၀၀ ကို တစ်ပါတည်း ပေးသွင်းရမည်ဖြစ်သည်။

အကြွေးကျန်ကို လိုက်၍တောင်းရသဖြင့် ယခင်က ကျောင်းလခ ခြောက်လစာအတွက် ကောက်ခံခြင်းမျိုးမဟုတ်တော့ဘဲ ယခုနှစ်တွင် တစ်နှစ်စာကောက်ခံခြင်းဖြစ်သည်ဟု ငွေစာရင်းဌာန၏ ပြောကြားချက်အရသိရသည်။

“ကျောင်းလခ ခြောက်လစာသာယူလာတဲ့အတွက် အဆင်မပြေဖြစ်ရပါတယ်၊ ထပ်ပြီးအပ်နှံမယ့်ကျောင်းသားကျောင်းသူတွေ ကျွန်တော်တို့လိုမဖြစ်အောင် ကျောင်းသားရေးရာမှာ ထုတ်ပြန်ထားတဲ့ကြေညာစာနဲ့ ငွေစာရင်းဌာနမှာကြေညာထားသည့်ကွဲလွဲချက်ကို သိရှိအောင်ပြင်ပေးရင်ကောင်းမယ်”ဟု မြောက်ဒဂုံမှလာရောက်အပ်နှံသော ကျောင်းသားနှစ်ဦး၏ ပြောကြားမှုကိုကြားသိခဲ့ရသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ရန်ကုန်နည်းပညာတက္ကသိုလ် ပထမနှစ်ဘွဲ့ကြိုသင်တန်းသို့တက်ရောက်ခွင့်ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများအတွက် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ဘာသာရပ်မိတ်ဆက်အခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်နည်းပညာတက္ကသိုလ် ၂၀၁၃ ခုနှစ် ပထမနှစ်ဘွဲ့ကြိုသင်တန်းကို ဒီဇင်ဘာ ၂ ရက်တွင် စတင်သင်ကြားမည်ဖြစ်ကြောင်းသိရသည်။ **(စိုးစိုး)**

ကားဝယ်မယ်ဆိုရင် . . . လူကြီးမင်းတို့အတွက် ယုံကြည်စိတ်ချရမှုက အရေးကြီးဆုံးပါ . . .

ZMH

ဇော်မျိုးထိန် စီးပွားရေးအကျိုးဆောင်ကုမ္ပဏီ (ZAW MYO HTAIN Services Co., Ltd)

အထူးဝန်ဆောင်မှု

Saloon, Van, Wagon, Truck (1Ton), Canter Flat (10',12')

(5% မယူပါ)

ဂျပန်ကားဝယ်မယ်ဆိုရင် ZMH မှာ စိတ်ချရပါတယ်။

လက်ငင်း-အရစ်ကျငွေချေစနစ်နှင့် ရောင်းချပေးနေပါသည်။

AD Van 1500cc City Taxi, 2007, 2008 Model Car နှင့် လုပ်ငန်းသုံးယာဉ်များအား

NO.25, Lake Kan Street, 7ward, Pazundaung Township, Yangon, Myanmar



No.	Type of car	Transfer	Half Day (5hours)	Full Day (10hours)	Kyaikhtiyo (2days 1night)	Chaung Thar (2days 1night)	No.	Type of car	Transfer	Half Day (5hours)	Full Day (10hours)	Kyaikhtiyo (2days 1night)	Chaung Thar (2days 1night)
1	Super Custom	30,000	42,000	65,000	250,000	350,000	3	Hiace (15seats)	44,000	56,000	90,000	350,000	450,000
2	Alphard	40,000	65,000	100,000	400,000	500,000	4	(45 Seats)	800,00	90,000	140,000	500,000	600,000

09-420048416, 09-73216001, 01-291605

နည်းပညာသတင်း

TIKILA

ကင်မရာ၊ Tablet နှင့် လက်ပ်တော့သုံးမျိုးတွဲဖက်အသုံးပြုနိုင်သော ကွန်ပျူတာကို Fujitsu ထုတ်လုပ်

ဂျပန်နိုင်ငံအခြေစိုက်လက်ပ်တော့ ကွန်ပျူတာနှင့် ကွန်ပျူတာဆက်စပ် ပစ္စည်းထုတ်လုပ်သည့် Fujitsu မိုဘိုင်း အီလက်ထရွန်နစ်လုပ်ငန်းမှ နည်းပညာ ဆန်းပြားသည့် လက်ပ်တော့ကွန်ပျူ တာသစ်တစ်မျိုးကို နည်းပညာ စာမျက်နှာများတွင် မိတ်ဆက်ပြသ ပေးခြင်းကို တွေ့ရသည်။ အဆိုပါ ကွန်ပျူတာသည် လက်ပ်တော့ကွန်ပျူ တာပုံစံမျိုးဖြစ်ပြီး ကိုယ်ထည်ပိုင်းနှင့် အတွင်းပိုင်း ကီးဘုတ်လက်ကွက် နေရာတို့ကို ယခင်လက်ပ်တော့ကွန် ပျူတာများနှင့်မတူဘဲ ကင်မရာနှင့် Tablet နှစ်မျိုးအပြင် ဘက်ထရီငယ် တစ်ခုကို ပေါင်းစပ်တပ်ဆင်ပေးပါမှ လက်ပ်တော့ကွန်ပျူတာတစ်ခုသဖွယ် အသုံးပြုနိုင်မည်ဟု သိရသည်။ ၎င်း ကွန်ပျူတာ၏ မျက်နှာပြင် အနောက်

ဘက်တွင် ကင်မရာတပ်ဆင်ရန်နေရာ ပါဝင်ပြီး စာရိုက်နှိပ်ခြင်းနှင့် အခြား ကွန်ပျူတာစနစ် လုပ်ဆောင်မှုများ အတွက် အတွင်းပိုင်းတွင် Tablet ကွန်ပျူတာကို ထည့်သွင်းတပ်ဆင်ရန် နေရာပါဝင်သည်ဟု သိရသည်။ အခြား လက်ပ်တော့ကွန်ပျူတာများကဲ့သို့ပင် နည်းပညာစနစ်များပါဝင်ပြီး ဒီဇိုင်း ထူးခြားသည့် စက်ရုပ်တစ်ခုသဖွယ် အစိတ်အပိုင်းများကို ဆက်စပ်တပ်ဆင် အသုံးပြုရခြင်းကြောင့် ချွတ်ယွင်း ပျက်စီးမှုဖြစ်ပေါ်ပါက အလွယ်တကူ ဖြုတ်ယူပြုပြင်နိုင်မည်ဟု သိရသည်။ အဆိုပါကွန်ပျူတာကို 4 in 1 Mega Laptop ဟု မိုဘိုင်းအီလက်ထရွန်နစ် ဈေးကွက်တွင် အမည်တွင်ကျယ် နေပြီး အဆင့်မြင့်မိုဘိုင်းဖုန်းများဖြင့် လည်း တွဲဖက်တပ်ဆင်အသုံးပြုနိုင်ရန် နည်းပညာအသစ်များ ထည့်သွင်း ထုတ်လုပ်ထားသည်ဟု သိရသည်။ အဆိုပါ လက်ပ်တော့ကွန်ပျူတာ ထုတ်လုပ်မှုအတွက် နည်းပညာဆိုင်ရာ ဒီဇိုင်းဆုရရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းရှိ နည်းပညာရှင်များ၏ ကောင်းမွန် သော မှတ်ချက်ပေးခြင်းများကိုလည်း Fujitsu က ရရှိခဲ့ခြင်းကို နည်းပညာ စာမျက်နှာများတွင် တွေ့ရှိရသည်။ ၎င်းလက်ပ်တော့တွင် တပ်ဆင်အသုံး ပြုထားသော ကင်မရာနှင့် Tablet ကို တစ်ခုချင်းအနေဖြင့် ပြန်လည်ဖြုတ်ယူ အသုံးပြုနိုင်ရန်လည်း ရည်ရွယ် ထုတ်လုပ်ထားသည်ဟု သိရသည်။

ကမ္ဘာကျော် ပန်းသီး Apple မှ အဆင့်မြင့်ရုပ်မြင်သံကြားစက် iTV ထုတ်လုပ်

ကမ္ဘာကျော်အမှတ်တံဆိပ် Apple မိုဘိုင်းမှ အဆင့်မြင့်ရုပ်မြင်သံကြားစက်ကို ထုတ်လုပ်ပြီး ဈေးကွက်အတွင်းပို့ဆောင်ပေးတော့မည်ဟု နည်းပညာ စာမျက်နှာများတွင် တွေ့ရသည်။ အဆိုပါအဆင့်မြင့်ရုပ်မြင်သံကြားစက်တွင် အခြားအပိုတပ်ဆင်၍ ရုပ်သံလိုင်းများဖမ်းယူကြည့်ရှုနိုင်သည့် စက်များထပ်မံ တပ်ဆင် နေရန်မလိုဘဲ ရုပ်မြင်သံကြားစက်အတွင်းပိုင်းတွင် ရုပ်သံဖမ်းယူကြည့်ရှု နိုင်မှု စနစ်ပါဝင်သည်ဟု သိရသည်။ သယ်ဆောင်တပ်ဆင်ရလွယ်ကူစေရန်နှင့် နည်းပညာ အဆင့်မြင့်မားရေးကို အဓိကထုတ်လုပ်ထားပြီး သုံးစွဲသူများအနေဖြင့် ကောင်းမွန်သောအကျိုးရလဒ်များ လက်တွေ့ရရှိနိုင်မည်ဖြစ်သည်ဟု သိရသည်။ ဒီဇိုင်းပိုင်းလှပခိုင်ခံ့ပြီး အဆင့်မြင့်နည်းပညာများသုံးထားကာ ရုပ်သံကြည်လင် ပြတ်သားမှု နှုန်းအထူးကောင်းမွန်မည်ဟု Apple စာမျက်နှာများတွင် တွေ့ရသည်။

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများ၏အဖွဲ့ချုပ်ညီလာခံတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၉

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် (၃၁)ကြိမ်မြောက် အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများ၏အဖွဲ့ချုပ် ညီလာခံ နှင့်ဆက်စပ်သည့် အစည်းအဝေးများ၊ အင်ဂျင်နီယာ နည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲများသို့တက်ရောက်ရန် အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဥက္ကဋ္ဌ ဦးဝင်းခိုင် ဦးဆောင်သောအဖွဲ့ဝင် ၁၀၁ ဦးသည် ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူလေကြောင်းဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာသွား သည်။

အဆိုပါအဖွဲ့အား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ အလုပ်အမှုဆောင်များဖြစ်ကြသော ဦးအုန်းမြင့်၊ ဦးသန်းထွန်း အောင်နှင့် မိသားစုဝင်များက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

အာဆီယံနိုင်ငံ အင်ဂျင်နီယာအသင်းများ၏ အဖွဲ့ချုပ် ညီလာခံနှင့် ဆက်စပ်သည့်အစည်းအဝေး စာတမ်းဖတ်ပွဲ တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ အဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာမြမြခိုင်၊ ဒေါက်တာ ဦးလှမျိုး အောင်၊ ဦးညီညီစိန်၊ ဒေါ်မူမူအေး၊ ဒေါ်ဝင်းတင်ထွဋ်လတ်၊ ဒေါ်မြမြအေး၊ ဦးငြိမ်းမိုးရွှေနှင့် ဒေါ်ချိုဇင်မြင့်တို့က အင်ဂျင်နီယာဆိုင်ရာစာတမ်းများကို အသီးသီးဖတ်ကြား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

(စောသိန်းဝင်း)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
နေပြည်တော်၊ ကြေညာချက်

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ၁၈-၈-၂၀၁၃ ရက်တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပပြုလုပ်ခဲ့သည့် ဥပဒေအရာရှိအဆင့်-၄ ရာထူးအရည်အချင်းစစ် ရေးဖြေစာမေးပွဲအောင်စာရင်းနှင့် လူတွေ့စစ်ဆေးခံရမည့်နေ့ရက်တို့ကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

စဉ်	လူတွေ့စစ်ဆေးခံရမည့်နေ့	ခုံအမှတ်			
၁။	၂-၁၂-၂၀၁၃	မတလ-၁၊	မတ-၅၊	မတလ-၄၀	မတလ-၉၈၊
	(တနင်္လာနေ့)	မတလ-၁၀၃၊	မတလ-၁၁၂၊	မတလ-၁၆၃၊	မတလ-၁၆၄၊
		မတလ-၁၆၅၊	မတလ-၁၇၄၊	မတလ-၁၈၁၊	မတလ-၁၈၂၊
		မတလ-၁၈၄၊	မတလ-၁၉၀၊	မတလ-၁၉၁၊	မတလ-၁၉၆၊
		မတလ-၂၅၅၊	မတလ-၂၇၃၊	မတလ-၃၀၁၊	မတလ-၃၅၁၊
		မတလ-၃၅၄၊	မတလ-၃၆၁၊	မတလ-၃၆၇၊	မတလ-၃၇၃၊
		မတလ-၃၉၄၊	မတလ-၃၉၆၊	မတလ-၄၁၇၊	မတလ-၄၃၆၊
		မတလ-၄၆၇၊	မတလ-၄၉၈၊	မတလ-၅၁၅၊	မတလ-၅၃၂၊
		မတလ-၅၃၇၊	မတလ-၅၅၀၊	မတလ-၅၅၇၊	မတလ-၅၆၂၊
		မတလ-၅၆၃၊	မတလ-၅၆၅၊	မတလ-၅၆၇၊	မတလ-၅၆၉၊
၂။	၃-၁၂-၂၀၁၃	မတလ-၅၇၁၊	မတလ-၅၇၅၊	မတလ-၅၈၆၊	မတလ-၆၀၀၊
	(အင်္ဂါနေ့)	မတလ-၆၀၁၊	မတလ-၆၀၉၊	မတလ-၆၁၀၊	မတလ-၆၃၅၊
		မတလ-၆၄၃၊	မတလ-၆၄၉၊	မတလ-၆၇၈၊	မတလ-၆၈၂၊
		မတလ-၆၈၄၊	မတလ-၇၀၅၊	မတလ-၇၁၀၊	မတလ-၇၁၈၊
		မတလ-၇၃၄၊	မတလ-၇၄၅၊	မတလ-၇၄၇၊	မတလ-၇၄၈၊
		မတလ-၇၆၆၊	မတလ-၇၇၀၊	မတလ-၇၇၆၊	မတလ-၇၈၄၊
		မတလ-၈၀၀၊	မတလ-၈၃၀၊	မတလ-၈၃၁၊	မတလ-၈၃၅၊
		မတလ-၈၃၉၊	မတလ-၈၅၇၊	မတလ-၈၆၀၊	မတလ-၉၆၅၊
		မတလ-၉၉၀၊	မတလ-၉၉၁၊	မတလ-၉၉၈၊	မတလ-၉၉၉၊
		မတလ-၁၀၀၃၊	မတလ-၁၀၁၉၊	မတလ-၁၀၃၁၊	မတလ-၁၀၃၅
၃။	၄-၁၂-၂၀၁၃	မတလ-၁၀၄၃၊	မတလ-၁၀၄၅၊	မတလ-၁၀၆၀၊	မတလ-၁၀၇၇၊
	(ဗုဒ္ဓဟူးနေ့)	မတလ-၁၀၇၉၊	မတလ-၁၀၉၈၊	မတလ-၁၁၄၄၊	မတလ-၁၁၅၀၊
		မတလ-၁၁၆၅၊	မတလ-၁၁၆၆၊	မတလ-၁၁၇၁၊	မတလ-၁၁၈၇၊
		မတလ-၁၁၉၇၊	မတလ-၁၁၉၉၊	မတလ-၁၂၃၈၊	မတလ-၁၂၄၆၊
		မတလ-၁၃၁၆၊	မတလ-၁၃၈၁၊	မတလ-၁၃၈၃၊	ရက-၂၊
		ရက-၁၂၊	ရက-၂၄၊	ရက-၃၄၊	ရက-၃၅၊
		ရက-၃၇၊	ရက-၃၈၊	ရက-၃၉၊	ရက-၄၄၊
		ရက-၆၀၊	ရက-၇၇၊	ရက-၉၀၊	ရက-၉၁၊
		ရက-၉၉၊	ရက-၁၁၄၊	ရက-၁၁၅၊	ရက-၁၂၅၊
		ရက-၁၂၇၊	ရက-၁၄၃၊	ရက-၁၅၇၊	ရက-၁၇၃၊
၄။	၅-၁၂-၂၀၁၃	ရက-၁၉၀၊	ရက-၂၀၈၊	ရက-၂၁၇၊	ရက-၂၆၇၊
	(ကြာသပတေးနေ့)	ရက-၃၁၈၊	ရက-၃၂၃၊	ရက-၃၂၄၊	ရက-၃၄၀၊
		ရက-၃၄၉၊	ရက-၃၆၂၊	ရက-၃၆၃၊	ရက-၃၆၄၊
		ရက-၃၇၂၊	ရက-၃၈၁၊	ရက-၃၈၇၊	ရက-၄၀၃၊
		ရက-၄၀၉၊	ရက-၄၁၇၊	ရက-၄၂၆၊	ရက-၄၃၁၊
		ရက-၄၃၄၊	ရက-၄၄၄၊	ရက-၄၅၄၊	ရက-၄၆၄၊
		ရက-၄၆၈၊	ရက-၄၆၉၊	ရက-၄၇၉၊	ရက-၄၉၃၊
		ရက-၅၀၀၊	ရက-၅၀၆၊	ရက-၅၁၆၊	ရက-၅၂၂
		ရက-၅၂၃၊	ရက-၅၂၄၊	ရက-၅၂၅၊	ရက-၅၂၇၊
		ရက-၅၃၆၊	ရက-၅၄၄၊	ရက-၅၅၆၊	ရက-၅၅၈၊
၅။	၆-၁၂-၂၀၁၃	ရက-၅၅၉၊	ရက-၅၆၁၊	ရက-၅၆၆၊	ရက-၅၈၉၊
	(သောကြာနေ့)	ရက-၅၉၁၊	ရက-၅၉၃၊	ရက-၅၉၆၊	ရက-၆၀၈၊
		ရက-၆၁၇၊	ရက-၆၂၃၊	ရက-၆၃၀၊	ရက-၆၃၉၊
		ရက-၆၆၃၊	ရက-၆၆၈၊	ရက-၆၈၉၊	ရက-၆၉၄၊
		ရက-၇၀၀၊	ရက-၇၃၀၊	ရက-၇၆၆၊	ရက-၇၆၇၊
		ရက-၇၈၅၊	ရက-၈၁၆၊	ရက-၈၁၈၊	ရက-၈၂၉၊
		ရက-၈၄၀၊	ရက-၈၄၂၊	ရက-၈၄၇၊	ရက-၈၅၀
		ရက-၈၅၂၊	ရက-၈၅၃၊	ရက-၈၅၉၊	ရက-၈၆၀၊
		ရက-၈၇၃၊	ရက-၉၀၉၊	ရက-၉၁၉၊	ရက-၉၂၆၊
		ရက-၉၃၂၊	ရက-၉၃၄၊	ရက-၉၃၆၊	ရက-၉၄၄
၆။	၇-၁၂-၂၀၁၃	ရက-၉၅၀၊	ရက-၉၅၃၊	ရက-၉၆၅၊	ရက-၉၇၆၊
	(စနေနေ့)	ရက-၉၈၃၊	ရက-၉၈၈၊	ရက-၉၉၁၊	ရက-၁၀၀၉၊
		ရက-၁၀၁၉၊	ရက-၁၀၃၉၊	ရက-၁၀၆၆၊	ရက-၁၀၇၀၊
		ရက-၁၁၂၃၊	ရက-၁၁၂၄၊	ရက-၁၁၅၂၊	ရက-၁၁၈၉၊
		ရက-၁၂၀၈၊	ရက-၁၂၄၁၊	ရက-၁၂၄၆၊	ရက-၁၂၄၉၊
		ရက-၁၂၅၁၊	ရက-၁၂၆၅၊	ရက-၁၂၇၃၊	ရက-၁၂၈၀၊
		ရက-၁၂၈၄၊	ရက-၁၂၈၆၊	ရက-၁၂၈၉၊	ရက-၁၃၀၆၊
		ရက-၁၃၄၅၊	ရက-၁၃၄၆၊	ရက-၁၃၅၆၊	ရက-၁၃၅၈၊
		ရက-၁၃၆၅၊	ရက-၁၃၉၁၊	ရက-၁၃၉၂၊	ရက-၁၄၆၄၊
		ရက-၁၄၈၂၊	ရက-၁၅၄၆၊	ရက-၁၅၄၇၊	ရက-၁၅၈၈၊

၂။ အထက်ဖော်ပြပါ ဥပဒေအရာရှိအဆင့်-၄၊ ရာထူး အရည်အချင်းစစ်ရေးဖြေစာမေးပွဲ အောင်မြင်သူများသည် လူတွေ့စစ်ဆေးမှုခံယူရန်နှင့် စိတ်အခြေအနေ စစ်ဆေးမှုခံယူရန် မိမိတို့ ဖြေဆိုရမည့်ရက်မတိုင်မီ (၁)ရက်ကြိုတင်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နေပြည်တော်၊ ရုံးအမှတ်(၂၅)၊ စီမံရေးရာဌာန၊ ဝန်ထမ်းရေးရာနှင့် စစ်ဆေးရေးဌာနခွဲသို့ ဥပဒေဘွဲ့/မဟာဥပဒေဘွဲ့လက်မှတ်(မူရင်း)၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်(မူရင်း)နှင့် နိုင်ငံသားစိစစ် ရေးကတ်ပြား(မူရင်း) တို့ကို ယူဆောင်၍ လာရောက်သတင်းပို့ကြရန် ဖြစ်သည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး

သူ့အမြင် သူ့အတွေး | ဆောင်းပါး

မြန်မာ့ဆီးဂိမ်းနှင့် မြန်မာ့ကွမ်းတံတွေး

နိုဝင်ဘာ ၄ ရက်က လသာမြို့နယ်သို့ ညဘက်အပြင်ထွက်၍ကားရပ်ထားစဉ် ကားစက်ဖုံးပေါ်နှင့် လေကာမှန်ပေါ်သို့ပါ အံ့ဩစရာကောင်းလောက်အောင် ကွမ်းတံတွေးကွက်ကြီးကအပြန်တွင် ဆီးကြိုနေပါတော့သည်။ အမြင့်တစ်နေရာ လိုင်းကားပေါ်မှ ကွမ်းတံတွေး ထွေးသွားလိုက်ဟန်တူပါသည်။ ခဏခဏ ဒီလိုပဲအထွေးခံရပါသည်။ ဒီလိုစာမျိုးရေးဦးမှဟု ကြံနေသောစိတ်ကတကယ်ပင်ရေးမိသွားပါသည်။

၁၉၉၆ မြန်မာ့ခရီးသွားနှစ်ကလည်း ယခုကြေးမုံသတင်းစာတွင် "မြန်မာ့ခရီးသွားနှစ်နှင့် ကွမ်းတံတွေး"ဟု ရေးသားခဲ့ဖူးပါသည်။ သတင်းစာတွင်ဖတ်ကြပြီးသကာလ အသိမိတ်ဆွေအပေါင်းအသင်းတချို့သည် မိမိအားလက်ခုပ်တီးခြင်း၊ လက်သီးထောင်ပြခြင်းနှင့် တချို့ကြိုဆိုရှုတ်ချခံခဲ့ရပါသည်။ အသိတစ်ဦးဆိုလျှင် သူတို့ကွမ်းစားတာဒီလိုရေးရကောင်းလားလို့ ခုချိန်ထိအခေါ်အပြောမလုပ်ပါတော့ချေ။ စည်းကမ်းရှိသူကထောက်ခံပြီး စည်းကမ်းမရှိသူကမထောက်ခံခဲ့ပါ။ ဒါကလည်း ဓမ္မတာလိုဖြစ်နေပါသည်။

ဒီမိုကရေစီသို့သွားနေပါသည်။ ခံစားချင်ပါသည်ဆိုလျှင်တော့ စည်းကမ်းသည်အရေးကြီးလှပါသည်။ ခေါင်းရွက်ဗျပ်ထိုးဂျာနယ်လက်ပွေ့ရောင်းသူကအစ အပေါ်ပိုင်းထိ စည်းကမ်းရှိရပါမည်။ ဒီမိုကရေစီ၏အသက်သည် စည်းကမ်းရှိမှုပင်ဖြစ်ပါသည်။ တချို့ကွမ်းစားသူပုဂ္ဂိုလ်များကိုအပြစ်မဆိုချင်ပါ၊ စည်းကမ်းရှိလျှင် ကောင်းသည်မဟုတ်ပါလော၊ ခုတော့ အသစ်ခင်းထားသည့်လမ်းမကြီးများပေါ်သို့ ဗျစ်ခနဲထွေး၊ ရေနှင့်ပလုတ်ကျင်းပြီးတော့ ကားပြတင်းပေါက်ဆီ ခေါင်းပြူကာ ဝေါခနဲထွေးထုတ်၊ လမ်းမပေါ်၊ အများဆုံးမီးပွိုင့်တွေမှာ နီနီရဲရဲ၊ အာဆီယံ ၁၀ နိုင်ငံမှ အားကစားသမား၊ သတင်းထောက်၊ အုပ်ချုပ်သူဧည့်သည် ရာပေါင်းများစွာစီးနင်းလာသောကားများနှင့် မီးပွိုင့်တွင် ယှဉ်ရပ်ထားစဉ် လိုင်းကား၊ ကိုယ်ပိုင်ကား၊ TAXI ကားများပေါ်မှ ကွမ်းတံတွေးထွေးနေသည်ကို ကင်မရာဖြင့် မှတ်တမ်းရိုက်ယူထားလိုက်နိုင်ပါသည်။

ယင်းသည် အဘယ့်အခြေအနေသို့ ရောက်ရှိသွားကြမည်နည်း၊ စဉ်းစားကြပါ၊ လောလောဆယ်တော့ "ဒီကောင်တွေ ငါတို့နိုင်ငံလောက်စည်းကမ်းမရှိဘူး" ဟု စိတ်ထဲကစကားပြောသွားကြပါလိမ့်မည်။ လွန်ခဲ့သော ၁၂ နှစ်ခန့်က ကျွန်တော်တို့တိုက်၏အပေါ်ထပ်တွင်နေသော မိတ်ဆွေတစ်ဦးသည် ကွမ်းအလွန်စားသူဖြစ်ပါသည်။ ပထမခံတွင်းတွင် အနာဖြစ်သည်။ အိန္ဒိယတွင်ဆေးသွားကုသည်။ ဒုတိယမြန်မာပြည်မှ ဆရာတွေက ကင်ဆာဟုဆို၍ အိန္ဒိယတွင်ဆေးသွားထပ်ကုပါသည်။ ကုပြီး၍ပြန်လာတော့ အောက်နှုတ်ခမ်းမှမေးစေ့အတွင်းထိ ခွဲစိတ်ကာ လျှာတစ်ဝက်ဖြတ်လိုက်ရသည်။ စကားပြောတာ "ဝူးဝူးဝါးဝါး"၊ အဲဒါလည်း မပျောက်ခဲ့ပါ၊ ငါးလလောက်ကြာတော့ ဆုံးပါးခဲ့ရပါသည်။ ထိုသူသည် ကွမ်းစားခြင်းကို အစဉ်တစိုက်စားသုံးလာခဲ့သူပင်တည်း။ ကွမ်းစားသုံးနေစဉ် မည်မျှပင် ဖြူဖြူဝဝ လှလှပပဖြစ်စေကာမူ ဥပမိရုပ်ညစ်ပါလိမ့်မည်။ စက်ရုံ၊ ကုမ္ပဏီအလုပ်ဌာနများတွင် ကွမ်းစား/ကွမ်းတံတွေးထွေးပါက ငွေဒဏ်ပါရေးသားထားရှိခြင်းက ကွမ်း၏အရေးပါပုံပင်ဖြစ်သည်။

တချို့ဖြတ်မရဟုဆိုပါသည်။ စည်းကမ်းရှိရှိဖြင့် ကွမ်းကိုစားသုံးပါလို့တော့ကျွန်တော်မပြောလိုပါ၊ မစားပါနှင့်ဟုသာ အပြတ်ပြောချင်ပါသည်။ ကွမ်းစားသုံးခြင်းကြောင့် ပြီးပြည့်စုံသောအာဟာရရရှိပါသလား၊ မရှိ၊ မရပါ။ ဆုံးရှုံးခြင်းဆိုသော အနုတ်လက္ခဏာတွေသာ နောက်မှလိုက်လာကြဖို့ပင်ရှိပါသည်။ မိမိကိုယ်တိုင် ထိုင်ထိုင်၊ ထထ၊ သွားသွား၊ လာလာ၊ စားစား၊ မစားစား သည်စိတ်တစ်ခုတည်းမှ ခွဲထွက်သွားခြင်းပင်ဖြစ်ပါသည်။ ဆရာလုပ်ပါမည်။ ဒီတစ်ပတ် တစ်နေ့ ၁၀ ယာကွမ်းစား၊ နောက်တစ်ပတ် ကိုးယာကွမ်းစား၊ နောက်တစ်ပတ် ရှစ်ယာစား၊ စိတ်ကလည်းလျှော့၊ ကွမ်းကလည်းလျှော့ဆိုလျှင်တော့ ကွမ်းစားခြင်းပြတ်ကြမှာပါဟု စေတနာဖြင့်တိုက်တွန်းရေးသားလိုက်ပါသည်။ ။

ထိပ်ဆုံးက မြန်မာ့အလံ

- ဝါစိမ်းနီသုံးရောင်
အလယ်ကောင် "ရှုဝံ"ဖူး။
ပြည်ထောင်စု သင်္ကေတ
မြန်မာ့အလံထူး။
- မြန်မာ့ ကိန်းအယူ
ကြယ် "ရှုဝံ"မြေမခ။
အလင်း အဖြူရောင်နှင့်
ထွန်းပြောင်လှပ။
- "၂၇" ဆီးဂိမ်းမှာ
တို့မြန်မာ မောင်မယ်တွေ။
ရွှေရွှေရွှေ "ရွှေဆု"
အားပြုပြိုင်စေ။
- ထိပ်ဆုံးမှာ မြန်မာ့အလံ
အောင်ပွဲခံ လွှင့်ထူလို့။
တို့နိုင်ငံ များပြည်သူ
ဂုဏ်ယူကြစို့။ ။

သစ္စာမိုး(ကံ့ကော်မြေ)

လားရှိုးတွင် တောင်စောင်းမြေ ဆီလျှော်ထိန်းသိမ်းစိုက်ပျိုးရေးသင်တန်း ကျင်းပ

လားရှိုး နိုဝင်ဘာ ၉

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ တောင်စောင်း မြေဆီလျှော်ထိန်းသိမ်းစိုက်ပျိုးရေးသင်တန်း (SALT) ကို နိုဝင်ဘာ ၈ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်း ယာမြေတွင် အေ-ဖရိမ်ပြုလုပ်နည်း၊ ရေချိန်ညီ အမှတ်အသားသတ်မှတ်နည်း၊ ကွန်တိုလိုင်းများဖော်ထုတ်နည်းများကို စာတွေ့လက်တွေ့ရှင်းလင်းခြင်းဖြင့် လောက်ကိုင်ခရိုင်ဦးစီးမှူး ဦးစိုင်းသန်းအောင်က ပို့ချပေးခဲ့သည်။

အဆိုပါ (SALT) သင်တန်းကို ပြည်နယ် ဒုတိယဦးစီးမှူး ဦးမြင့်အောင်၊ ခရိုင်ဦးစီးမှူး ဦးမြကျော်နှင့် လားရှိုးခရိုင်အတွင်းမှ လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ မိုင်းရယ်၊ မန်ကန်မြို့နယ်များမှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၉၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဟန်ငွေး(iprd)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ မင်းဘူး-အမ်း- စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း (စစ်တွေ) တွင် သံလမ်းခင်းခြင်းလုပ်ငန်း၌ အသုံးပြုမည့် အောက်ဖော်ပြပါ ပစ္စည်း(၂)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်း နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) သစ်သားဇလီဖား (၆'-၀"× ၀'-၈"×၀'-၄½") - ၄၅,၆၃၀ တုံး

(ခ) လမ်းခင်းကျောက် (1"x1½") ၁၄,၂၀၀ ကျင်း

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၅-၁၁-၂၀၁၃ ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို မင်းဘူး-အမ်း- စစ်တွေ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းရုံး(စစ်တွေ) တွင် ကြော်ငြာသည့်ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉ ၅၃၄၁၉၇၄ နှင့် ၀၉ ၈၅၀၀၅၇၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၆/၂၀၁၃)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းအား တင်ဒါခေါ်ယူ လိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ - Aluminium Trichloride 30 MT,
- Trichloroisocyanuric Acid(TCCA)-6MT

(ခ) စက်နှင့်စက်အရံပစ္စည်းများ - Steel Dipping Tape,Tyre& Battery

(ဂ) ကုန်ကြမ်းပစ္စည်းများ - ပလတ်စတစ်အိတ်(၅၄၀၀ပေါင်)

(ဃ) ပြုပြင်ခြင်းလုပ်ငန်း - ညောင်တုန်းစက်ရုံ၏ 4MVA Transformer
- အစိတ်အပိုင်းများလဲလှယ်ပြုပြင်ခြင်း

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

စက်နှင့်စက်အရံပစ္စည်းများ-Spare for Co_2 Compressor, HMI, Temperature Element, Pressure Gauges, Positioner, Ultrasonic Level Transmitter& Pressure Transmitter, Frame Oil Pumps, Lubricators, Motor for Start up Boiler, Absorber Feed Pump with Spares, Mechanical Seal and Lube Oil Filter.

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၁၂-၁၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်/အချိန်

(က) ၂၂-၁၁-၂၀၁၃-ညောင်တုန်းစက်ရုံ၏4MVA Transformer အစိတ်အပိုင်းများ လဲလှယ်ပြုပြင်ခြင်း၊ Trichloroisocyanuric Acid (TCCA)-6MT

(ခ) ၁၁-၁၂-၂၀၁၃ ရက် (ကျန်တင်ဒါများအတွက် ဖြစ်ပါသည်။)

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
စီမံရေးဌာန/ ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃



ဖခင် အမည်မှန်

ပြည်မြို့၊ အထက-၁၊ ဆဋ္ဌမတန်း(J)မှ မောင်ထင်ရှားထက်နိုင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်[၇/ပမန(နိုင်)၁၁၄၀၉၂]ဖြစ်ပါကြောင်း။



အပျိုကြီးဘဝကိုကျေနပ်သူကန်းထရီးဘုရင်မလေးတေလာဆွတ်ဖ်

မကြာမီကမှ ကန်းထရီးတေးဂီတအဖွဲ့အစည်းကြီးမှ ကြီးမှူးအပ်နှင်းသည့် စီအမ်အေတေးဂီတဆုပေးပွဲအခမ်းအနားတွင် ပထမဆုံးအကြိမ်အသက်အငယ်ဆုံးအဖြစ် Pinnacle Award ကိုရရှိဆွတ်ခူးခဲ့သည့် အသက်(၂၃)နှစ်အရွယ် တေးသံရှင် တေလာဆွတ်ဖ်က ၎င်းအနေဖြင့် ယခင်က ဂျွန်မိုင်ယာ၊ One Direction အဖွဲ့မှ ဟာရီစတိုင်လ်တို့နှင့် ချစ်ကြိုးသွယ်ခဲ့ဖူးသော်လည်း ယခုလက်ရှိတွင် တစ်ဦးတည်း အပူအပင်ကင်းမဲ့စွာနေထိုင်ရသည့်ဘဝကို ပိုမိုနှစ်သက်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"အခုဆိုရင် ကျွန်မအနေနဲ့ ဘယ်သူနဲ့စေ့စပ်တယ်၊ ဘယ်သူနဲ့တွဲနေပါတယ်ဆိုပြီး ပါပါရာဇီတွေရဲ့ တကောက်ကောက်လိုက်တာခံနေရတဲ့ဒုက္ခတွေ မရှိတော့ပါဘူး။ ပရိသတ်တွေရဲ့ ယုံကြည်မှုကိုလည်း ပိုမိုရရှိလာပါတယ်။ အဲဒါကို အဆုံးရှုံးမခံချင်ပါဘူး။ အခုလက်ရှိမှာတော့ ကျွန်မဘဝထဲမှာ ဘယ်သူမှ မရှိနေတဲ့အချိန်တွေဟာ ကျွန်မအတွက် အပျော်ရွှင်ရဆုံးပါပဲ"ဟု တေးသံရှင် တေလာဆွတ်ဖ်က အမေရိကန်နိုင်ငံထုတ် ပေါ့ပ်မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

ဂျက်ကီချန်းနှင့် ဂျိမ်းစ်ကင်မရွန်းတို့ အနာဂတ်ရုပ်ရှင်ပူးပေါင်းရေးဆိုင်ရာများ ဆွေးနွေး

မျိုးစန္ဒာမောင်
စုစည်းရေးသားသည်

နာမည်ကျော် မင်းသား ဂျက်ကီချန်းကိုယ်တိုင် ဒါရိုက်တာနှင့် သရုပ်ဆောင်အဖြစ် ပါဝင်ရိုက်ကူးထားပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအတွင်းကထွက်ရှိခဲ့သည့် CZ12 ဟောင်ကောင်-တရုတ် အက်ရှင်ဇာတ်ကားကို ပြီးခဲ့သည့် ရက်သတ္တပတ်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ရုံတင်ပြသခဲ့ပြီး ယင်းအတောအတွင်းတွင် ဟောင်ကောင်ကြယ်ပွင့် ဂျက်ကီချန်းနှင့် နာမည်ကျော် Avatar ဇာတ်ကား၏ဖန်တီးရှင် ဒါရိုက်တာဂျိမ်းစ်ကင်မရွန်းတို့ တွေ့ဆုံဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့ကြောင်း သိရသည်။

ဂျက်ကီချန်းနှင့် ဒါရိုက်တာဂျိမ်းစ်ကင်မရွန်းတို့သည် အဆိုပါတွေ့ဆုံပွဲ၌ အနာဂတ်တွင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အလားအလာများကို ၎င်းတို့ကျင်လည်ခဲ့ကြသည့် သရုပ်ဆောင်၊ ဒါရိုက်တာ၊ ထုတ်လုပ်သူနှင့် ဇာတ်ညွှန်းရေးဆရာတို့၏ အမြင်များဖြင့် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တိုက်စစ်မှူးဆာဂျီယိုအဂူရိုနှင့် နည်းပြပိုချက်တီနို ပရီမီယာလိဂ်အောက်တိုဘာတစ်လတာအကောင်းဆုံးဆုများဆွတ်ခူး

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း မန်စီးတီးအသင်းအတွက် သုံးပွဲကစား၊ လေးဂိုးသွင်းယူပေးခဲ့ပြီး နှစ်ဂိုး ဖန်တီးပေးနိုင်ခဲ့သည့် မန်စီးတီးအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ဆာဂျီယိုအဂူရိုသည် ပရီမီယာလိဂ်၏ အောက်တိုဘာတစ်လတာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။

တိုက်စစ်မှူး အဂူရိုသည် အောက်တိုဘာ ၅ ရက်က မန်စီးတီး၏ အိမ်ကွင်း၌ အဲဗာတန်အား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်၌ ပွဲကစားချိန် ၄၅ မိနစ်တွင် မန်စီးတီးအတွက် တစ်ဂိုးသွင်းယူပေးခဲ့သည်။ အောက်တိုဘာ ၁၉ ရက်က ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရသည့် ပွဲစဉ်တွင် မန်စီးတီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာတွင် တိုက်စစ်မှူး အဂူရိုက ၁၆ မိနစ်နှင့် မိနစ် ၅၀ တို့တွင် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အပြင် အောက်တိုဘာ ၂၇ ရက်က ချယ်လ်ဆီးအသင်း၏ အိမ်ကွင်း၌ ချယ်လ်ဆီးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ယင်းသို့ အောက်တိုဘာလအတွင်း မန်စီးတီးအသင်းအတွက် သုံးပွဲကစားပေးခဲ့ရာ သွင်းဂိုးလေးဂိုး သွင်းယူပေးခဲ့သည့်အပြင် ယင်းပွဲစဉ်များတွင် အခြားသောကစားသမားများ ဂိုးများသွင်းယူနိုင်ရေးအတွက်လည်း ဖန်တီးပေးမှုနှစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် အောက်တိုဘာတစ်လတာပရီမီယာလိဂ်အကောင်းဆုံးကစားသမားဆု ရရှိခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် မန်စီးတီးအသင်းသည် တိုက်စစ်မှူးအဂူရို၏ စွမ်းဆောင်မှုနှင့် အတူ ရမှတ် ၁၉ မှတ်ရရှိကာ အမှတ်ပေးဇယားအဆင့်(၅)သို့ တက်လှမ်းနိုင်ခဲ့သည်။

ပရီမီယာလိဂ် တစ်လတာအကောင်းဆုံးနည်းပြဆုကိုမူ ဆောက်သမ်တန်နည်းပြ ပိုချက်တီနိုက ဆွတ်ခူးရရှိခဲ့သည်။ နည်းပြပိုချက်တီနိုသည် အောက်တိုဘာလအတွင်း ဆောက်သမ်တန်အသင်းအား သုံးပွဲတာဝန်ယူကိုင်တွယ်ခဲ့ရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် ရမှတ်ခုနစ်မှတ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ အောက်တိုဘာ ၆ ရက်က ဆွမ်ဆီးအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အောက်တိုဘာ ၁၉ ရက်တွင်မူ လက်ရှိပရီမီယာလိဂ်ချန်ပီယံ မန်ယူအသင်းကို တစ်ဖက်တစ်ဂိုးစီဖြင့် သရေတစ်မှတ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ထို့အပြင် အောက်တိုဘာ ၂၆ ရက်တွင် ဖူလ်ဟမ်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းသို့ စွမ်းဆောင်ကာ ပွဲစဉ်(၁၀)အပြီးတွင် ရမှတ် ၁၉ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၆)သို့ တက်လှမ်းနိုင်ခဲ့ခြင်းကြောင့် ဆောက်သမ်တန်နည်းပြ ပိုချက်တီနိုသည် အောက်တိုဘာလအတွင်း အကောင်းဆုံးစွမ်းဆောင်မှုအဖြစ် တစ်လတာအကောင်းဆုံးနည်းပြဆုကို ဆွတ်ခူးရရှိခဲ့သည်။

ငွေကြယ်



မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်
စေတော်ဝင် ရွှေပေါက်ကျွန်းသာသနာပြုစခန်း
(၄၂)ကြိမ်မြောက်စုပေါင်းမဟာဘုံကထိန်နှင့် (၆၅)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်နှိုးဆော်ပန်ကြားလွှာ

(၁) သာသနာတော်နှစ် ၂၅၅၇ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၅ခုနှစ်၊ (၄၂)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်နှင့် (၆၅)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော်ကြီးများကို ကျေးဇူးတော်ရှင် အရှင်ဇေယျသိဒ္ဓိမဏ္ဍဇာဂိက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာတော်ကြီး၏ ဩဝါဒအတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

(၂) ဆရာတော်ကြီး၏ ဩဝါဒနှင့်ကျေးဇူးတော် ဂုဏ်တော်တို့ကို အစဉ်ထာဝရ ဦးထိပ်ရွက်ပန်ဆင်လျက်ရှိကြကုန်သော မြို့နယ်အသီးသီးမှ တပည့်ဝေနေယျအများအနေဖြင့် ပဒေသာပင်များ၊ ဆွမ်းဆန်တော်များ၊ ရိက္ခာအစို-အခြောက်များ၊ အလှူတော်ငွေများကို မိမိတို့မြို့နယ်အစီအစဉ်ဖြင့်ဖြစ်စေ၊ တစ်ဦးချင်းအစီအစဉ်ဖြင့်ဖြစ်စေ၊ စီစဉ်ဆောင်ရွက်လျက်ပေးပို့ လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

(ပဒေသာပင် အရိုးခံများကို ကျောင်းတော်မှ စီစဉ်ပေးထားပါသည်။)

(၃) စုပေါင်းမဟာဘုံကထိန်ပွဲ ပင့်သံဃာတော်များအား တစ်ပါးလျှင် သင်္ကန်းတစ်စုံစီ ဆက်ကပ်လှူဒါန်းရန်အတွက် အဖွဲ့လိုက် ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဆက်ကပ်လှူဒါန်းနိုင်ကြောင်းလည်း အသိပေးနှိုးဆော်အပ်ပါသည်။

(၄) သို့ဖြစ်ပါ၍ ကျေးဇူးတော်ရှင်ဆရာတော်ကြီး၏ ဩဝါဒခံတပည့်ဒါယကာ၊ ဒါယိကာမများ ကထိန်အလှူတော် ပါရမီဆည်းပူးပွဲသို့ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားနှိုးဆော်အပ်ပါသည်။

၁၆-၁၁-၂၀၁၃ရက် (တန်ဆောင်မုန်းလဆန်း ၁၄ရက်) နံနက်တွင် ပဒေသာပင်များ လှည့်လည်ကြပြီး
ညနေ ၃း၀၀ နာရီတွင် ကထိန်ခင်းမည် ဖြစ်ပါသည်။

ကျေးဇူးတော်ရှင် ရွှေပေါက်ကျွန်းဆရာတော်ကြီး၏ ဩဝါဒခံ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ
တပည့်ဒါယကာ-ဒါယိကာမများနှင့် ဥပဋ္ဌာကအဖွဲ့ စေတော်ဝင် ရွှေပေါက်ကျွန်းသာသနာပြုစခန်း
ဖုန်း-၀၉-၆၅၀၁၁၅၅၊ ၀၉-၂၀၃၄၄၉၀

ကြို/ပို့ယာဉ်နှင့် ကိုယ်ပိုင်ယာဉ်တို့ တိုက်မှုဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သမိုင်းခုံးကျော်တံတားအဆင်း၌ ဟိုတယ်တစ်ခု၏ ဝန်ထမ်းကြို/ပို့ယာဉ်တစ်စီးနှင့် ကိုယ်ပိုင်ယာဉ်တစ်စီးတို့ တိုက်မိမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၆ ရက် ည ၉ နာရီ ၄၅ မိနစ်က မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် သမိုင်းဘူတာရုံလမ်းရှိ သမိုင်းခုံးကျော်တံတားအဆင်း၌ သမိုင်းဘူတာရုံလမ်းအတိုင်း အရှေ့ဘက်မှအနောက်ဘက်သို့မောင်းနှင်လာသော ၅ဂ/--- (HOVER) အဖြူရောင်ကိုယ်ပိုင်ယာဉ်နှင့် အဆိုပါလမ်းအတိုင်း အနောက်မှအရှေ့ဘက်သို့ မောင်းနှင်လာသည့် GRAND PALACE ဟိုတယ်၏ ဝန်ထမ်းကြို/ပို့ယာဉ် ၇က/--- ဟိုင်းလပ်အပြာရောင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ယာဉ်နှစ်စီးလုံး ဦးခေါင်းပိုင်းပျက်စီးခဲ့ပြီး ကြို/ပို့ယာဉ်ပေါ်ပါ အမျိုးသမီးတစ်ဦးမှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့၍ ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

ထိုယာဉ်မတော်တဆမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၃၇)

မြောက်ဥက္ကလာပမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၉

ယနေ့နံနက် အစောပိုင်းက မြောက်ဥက္ကလာပမြို့နယ် ဥက္ကလာသီရိပန်းခြံလမ်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၉ ရက် နံနက် ၄ နာရီ မိနစ် ၄၀ က မြောက်ဥက္ကလာပမြို့နယ် ဃ/တိုးချဲ့ ရပ်ကွက် ဥက္ကလာသီရိပန်းခြံလမ်းနေ ဦးမောင်သီ၏ နေအိမ်ဝဲဘက်ရှိ အပိုပစ္စည်းထားသော ဂိုဒေါင်မျက်နှာကြက်အတွင်း သွယ်တန်းထားသော ဝါယာကြိုးများမှ အပူရှိန်လွန်ကဲကာ မျက်နှာကြက်သစ်သားတန်းများအား မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၃ စီးရောက်ရှိလာပြီး ငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့ပြီး မီးပေါ်ဆစ္စာ အသုံးပြုသူ ဦးမောင်သီအား မြောက်ဥက္ကလာပ မြို့မရဲစခန်းက (ပ)၉၁၂/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

(၀၄၀)

သင့်ကြောင့်
မီးမလောင်ပါစေနှင့်

နေပြည်တော် နိုဝင်ဘာ ၉

အမှတ်(၁၀၁)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (နေပြည်တော်)မှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၂၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ကွမ်းလုံ)မှ တပ်ဖွဲ့ဝင်များ၊ လောက်ကိုင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် တာရွှေထန်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက်က မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ လောက်ကိုင်-ကုန်းကြမ်း-တာပါးလမ်းဆုံ၌ ပိတ်ဆို့ရှာဖွေစဉ် ကုန်းကြမ်းမှ တာရွှေထန်သို့ တရုတ်နိုင်ငံ ပေါက်ရှန်းမြို့ ရှောကျိုင်းရွာနေ ရန်းပျင်(၂၈)နှစ် မောင်းနှင်လာသည့် တုန်ဖုန်းအမျိုးအစား KK-×××× ခြောက်ဘီးအပြာရောင်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ရှေ့ခန်းအတွင်း သို့ဝှက်သယ်ဆောင်လာသည့် WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၈၂၃၆၀ တန်ဖိုးငွေကျပ် ၁၂၃၅ ဒသမ ၄သိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့် မိုတစ်စုံတို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် ရန်းပျင်အား လောက်ကိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

မွေးနေ့ဆုမွန်

ချစ်သမီးလေး မမေသူကျော်၏ ၁၀-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ကျရောက်သော (၁၁)နှစ်မြောက် မွေးနေ့မှစ၍ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး ချစ်သော ဖေဖေ၊ မေမေ၊ မောင်လေးတို့နှင့် ပျော်ရွှင်ဖွယ်မွေးနေ့ပေါင်းများစွာကို ဖြတ်သန်းနိုင်ပါစေ။

ဖေဖေ - ဦးအောင်ကျော်မိုး
မေမေ - ဒေါ်သက်မာထွန်း
မောင်လေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
၃၅-မော်ကွန်းတိုက်လမ်း၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် ပင်မ (၄)ထပ် အဆောက်အအုံ လှုကူးတံတားအသစ်တည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာ အသေးစိတ်အချက်အလက်များကို ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန၊ ရန်ကုန်မြို့၊ လက်ထောက်ညွှန်ကြားရေးမှူး(အုပ်ချုပ်ရေး)ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်စုံစမ်း မေးမြန်းရယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၁-၁၁-၂၀၁၃ ရက်(တနင်္လာနေ့)(၉း၃၀)နာရီ
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၉-၁၂-၂၀၁၃ ရက်(တနင်္လာနေ့)(၁၆း၀၀)နာရီ

ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကြီးမားသော မေတ္တာများနှင့် တပည့်များအပေါ်၌ မိဘသဖွယ် ထပ်းညွှန်သွန်သင်ဆုံးမပေးသော **Lucky Bag & Swallow Plastic** စက်ရုံပိုင်ရှင်ဆရာဦးလှဝင်း၏၁၀. ၁၁. ၂၀၁၃တွင် ကျရောက်သော ၅၄ နှစ်မြောက်မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်း ၁၀၀ တိုင် ချစ်ဇနီး ချစ်သားသမီး ချစ်တပည့်များနှင့်အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ထမ်းဆောင်နိုင်ပြီး ဘဝမှာ လိုအင်ဆန္ဒများ ပြည့်စုံ၍ အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Lucky Bag & Swallow Plastic စက်ရုံ ဝန်ထမ်းတပည့်များ

လှည်းဝိုင်းကြီးများဖွဲ့ကာ တပျော်တပါးဆင်နွှဲကြသည့် စစ်ကိုင်းကောင်းမှုတော် တန်ဆောင်တိုင်ပွဲ

စစ်ကိုင်း နိုဝင်ဘာ ၉

ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ အထူးစိတ်ဝင်စားစွာ လာရောက်လေ့လာကြည့်ရှုကြသည့် စစ်ကိုင်းမြို့ သမိုင်းဝင်ရာဇမဏိစူဠာကောင်းမှုတော်ကြီး၏ တန်ဆောင်တိုင်ပွဲတော်ကြီးမှာ နီးကပ်လာပြီဖြစ်သည်။ ရိုးရာမပျက် လှည်းဝိုင်းကြီးများဖွဲ့ကာ လာရောက်ဆင်နွှဲကြသည့် ကောင်းမှုတော်စေတီ တန်ဆောင်တိုင်ပွဲတော် လှည်းဝိုင်းကြီးများမှာ ပျော်ရွှင်စရာ၊ ကြည်နူးစရာ စိတ်ဝင်စားဖွယ်ရာလည်း ကောင်းလှကြောင်း သိရသည်။ နှစ်စဉ်ကျင်းပသည့် စစ်ကိုင်းကောင်းမှုတော်စေတီတော်ကြီး၏ ပွဲတော်များတွင် နယ်လုံးကျွတ် ပါဝင်ဆင်နွှဲကြသည့် သီတင်းကျွတ်လပြည့်နေ့ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ဒေသခံများက“လှည်းပွဲ”ဟုခေါ်ဝေါ်ကြသည့် တန်ဆောင်တိုင်ပွဲတော်တို့မှာ အစည်ကားဆုံးနှင့် အထူးခြားဆုံးဟု ဆိုရမည်ဖြစ်ပေသည်။

စစ်ကိုင်းကောင်းမှုတော်၏ သီတင်းကျွတ်ပွဲတော်သည် မြို့ပေါ်ရပ်ကွက်များနှင့် ဝန်းကျင်ကျေးရွာများမှ အရဏ်တော်ဝတ်အသင်းများက အတီးအမှုတ်၊ အကအခုန်များ၊ ဒေဝါဝင်း၊ ရာဇာဝင်းများခင်းကျင်းကာ တက်ရောက်ကြပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည့်ပွဲတော်ဖြစ်သည်။ နယ်လုံးကျွတ် ဆင်နွှဲသည့်ပွဲတော်ဖြစ်၍ အလွန်စည်ကားလှသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပသည့် ပွဲတော်မှာ ဈေးပွဲ၊ ဇာတ်ပွဲ၊ လက်ဝှေ့ပွဲများဖြင့် စည်ကားစွာကျင်းပသည့် ပွဲတော်ဖြစ်သည်။ အထူးသဖြင့် ကုန်း-၄ ရွာဟု ခေါ်ဝေါ်ကြသည့် ကုန်းရွာ၊ ကျောက်ဆည်ရွာ၊ တစ်အိမ်တည်းရွာ၊ အောင်သာရွာနှင့် ရွာသစ်ကျေးရွာများမှ ပေါင်းမိုးတပ်နွားလှည်းများဖြင့် ရွာလုံးကျွတ် လာရောက်ကြကာ လှည်းဝိုင်းကြီးများဖွဲ့၍ ရက်ရှည်နေထိုင်ဆင်နွှဲကြသည်။ အခြားကျေးရွာများဖြစ်သည့် စာရေးကျောက်ပနန်၊ ရွာသစ်၊ ကန်ကြီးကုန်း၊ စကျင်၊ ကျောက်တာ၊ ရေခါး၊ ပြတရော်နှင့် ဆင်တပ် စသည့် ကျေးရွာများမှလည်း လှည်းများဖြင့် လာရောက်ဆင်နွှဲကြသဖြင့် ပွဲတော်ကြီးမှာ အလွန်စည်ကားလှသည်။ ရှေးယခင်က စစ်ကိုင်းမြို့သူ မြို့သားများကလည်း နွားလှည်းများဖြင့် ဘုရားပွဲတော်သို့ လာရောက်ဆင်နွှဲခဲ့ကြသော်လည်း ယခုအခါ မရှိသလောက် ရှားပါးသွားပြီဖြစ်သည်။

လှည်းဝိုင်းကြီးများသည် ပွဲတော်တွင် လေးရက်၊ သုံးညအိပ်မျှ နေထိုင်ဆင်နွှဲကြပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် နွားလှည်းများအပေါ်၌ ဖျာလိပ်၊ ရိုင်လိပ်၊ စဉ့်အိုး၊ စဉ့်အင်၊ ထန်းခေါက်တောင်း၊ ဆန်ကော၊ ဆန်ခါစသည့်တို့ကို အပြည့်တင်ဆောင်ကာ လှည်းတပ်ကြီးများဖွဲ့၍ တပျော်တပါး ရွာသို့ပြန်ကြသည်။

ကောင်းမှုတော်တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ဆင်နွှဲလည်ပတ်ကြသည့် နိုင်ငံခြားခရီးသွား ဧည့်သည်များက အထူးစိတ်ဝင်စားကြသည်။ လှည်းဝိုင်းကြီးများသို့ လှည့်လည်လည်ပတ်ကာ ကြည့်ရှုလေ့လာမှတ်တမ်းတင်ကြသည်။ ရိုးရာမပျက် နှစ်စဉ်ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည့် ကောင်းမှုတော်တန်ဆောင်တိုင် လှည်းပွဲတော်သို့ လာရောက်လေ့လာသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

(နန္ဒာမင်းလွင်)

ဟောင်းနွမ်းအိမ်ရာ စိတ္တရမဟီအား ခေတ်မီ ရှစ်ထပ်အဆောက်အအုံတည်ဆောက်

မန္တလေး နိုဝင်ဘာ ၉

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆)လမ်း၊ (၇၃)လမ်းနှင့် (၇၄)လမ်းကြားရှိ ၁၉၅၅ ခုနှစ်က တည်ဆောက်ခဲ့သော ပြည်တော်သာစီမံကိန်း စိတ္တရမဟီအိမ်ရာမှာ ယိုယွင်းပျက်စီးနေပြီး မြို့ပြအင်္ဂါရပ်နှင့် မညီညွတ်သဖြင့် နိုဝင်ဘာ ၁ ရက်မှစ၍ ဖျက်သိမ်းလျက်ရှိသည်။ ယခင်နေထိုင်ခဲ့သော ဝန်ထမ်းများအား ယာယီပြောင်းရွှေ့ကြေး တစ်လ ကျပ် ၁၅၀၀၀၀ နှုန်းဖြင့် တစ်နှစ်စာပေးအပ်ပြီး အဆောက်အအုံဟောင်းများ ဖျက်သိမ်းလျက်ရှိသည်။

စိတ္တရမဟီအိမ်ရာမြေနေရာအား မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ခေတ်မီရှစ်ထပ်အဆောက်အအုံတည်ဆောက်ကာ မူလဝန်ထမ်းမိသားစုများနှင့် အိုးအိမ်မရှိသော နိုင်ငံ့ဝန်ထမ်းများအား နေရာချထားပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

ကျေးလက်ဖွံ့ဖြိုးရေးလူငယ်ဝန်ထမ်းအသစ်များ ခန့်ထားမည်

ကျောက်ပန်းတောင်း နိုဝင်ဘာ ၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ လုပ်ဆောင်နိုင်ရေး အထောက်အကူဖြစ်စေရန် အတွက် ကျေးလက်လူငယ်ဝန်ထမ်း အသစ်များ ရွေးချယ်ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ အလုပ်လျှောက်ထားလိုသူများအား အောက်တိုဘာ ၅ ရက်မှစတင်၍ လျှောက်လွှာများ အခမဲ့ထုတ်ယူစေကာ အောက်တိုဘာ ၈ ရက်အထိ လျှောက်ထားစေခဲ့ပြီး အဆိုပါ အလုပ်လျှောက်ထားသူများအား အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲက ဦးစီးဌာနရုံး ဖွင့်လှစ်ထားရှိသည့် အဆောက်အအုံ၌ လူတွေ့ခေါ်ယူစစ်ဆေးခဲ့ကြောင်း သိရသည်။

ကျေးလက်လူငယ်အဖြစ် ခေါ်ယူခန့်ထားမည့်သူများမှာ အသက် (၂၃) နှစ်ဝန်းကျင်၊ ကျန်းမာရေးကောင်းမွန်ပြီး ဘွဲ့ရရှိပြီးသူဖြစ်ရမည့်အပြင် ကျေးရွာများသို့ ကွင်းဆင်းတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်ဟု စည်းကမ်းချက်များ ပါရှိသည်။ အဆိုပါလူတွေ့စစ်ဆေးမှုကို မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးကျော်မင်းနောင်၊ ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးစိုးနိုင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှဆင့်နှင့် ဦးဘိုကျော်တို့က တွေ့ဆုံမေးမြန်းကြပြီး ကျေးရွာများမှ ကျေးလက်လူငယ်အဖြစ် အလုပ်လျှောက်ထားသူကျား ၁၀ ဦး၊ မ ၄၀ တို့အနက်မှ ကျားကိုးနှင့် မ ၂၉ ဦးစုစုပေါင်း ၃၈ ဦး လာရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

မြင်းခြံမြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး၏ စာလျှောက်မေးပွဲရက် ကြေညာချက်

မြင်းခြံမြို့၊ ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး၏ (၆၂)ကြိမ်မြောက် စာလျှောက်မေးပွဲအား ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်မှ ၁၁ ရက်အထိ ယခင်နှစ်များကဲ့သို့ ကျင်းပသွားမည်ဖြစ်ပါ၍ စာလျှောက်မေးပွဲဝင်ခွင့်လျှောက်လွှာများအား ၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်မှ စတင်လက်ခံနေပါသည်ဘုရား။

အမှုဆောင်အဖွဲ့
ပရိယတ္တိသဒ္ဓမ္မပါလအသင်းကြီး
မြင်းခြံမြို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၅၀၀ကေဗွီ သပြေဝ(မိတ္ထီလာ)-နေပြည်တော်-တောင်ငူ နှစ်ထပ်ဓာတ်အားလိုင်း Foundation လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်။ ဆောင်ရွက်လိုသည့် ကုမ္ပဏီများအနေဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများတွင် အနည်းဆုံး စီမံကိန်း(၃)ခု၌ ပါဝင်ဆောင်ရွက်ခဲ့ဖူးသည့် အတွေ့အကြုံရှိရပါမည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်	-	၈-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	-	၂၂-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ရောင်းမည်

၁။	ရန်ကုန်-ပဲခူးလမ်းမပေါ်မေးတင် (၀. ၃၆) ဧက (ရွှေအုန်းပင်ထမင်းဆိုင်အနီး)	သိန်း ၁၂၀၀၀
၂။	ရန်ကင်း(၃)လမ်း၊ လှည်းကူးမြို့နယ်၊ ပေ(၈၀×၈၀)ထောင့်ကွက် (ရန်ကုန်-ပဲခူးလမ်းမပေါ်မေးတင်) အာဆီယံဟိုင်းဝေး-၁	သိန်း ၄၅၀၀
၃။	ညောင်နှစ်ပင်မွေးမြူရေးဇုန် (၁၀)ဧက	သိန်း ၂၅၀၀
၄။	ညောင်နှစ်ပင်စိုက်ပျိုးရေးဇုန်(၅)ဧက	သိန်း ၁၁၀၀
၅။	သာယာကုန်း (ကျွန်းကလေးကျေးရွာ(၁)ဧက (ရန်ကုန်-ပဲခူးလမ်းမပေါ်မေးတင်)	သိန်း ၆၅၀၀

ဆက်သွယ်ရန်
ဖုန်း-၀၉-၄၅၀၀၁၁၁၁၁၊ ၀၉-၈၆၃၀၈၈၈၊ ၀၉-၅၁၂၂၇၆၆



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ တောင်ကုတ်-သံတွဲ ၆၆ကေဗွီ ဓာတ်အားလိုင်း (၃၅)မိုင်နှင့်ကျောက်ဖြူ GT-မဒဲကျွန်း(LNG Project) ၆၆ကေဗွီ ဓာတ်အားလိုင်း (၂၈)မိုင်တို့အတွက် လိုအပ်သော ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်	-	၈-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	-	၂၂-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	-	၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်တော်၊ ကျွန်မတို့၏ သားကြီးဖြစ်သူ မောင်ကျော်စွာဝင်း[၁၂/အလန(နိုင်)၀၃၄၀၀၉]အား ၃-၆-၂၀၀၉ ရက် ထုတ်ဝေသော သတင်းစာများတွင် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာချက်ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးသိန်းမြင့်၊ ဒေါ်ခင်မမကြီး
အမှတ်(၅၃)၊ စက်တွင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇-ဘီ၊ မြေကွက်အမှတ်-၁၁၊ ဧရိယာ(၀. ၃၇၃)ဧက၏ မခွဲမစိတ်ရသေးသည့် အစိတ်အပိုင်း ပေ(၉၂½×၃၉½)၊ မြေကွက်တည်နေရာအမှတ်-၂၉၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်၊ (မလော်ကီ) အမည်ပေါက်ဘီ အိမ်ရာမြေ သတ်မှတ်မြေအား အမည်ပေါက် မလော်ကီမြေအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၅၁/၂၀၁၂၊ တရားမဇာရီမှုအမှတ် ၂၈/၂၀၁၃တို့တင်ပြ၍ ဘီလစ်ဒေါ်အေးမြတ်သူ[၁၄/အဂပ(နိုင်)၁၄၁၅၆၇]က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/ပုသိမ်မြေ၊ မြေကွက်အမှတ်-၁၃၉/အေ၊ မြေကွက်တည်နေရာအမှတ်(၁၃၉/အေ)၊ (၅)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံ (ဦးအောင်ဆန်း)အမည်ပေါက် နှစ်(၆၀)မြေအား အမည်ပေါက် ဦးအောင်ဆန်း ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ချယ်ရီ[၁၂/ဒပန(နိုင်)၀၁၁၃၆၉]ကိုယ်စား GP ၁၆၇၈၃/၁၃၊ ၁၀-၉-၁၃ရရှိသူ ဒေါ်တင်ဇာခိုင်[၁၂/လမန(နိုင်)၁၂၉၈၂၈]မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တာဝန်ကျဝန်ထမ်းများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် တရားဥပဒေစိုးမိုးရေးကို ကြီးမားစွာ ထိခိုက်စေနိုင်သည်

လင်းကိုကို

၃-၁၁-၂၀၁၃ရက်နေ့ထုတ် သတင်းစာတစ်စောင်တွင် မကွေးမြို့တွင် တာဝန်ထမ်းဆောင်နေသောယာဉ်ထိန်းတပ်ကြပ်ကြီးအား ယာဉ်စည်းကမ်း ဖောက်ဖျက်သူတစ်ဦးက ဝါးဆစ်ပိတ်တုတ်ဖြင့်ရိုက်သည့် သတင်းနှင့် တာဝန်ကျသစ်တောဝန်ထမ်းများအား တရားမဝင်သစ် တင်ဆောင်သူများက ကိုယ်ထိလက်ရောက် တိုက်ခိုက်သည့် သတင်းများ ဖတ်ရှုခဲ့ရပါသည်။ သစ်တောဝန်ထမ်းများ တိုက်ခိုက်ခံရမှုမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး နှစ်ခုတည်းမှာပင် ၂၀၁၃ခုနှစ် ဧပြီလမှ အောက်တိုဘာလ ၅ ရက်အထိ (၁၅)ကြိမ် ခန့်ရှိကြောင်း ဖော်ပြထားသဖြင့် တစ်နိုင်ငံလုံးဆိုလျှင် ပို၍များမည်ဟု ယူဆရပါသည်။

အလားတူပင် ရန်ကုန်မြို့တွင်လည်း ယာဉ်စည်းကမ်း ဖောက်ဖျက်သူယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များက ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအား ကိုယ်ထိလက်ရောက် တိုက်ခိုက်သည့်ဖြစ်စဉ်များကိုလည်း မကြာခဏ သိမြင်နေရပါသည်။ ထိုသို့ဆိုလျှင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ဥပဒေအရ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ဥပဒေအရ တာဝန်ထမ်းဆောင်ခြင်းမပြုနိုင်အောင် ပြစ်မှုကျူးလွန်သူများက ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု မည်မျှရှိမည်ကို အလေးထားစဉ်းစားစရာပင်ဖြစ်ပါသည်။

ဤကဲ့သို့ တာဝန်ကျဝန်ထမ်းများကို ပြစ်မှုကျူးလွန်သူများက ပစ်မှတ်ထားပြီး တိုက်ခိုက်နေသည်ကို အချိန်မီမတားဆီးပါက၊ အချိန်မီကာကွယ်အရေးယူခြင်း မပြုပါက တာဝန်ကျဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုကို ထိခိုက်လာမည်ဖြစ်ပါသည်။ ယာဉ်ထိန်းရဲက ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ မဆောင်ရွက်ရဲသဖြင့် ဆောင်ရွက်ရန် တာဝန်ပျက်ကွက်ခဲ့လျှင် ဘာဖြစ်လာနိုင်မည်နည်း၊ ထို့အတူ သစ်တောဝန်ထမ်းများက တရားမဝင် သစ်မှောင်ခိုလုပ်သူများကို အရေးမယူရဲလျှင် ဘာဖြစ်လာနိုင်မည်နည်း၊ စာဖတ်သူတို့ စဉ်းစားတွေးကြည့်နိုင်ပါသည်။ ထိုအခါတွင် ထိုတာဝန်ကျဝန်ထမ်းများ ထမ်းဆောင်ရမည့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးတည်းဟူသောတာဝန်များ လစ်ဟင်းသွားပြီး နိုင်ငံတော်နှင့် အများပြည်သူတို့၏ လုံခြုံရေးနှင့် အကျိုးစီးပွားများ ထိခိုက်လာမည်ဖြစ်ပါသည်။

သစ်တောဝန်ထမ်းများ တာဝန်ကျေပွန်စွာ ထမ်းဆောင်မှုမရှိစေရန်အတွက် ကြားမှ အခြားမော်တော်ယာဉ်များဖြင့် အနှောင့်အယှက်ပြုခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့သောဖြစ်စဉ်များကို ကာကွယ်ရန်အတွက် အခြားလုံခြုံရေးအဖွဲ့အစည်းများကို ဆက်သွယ်ခြင်းဖြင့်လည်းကောင်း၊ အဆိုပါ မော်တော်ယာဉ်နှင့် သက်ဆိုင်သူများကို ကညနကဲ့သို့သောဌာနများနှင့် ဆက်သွယ်ဖော်ထုတ်ပြီး တရားဥပဒေနှင့်အညီ ထိရောက်စွာ ဟန့်တားအရေးယူသင့်ပါသည်။

တာဝန်ကျဝန်ထမ်းများကို ယခုကဲ့သို့ ပစ်မှတ်ထား၍ တိုက်ခိုက်နေခြင်းကို အချိန်မီဟန့်တားခြင်း မပြုပါက တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးအတွက် ကြီးမားစွာထိခိုက်စေနိုင်ကြောင်း တင်ပြအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး လူငယ်တွေ့ဆုံဆွေးနွေးပွဲဖိုရမ်တစ်ခု ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုတွင် နေထိုင်ကြသော ဘာသာပေါင်းစုံ၊ လူမျိုးပေါင်းစုံ အလွှာပေါင်းစုံ စသည့်နယ်ပယ်စုံမှ လူငယ်များ၏ တွေ့ဆုံဆွေးနွေးပွဲ ဖိုရမ်တစ်ခုကို ယခုလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် ပြည်လမ်းရှိ ပရိယတ္တိသဒ္ဓမ္မပါလအောင်မြင်ဘုံသာကျောင်း၌ ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါဖိုရမ်တွင် လူငယ်နှင့် ပညာရေးတိုးတက်မှု (Youth and Education Development)၊ လူငယ်နှင့် မီဒီယာ၊ သတင်းနှင့် နည်းပညာ (Youth and Media Information Technology-IT) လူငယ်နှင့် လူ့စွမ်းအားအရင်းအမြစ်၊ အလုပ်အကိုင်အခွင့်အရေး (Youth and Human Resources, Job Opportunities)၊ လူငယ်နှင့် ကျား၊မ တန်းတူညီမျှမှု၊ လူ့အခွင့်အရေး (Youth and Gender Equality, Human Right)၊ လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု (Youth and Environmental Maintenance, Climate Change)၊ လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှုအနုပညာ ထိန်းသိမ်းကာကွယ်ရေး (Youth and Myanmar Culture & Arts)၊ လူငယ်နှင့် ကျန်းမာရေး၊ အားကစား၊ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေး (Youth and Health, Sports & Reduce the use of Drugs)၊ လူငယ်နှင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်ခြင်း၊ ကိုယ်ပိုင်ရပ်တည်နိုင်စွမ်း (Youth and Capacity Building & Empowerment) စသည့် ကဏ္ဍရှစ်ခုကို အဓိကထားဆွေးနွေးသွားမည်ဟု သိရသည်။

ထိုဖိုရမ်၏ ရည်ရွယ်ချက်များဖြစ်မြောက်စေရန် ကော်မတီဝင်များက စုစည်းတင်ပြသည့် အချက်များကို အခြေခံပြီး တက်ရောက်မည့်သူများတွင် ရှိသင့်သော အချက်အလက်များကို သတ်မှတ်ထားလျက်ရှိသည်။ ယင်းသတ်မှတ်ချက်မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူမှုအခြေစိုက်ပြဿနာများ (Community issue) နှင့်ပတ်သက်ပြီး ထိုက်သင့်သော ဗဟုသုတရှိ၍ သက်ဆိုင်ရာနယ်ပယ်တွင် သိမြင်နှံ့စပ်မှုရှိသူ ဖြစ်ခြင်းဖြင့်လည်းကောင်း၊ လူငယ်တွေ့ဆုံပွဲသို့ ကိုယ်ပိုင်ခံယူချက်၊ ကိုယ်ပိုင် ကတိကဝတ်ဖြင့် တက်ရောက်တွေ့ဆုံဆွေးနွေး၍လူငယ်များကြုံတွေ့နေရသောလူမှုအခြေစိုက်ပြဿနာ (Community issue) များကို ပြန်လည်တင်ပြဆွေးနွေးနိုင်သူ ဖြစ်ခြင်းဖြင့် လည်းကောင်း၊ Yangon Youth Forum နှင့် ပတ်သက်၍ ပြန်လည်မျှဝေပေးနိုင်သူဖြစ်ခြင်းဖြင့်လည်းကောင်း၊မတူကွဲပြားမှုများကိုလက်ခံပြီးလိုက်လျောညီထွေစွာနေတတ်သူဖြစ်ခြင်းဖြင့်လည်းကောင်း၊ Yangon Youth Forum တက်ရောက်ရန်အတွက် အုပ်ထိန်းသူခွင့်ပြုချက်ရယူရန်ရှိခြင်း စသည်ဖြင့် သတ်မှတ်ထားပြီး ဖိုရမ်တက်ရောက်မည့်သူများသည် အသက် (၁၆) နှစ်မှ (၃၅) နှစ်အတွင်းဖြစ်ရန် ရန်ကုန်လူငယ်တွေ့ဆုံဆွေးနွေးပွဲ ပြန်ကြားရေးကော်မတီက အကြောင်းကြားထားကြောင်း သိရသည်။

ထိုဖိုရမ်နှင့် ပတ်သက်၍ ၀၉-၄၂၀၀၉၀၃၄၅၊ ၀၉-၅၁၈၀၉၇၅၊ ၀၉-၄၄၉၂၅၄၂၆၀၊ ၀၉-၄၂၀၀၉၀၃၄၅၊ ၀၉-၄၂၂၁၉၂၃၉၄၊၀၉-၄၅၀၀၆၅၁၅၊ ၀၉-၄၃၀၆၆၉၂၃ စသည့် ဖုန်းများသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဝတ်စုံများပေးအပ်

နတ်တလင်း နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၈ရက် နံနက် ၉ နာရီက ဝတ်စုံပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။ အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပြီး အကြိုအခြေခံမီးသတ်သင်တန်းပေးထားပြီးဖြစ်သော ၄၈ အုပ်စုရှိ တပ်ဖွဲ့ဝင်များအား ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန(ရုံးချုပ်)မှ ထောက်ပံ့ပေးသော တူညီဝတ်စုံ ၈၀၀ ကို မြို့နယ်တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖ ဦးတင်ထွန်းတို့က သက်ဆိုင်ရာ တပ်ဖွဲ့ဝင်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၇၁)**

နိုဝင်ဘာ ၅ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင်ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေကြစဉ်။
သန်းမောင်(ရန်ကင်း)

သင့်သွေးဖြင့်အသက်ကယ်ပါ

သဲအင်းဂူခုနှစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်မှ ၂၄ရက်အထိ (၇)ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင်အဖွဲ့၏ ကမ္မဋ္ဌာနာစရိယဆရာတော်ဦးဝေနတိက္ခ(မုံရွာ) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ နိုဝင်ဘာလ(၁၆)ရက် (စနေနေ့) ညနေ ၅နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း- ၀၉၈၆၂၃၉၉၇သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ မဟာဘုံကထိန်ပွဲကျင်းပ

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် မဟာဘုံကထိန်ပွဲကို (၁၆-၁၁-၂၀၁၃)စနေနေ့နံနက် (၉း၀၀)နာရီတွင် ကိုးမိုင်မဟာစည်ဓမ္မာရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပါမည်။

အခမ်းအနား အစီအစဉ်အရ ဥက္ကဋ္ဌဦးကျော်ထွန်းက နမောတဿ (၃)ကြိမ်ရွတ်ဆို၍ မဟာဘုံကထိန်ပွဲ အခမ်းအနားကို ဖွင့်လှစ်ပါမည်။ ဆက်လက်၍ အတွင်းရေးမှူးဦးမောင်မောင်ကြည်က မဟာဘုံကထိန်ပွဲကျင်းပရခြင်းအကြောင်း လျှောက်ထားပါမည်။ ဩဝါဒါစရိယ ဆရာတော်ကြီးဘဒ္ဒန္တကဝိဓဇ(အဂ္ဂမဟာပဏ္ဍိတ)(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ကထိန်သင်္ကန်းအလှူရှင်များက တစ်ဦးချင်း ကထိန်သင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပါမည်။ ဆက်လက်၍ဆရာတော်ကြီးက ကထိန် အနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူပါမည်။

ဘဏ္ဍာရေးမှူး ဒေါက်တာတင်ခိုင်မြင့်က ဆွမ်းအလှူရှင်နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးစိန်သန်းဝေ-ဒေါ်မြသဉ္ဇာလီကို ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာချီးမြှင့်ပါမည်။ ကုသိုလ်ကောင်းမှု အစုစုအတွက် ရေစက်သွန်းချအမျှအတန်း ပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းပါမည်။

ကျင်းပမည့်အချိန်	-	၁၆-၁၁-၂၀၁၃ရက်(စနေနေ့) နံနက် ၉နာရီ
ကျင်းပမည့်နေရာ	-	ကိုးမိုင်မဟာစည်ဓမ္မာရုံကြီး

ဟိတေသီအဖွဲ့
ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးခရိုင်တရားရုံး
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၄

ဦးထွန်းအောင်ခိုင် နှင့် ၁။ဒေါ်ခင်မမ၊ ၅။ဦးသိန်းနိုင်
၂။ဒေါ်ညိုညို၊ ၆။ဦးမောင်မောင်သိန်း
၃။ဒေါ်သန်းသန်း၊ ၇။ဦးဇော်ထွေး
၄။ဦးအောင်မင်း
(၎င်းကိုယ်တိုင်နှင့် ကျန်တရားရှုံးများ၏ ကိုယ်စားလှယ် စာရသူ)

တရားနိုင် **တရားရှုံး**

၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၀၉တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက်၊ မြန်မာသက္ကရာဇ်(၁၃၇၅ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ရက်နေ့)၊ မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

၁။မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၇၁)၊ ဦးပိုင်အမှတ်(၃၇-က) ဒေါ်ပြန့်အမည်ပေါက် ဘိုးဘပိုင်မြေနှင့် မြေပေါ်ရှိ(၃)ထပ်အဆောက်အအုံ (ကြမ်းခင်းဈေးကျပ်သိန်းတစ်သောင်းငါးထောင်)

၂။မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၇၁)ဦးပိုင်အမှတ် (၃၇-ခ) ဦးဘဝမ်းနှင့် ဒေါ်စန်းရင် အမည်ပေါက် ဘိုးဘပိုင်မြေနှင့် မြေပေါ်ရှိ (၂)ထပ်အဆောက်အအုံ။ (ကြမ်းခင်းဈေးကျပ်သိန်းသုံးသောင်း)

ရောင်းချရန်စည်းကမ်းချက်များ

(၁)စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာတရားနိုင်ကတရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း(သို့တည်းမဟုတ်) ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂)လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃)လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာလ (၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်ခင်လှ
ခရိုင်တရားသူကြီး
မန္တလေးခရိုင်တရားရုံး



ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၆၈)၊ မြေညီထပ်တိုက်ခန်းနှင့် ပတ်သက်၍ ဝယ်ယူပိုင်ဆိုင်ထားသူမှ ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၆(၁)အရ ငှားရမ်းခပေးသွင်းလိုကြောင်း၊ ပန်းဘဲတန်းမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးသို့ လျှောက်ထားလာသည့်အတွက် အဆိုပါ တိုက်ခန်းတည်ရှိရာမြေ၏ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ပန်းဘဲတန်းမြို့နယ်၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးသို့ ၃၀-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ လာရောက်ကန့်ကွက်နိုင်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံး
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ယတြာဆရာမ

ဖြစ်ချင်တာတွေ-မဖြစ်သေးရင်
မဖြစ်ချင်တာတွေဘဲ ဖြစ်နေတယ်ဆိုရင်
အဆင့်မြင့်ယတြာများဆောင်ရွက်ပေးပါသည်။
ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။
ဖုန်း-၀၉-၅၀၇၅၈၂၇

မြေကွက်ကျယ်ရောင်းမည်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊မြယမုံစမ်းရိပ်မြိုင် အဆင့်မြင့်အိမ်ရာ (Sony) အတွင်းရှိ မျက်နှာစာ ပေ(၂၀၀×၈၀) မြေကွက်ကျယ် ရောင်းမည်။
1Sqft = 70000
Ph-09-5174219

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၀)၊ လူနေရပ်ကွက်အမှတ်-(၃၀)၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ်-၁၊ အခန်း(၂)၊ အမည်ပေါက် ဦးလှကျော်[၁၂/လသန(နိုင်)၀၁၂၆၁၉]ထံမှ တိုက်ခန်း လှူဒါန်းခြင်း ကတိစာချုပ်ဖြင့် နာရေးကူညီမှုအသင်း(ရန်ကုန်)ကိုယ်စား အတွင်းရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ[၁၂/မရက(နိုင်)၀၆၉၄၄၂]က အဆောက်အအုံ နေထိုင်ခွင့် စာချုပ်တင်ပြ၍ တိုက်ခန်းအမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအားခိုင်လုံသော အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တန်ဆောင်မုန်းလပြည့်ညနှင့်မဲဇလီဖူးသုပ်

ရွှေထွန်းဇံ(ရွှေလှော်ကား)

တန်ဆောင်မုန်းလသည် မိုးကာလက စိုစိုစွတ်စွတ်နဲ့အသွားအလာခက်ခဲသမျှကို ဖယ်ရှားပစ်လိုက်လို့ ပွင့်လင်းသာယာ သွားခင်းလာခင်းသာတဲ့ အချိန်အခါဖြစ်ပါတယ်။ လူအများကိုယ်စိတ်နှစ်ပါး လွတ်လပ်တက်ကြွရွှင်လန်းနေကြတဲ့ ရာသီချိန်လည်းဖြစ်ပါတယ်။

တန်ဆောင်မုန်းလပြည့်ညသန်းခေါင်ယံအချိန်မှာကြယ်နက္ခတ်တာရာတို့ စုံညီစွာထွက်ကြပြီး အလင်းရောင်တို့ကလည်း အစွမ်းကုန်ထွန်းလင်းတောက်ပကြပါတယ်။ အဲဒီအချိန်မှာ ကြယ်၊ နက္ခတ်တာရာလေ့လာကြတဲ့ သုတေသီများ၊သင်တန်းသား သင်တန်းသူများ၊ နက္ခတ်ဆရာများသည်လည်း လက်တွေ့ကျကျ ပညာစုံညီဖွင့်ထုတ်သင်ကြားရပါတယ်။ ဒီတန်ဆောင်မုန်းလမှာ ကြယ်တာရာနက္ခတ်စုံသလိုပဲ ပွဲလမ်းသဘင်တွေကလည်း စုံလှပါတယ်။ မီးထွန်းပွဲတော်၊ ကထိန်ပွဲတော်၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ တောင်ကြီးမြို့နှင့်အချို့အရပ်တွေမှာ နတ်ပြည်မှာတည်ထားကိုးကွယ်တဲ့ စူဠာမုနိစေတီကို ရည်မှန်းပြီး မီးပုံးပျံလွှတ်၍ ဖူးမြော်ပူဇော်ကြပါတယ်။ မြန်မာတိုင်းရင်းသားတို့ရဲ့ အမျိုးဘာသာယဉ်ကျေးမှုကို စောင့်ထိန်းတဲ့ပွဲတော်တွေပဲဖြစ်ပါတယ်။

တန်ဆောင်မုန်းလပြည့်ည သန်းခေါင်ယံအချိန်မှာ ကြတ္တိကာနက္ခတ်နှင့်စန်းယှဉ်တဲ့အခိုက်မှာ ဆေးပင်အပေါင်းကိုစောင့်ရှောက်ရတဲ့ နတ်များကလည်း မဲဇလီပင်ကို စောင့်ရှောက်ရတဲ့နတ်မင်းကြီးထံ လာရောက်ခစားကြရပြီး နတ်သဘင်ကိုလည်း မဲဇလီပင်မှာပဲကျင်းပကြပါတယ်။ မဲဇလီပင်မှာဆေးပင်စောင့်နတ်တွေ စုဝေးရောက်ရှိကြပြီး နတ်သဘင်ပွဲကျင်းပတာကို အကြောင်းပြုလို့ မဲဇလီဖူးဆေးအစွမ်းဟာ အံ့မခန်းထက်မြက်တယ်လို့ ယုံကြည်ခဲ့ကြပါတယ်။

ရှေးရှေးက တိုင်းရင်းဆေးသမားတော်တွေဟာ သူတို့ဖော်စပ်ထားတဲ့ဆေးတွေကို ညအချိန်လရောင်အောက်မှာ သိဒ္ဓိတင်ခြင်း၊ ပူဇော်ပသခြင်းပြုလုပ်ကြပါတယ်။ ဆေးအစွမ်း ပိုမိုထက်မြက်လာတယ်လို့ ယုံကြည်ကြပါတယ်။

တန်ဆောင်မုန်းလပြည့်ည ဆေးပေါင်းခတဲ့မဲဇလီဖူးကို စားသုံးကြရင် ရောဂါမျိုး ၉၆ ပါးကင်းလို့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ ဉာဏ်ပညာကြီးမြင့်ခြင်း၊ အမျိုးဘာသာကိုစောင့်ရှောက်ထိန်းသိမ်းခြင်းဆိုတဲ့ အကျိုးများရစေတယ်လို့ယုံကြည်ကြပါတယ်။ ယခုထက်တိုင် တချို့အညာဒေသတွေမှာ အပျိုလူပျိုတွေ စုဝေးပြီး တပျော်တပါးမဲဇလီဖူးသုပ်စားကြတယ်လို့ သိရပါတယ်။ မဲဇလီဖူးသုပ်စားတဲ့ဓလေ့ဟာ ရှေးမြန်မာဘုရင်မင်းမြတ်များလက်ထက်ကတည်းကရှိခဲ့တယ်လို့သိရပါတယ်။

တန်ဆောင်မုန်းလပြည့်ည သန်းခေါင်ယံကျော်တာနဲ့ ဆောင်းဥတု(ဟေမန္တ)သို့ ကူးပြောင်းလို့သွားပါပြီ။ ဆောင်းဥတုဟာ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်ညလယ်အထိ ဆောင်းလေးလဖြစ်ပါတယ်။

မိုးဥတုနဲ့ဆောင်းဥတုအထူးဥတုပြိုင်ကာလမှာ အပူနဲ့အအေး လေဒေါသနဲ့သလိပ်ဒေါသတို့ အားပြိုင်ကြပြီး ရောဂါဘယတွေဖြစ်ပွားနိုင်ပါတယ်။ မိုးဥတုမှာလေဒေါသကြီးစိုးမင်းမူခဲ့တဲ့အတွက် လေစာအခါးအရသာကို သွေးသားက တောင့်တသလို ဆောင်းဥတုအခါမှာတော့ သလိပ်ဒေါသကြီးစိုးမင်းမူတဲ့အတွက် သလိပ်ငြိမ်စာအချဉ်အရသာကို သွေးသားကတောင့်တပါတယ်။

အခုလို ဥတုနှစ်ပါးအားပြိုင်ကာလမှာ ဥတုနှစ်ပါးလုံးနဲ့သင့်မြတ်အောင် အခါးအရသာဖြစ်တဲ့ မဲဇလီဖူးကို ရှောက်ရည်၊ သံပရာရည်တို့နဲ့ချဉ်ချဉ်လေးသုပ်စားပါက ကျန်းမာရေးကိုကျေးဇူးပြုပါတယ်။ မိုးရာသီမှဆောင်းရာသီအကူးဥတုနှစ်ပါးလုံးနဲ့ သင့်မြတ်တဲ့အတွက် ရောဂါဘယမဖြစ်ပွားအောင်ကာကွယ်ပေးပါတယ်။ သွေး၊ လေ၊ သလိပ်တို့ကို ညီညွတ်မျှတစေပါတယ်။ မဲဇလီဖူးကို အမြတ်တနိုးတန်ဖိုးထား စားသုံးခြင်းဟာ တိုင်းရင်းဆေးပညာအမြင်နဲ့အလွန်သင့်မြတ်လှတဲ့ ရိုးရာဓလေ့ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

သာမညဖလ၊ ဟောပြလတန်ဆောင်

- မြူနှင်းမှုန်သွယ်သွယ်ကျပါတဲ့
  တန်ဆောင်လသည်ချိန်ခါ၊
  ခဝဲညာဝတ်မှုန်ကူးလို့
  သင်းထုံနံ့ဖြာ။
- မုတ်သုံမိုးလမကုန်မီမှာ
  ဆောင်းရာသီဟေမန်ဦး၊
  စပါးနံ့သီးငုံဖူးပါလို့
  ပြို့ဆွာခေါ်ရာသီထူးမှာ
  ကျီးတာရာမြူး။
- ပဒုမဘုရားရှင်လက်ထက်က
  စခဲ့သည့်ပွဲတော်ပါ၊
  ဘုရားကိုယ်တိုင်အပ်နဖားထိုး၍
  ကူခဲ့သည့်ဓလေ့ရှေးစဉ်လာ။
- ဗုဒ္ဓဘုရားရှင်လက်ထက်တော်မှာ
  သာဝတ္ထိပြည်သို့ကြွစဉ်က၊
  ဘဒ္ဒဝဂ္ဂီရဟန်းတော်များ
  မိုးမုန်တိုင်းကြားရှဲစိုချိန်တွင်
  သင်္ကန်းကထိန်ခင်းခွင့်ပြုခဲ့ရ။
- မိထွေးတော်ဂေါတမီ
  သားတော်ဘုရားဆီဖူးမြင်ရာ၊
  ကြည်ညိုသဒ္ဓါလွန်လွန်ကဲလို့
  အားခဲလျက်သာ။
- ညတွင်းချင်းအပြီးချုပ်ကာ
  ကပ်လှူရာဘုရားထံတော်သို့၊
  "မသိုးသင်္ကန်း"အမည်တွင်
  ယခုထိပင်ပြုကြစဉ်လာ
  မြန်မာများတို့။
- အဖသတ်သည့် အဇာတသတ်ဘုရင်
  ဘုရားရှင်ကျောင်းတော်သွားစဉ်ခါ၊
  မှောင်ရိပ်ထဲမှာ အလင်းရောင်ပေး
  တန်ဆောင်တိုင်ပွဲလေးပမာ။
  "သာမညဖလသုတ်"တော်လာ
  ဒါန၊ သီလ၊ ဘာဝနာများ၊
  နာကြားကာ အဇာတသတ်မင်းလို
  ဝပ်စင်းကာလွန်ရိုကျိုး
  အဖိုးတန်သည့်တရား။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

မိုင်းအသိ၊ မိုင်းသတိပညာပေးသင်တန်းဖွင့်

ကျောက်မဲ နိုဝင်ဘာ ၉

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လွယ်ဆိုင်ခန်းမဆောင်တွင် မိုင်းအသိ မိုင်းသတိပညာပေးသင်တန်းကို နိုဝင်ဘာ ၆ ရက် နံနက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်မှူး ဦးစံရွှေမောင်က မိုင်းအန္တရာယ်အကြောင်း သတိပြုစရာများကို ပညာပေးဆွေးနွေးခဲ့သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသားများအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဌာန ဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများ၊ ကားဂိတ်၊တည်းခိုခန်း၊ စားသောက်ဆိုင်များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

လူမှုရေး/စီးပွားရေးကြော်ငြာ

ကေတုမတီ(တောင်ငူ) မြို့တည် နန်းတည် (၅၀၃)နှစ်ပြည့် ပွဲတော်ကြီး

ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် (၅၀၃)နှစ်ပြည့်ပွဲတော်ကြီးကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်မှ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက် (မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့)ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ၊ အဝေးရောက် တောင်ငူမြို့သူ၊ မြို့သားများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပါရန် ဖိတ်မန္တက ပြုအပ်ပါသည်။

ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည်(၅၀၃)နှစ်ပြည့်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ၊ တောင်ငူမြို့

Shwe Yee Mon Travel Service Provider

"တောင်ကြီးမီးပုံးပျံပွဲ" (Nov-15) 135000/-

Yutong Air-Con ကားသစ်ကြီးဖြင့် Hotel, Restaurant (ခရီးစဉ်ပြီး)

"မုဒ္ဒဟူးနေ့ ကျိုက်ထီးရိုးနေ့ချင်းပြန်" (Nov-13) 27000/-

09-250277537, 09-5125949

ဓမ္မနေ့အလှူတော်မင်္ဂလာဖိတ်ကြားခြင်း

(Shri Ram Prakash Dhir)

ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားခြင်း

LWIN & ASSOCIATES LAW FIRM

တစ်ဦးတည်းဖြစ်ကြောင်း

သန်လျင် ခဲမဖြူအမကမှ အဖ ဦးသန်းအောင်၏သမီး ဆရာမဒေါ်ကြင်ထွေးနှင့် ဒေါ်ကျင်ထွေး[၁၂/သလန(နိုင်)၀၄၁၉၂၉]သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်တော် ဦးအောင်သန်း [၇/ထတပ(နိုင်)၀၀၄၂၁၉]၏သမီးဖြစ်သူ အေးအေးခက်(ခ) ခက်သဇင်ထွေး [၇/ထတပ(နိုင်)၀၇၈၄၃၅] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

2000-GRAND CABIN-G
၂C/-4WD ခေါင်မြင့်ကိုးယောက်စီး
ဆိုဈေး 235သိန်း
ဖုန်း-၀၁-၅၆၂၉၄၉၊ ၀၉-၇၃၁၅၀၉၈၉

မိုးစပါးများဖြစ်ထွန်းအောင်မြင်၍ ကလေးမြို့ တောင်သူတို့ဝမ်းမြောက်

ကလေး နိုဝင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စက်တင်ဘာ ၂၉ ရက်က ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသောနေရာများမှအပ မိုးစပါးများ ဖြစ်ထွန်းအောင်မြင်၍ စပါးစိုက်တောင်သူတို့ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း သိရသည်။

ကလေးမြို့တွင် လယ် ၈၁၄၅၇ ဧက၊ ယာ ၁၉၂၆၂ဧက၊ ကိုင်း ဧက ၄၈၈၈၀၊ ဥယျာဉ် ၄၄၂၈ ဧက စုစုပေါင်း ၁၅၄၀၂၇ ဧက ရှိသည်။ ၂၀၁၃-၂၀၁၄ မိုးစပါးစိုက်ဧက ၁၀၁၄၀၇ ဧကရှိသည်။ ကလေးမြို့သည် ချင်းပြည်နယ်နှင့်လည်းနီး၊ ရာသီဥတုကလည်း သင့်တင့်ကောင်းမွန်၍ စိုက်ပျိုးရေးအတွက် အဆင်ပြေလျက်ရှိသည်။ သီးနှံစုံစိုက်ပြီး စပါးကိုအဓိကထားစိုက်ပျိုးကြသည်။ စပါးတွင်လည်း ဧရာမင်းကို အဓိက စိုက်ပျိုးကြသည်။ ကလေးမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွက် စိုက်ပျိုးရေးတွင် အဓိကအားကိုးရသော မြို့ဖြစ်ကြောင်း သိရသည်။

ကလေးမြို့တွင် ကျေးရွာအုပ်စု ၄၁ အုပ်စု၊ ကျေးရွာပေါင်း ၁၅၆ ရွာရှိပြီး တောင်ဘက်တွင် နိုင်ငံတော်က တည်ဆောက်နေသော မဏိပူဆည်နှင့် ကိုယ်ထူကိုယ်ထဆည်တစ်ခုဖြစ်သည့် မြောင်းချောင်းဆည်၊ ကလေးမြို့၏ မြောက်ဘက်တွင် ရာဇဂြိုဟ်ဆည်တို့သည် ကလေးမြို့သူ မြို့သားများအတွက် အားထားဂုဏ်ယူရမည့် အရာများဖြစ်သည်။

ကလေးမြို့ စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့်လည်း စပါးစိုက်တောင်သူများ ရိတ်သိမ်းနိုင်ရေးအတွက် ပိုးမွှားကျရောက်မှုအန္တရာယ်မှကာကွယ်နိုင်ရန် တောင်သူ ပညာပေးများ ဟောပြောခြင်း၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကလေးမြို့မှထွက်ရှိသော ဆန်များကို ချင်းပြည်နယ်တစ်ခုလုံးနှင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့၊ ထီးလင်း၊ ကျောက်ထုဒေသများသို့ လည်းကောင်း၊ မုံရွာ၊ မန္တလေးမြို့များသို့ ရထား၊ ကားများဖြင့် သယ်ယူပို့ဆောင်ကြပြီး အရောင်းအဝယ်ပြုလုပ်နေကြကြောင်း သိရသည်။ **(လင်းလက်ကြယ်စင်)**

ယာဉ်မောင်းလိုင်စင်မှတ်ပုံတင် လာရောက်ပြုလုပ်သူ နှစ်သိန်းကျော်ရှိ

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်မြို့ မြင်သာ(ကညန)ရုံးတွင် ယာဉ်မောင်းလိုင်စင် မှတ်ပုံတင် လာရောက်ပြုလုပ်သူ အောက်တိုဘာအထိ နှစ်သိန်းကျော်ရှိကြောင်း ယင်းဌာနမှ ခရိုင်ဦးစီးမှူး ဦးစန်းယု၏ ပြောပြချက်အရ သိရသည်။ "ရန်ကုန်မှာက ကားတွေများလာတော့ ယာဉ်မှတ်ပုံတင်လာရောက်ပြုလုပ်သူတွေလည်း အထိုက်အလျောက်များလာတယ်။ အခု အောက်တိုဘာလအထိ ပြုလုပ်သူ နှစ်သိန်းကျော်အထိရှိသွားပြီ" ဟု ၎င်းက ပြောသည်။

ရန်ကုန်မြို့ မြင်သာ(ကညန)ရုံးတွင် မြို့နယ်ပေါင်း ၁၂ မြို့နယ်ရှိပြီး ယာဉ်မှတ်ပုံတင်ထားသည့် အရေအတွက်မှာ ကိုးသောင်းကျော်အထိ ရှိကြောင်း မြင်သာ(ကညန)ရုံး၏ စာရင်းဇယားများအရ သိရသည်။

(ကေသိန်းဆွေ)

နမ့်ဆန်မြို့နယ် မြေယာစီမံခန့်ခွဲရေးဥပဒေ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကျောက်မဲ နိုဝင်ဘာ ၉

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ မြို့နယ် ပလောင်စာပေနှင့် ယဉ်ကျေးမှုရုံးခန်းမ၌ မြေယာစီမံခန့်ခွဲရေးဥပဒေ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၄ ရက်က ကျင်းပရာ တအာင်း(ပလောင်) လူငယ်များအဖွဲ့ ဦးသိန်းဇော်က မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် ပတ်သက်သည့် ဥပဒေများအား ဒေသခံတောင်သူများ သိရှိနားလည်နိုင်ရန် ပညာပေးဆွေးနွေးခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများနှင့် ရပ်မိရပ်ဖများ တက်ရောက်ပါဝင် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

တာပွန်ဓာတ်မှန်ဆောင် ၉၅ ရာခိုင်နှုန်း ပြီးစီး

နတ်တလင်း နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်တိုက်နယ်ဆေးရုံဝင်းအတွင်း တည်ဆောက်နေသော ဓာတ်မှန်ဆောင်သည် ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တာပွန်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ပြောကြားသည်။ ဓာတ်မှန်(100-KV)ကို နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပြီး ဓာတ်မှန်ဆောင် ဆောက်လုပ်ရာတွင် တိုင်းဒေသကြီးအစိုးရက သိန်း ၅၀ ကူညီခဲ့ပြီး ဒေသခံပြည်သူများက ၉၃ သိန်းထည့်ဝင်၍ စုစုပေါင်း ၁၄၃ သိန်းကုန်ကျခံကာ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ဓာတ်မှန်ဆောင်ဖွင့်လှစ်ပြီးပါက ဒေသခံကျေးရွာအုပ်စု ၂၅ အုပ်စုမှ ပြည်သူများ နတ်တလင်းမြို့သို့ သွားရောက်ပြီး ဓာတ်မှန်ရိုက်ခြင်း၊ ရောဂါရှာဖွေခြင်းများကို အချိန်မကုန်စေဘဲ မိမိဒေသတွင် ကုသဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၇၁)**

ကလေးမြို့တွင် မိုင်းအသိ မိုင်းသတိ ပညာပေးသင်တန်းဖွင့်

ကလေး နိုဝင်ဘာ ၉

ကလေးမြို့တွင် နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီခွဲက ကလေးခရိုင်ရဲသင်တန်းခန်းမ၌ မိုင်းအသိ မိုင်းသတိ ပညာပေးဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။ သင်တန်းတွင် ခရိုင်ရဲမှူး ဒုရဲမှူးကြီး သိန်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဖျက်အမှောင့်လုပ်ငန်းများ ရှိနေသဖြင့် ပြည်သူတို့၏ဘဝ လုံခြုံရေးအတွက် လုံခြုံရေးတာဝန်ရှိသောတပ်ဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပါဝင်ကြရန် လိုကြောင်း ဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းသို့ ကလေး၊ ကလေးဝ၊ မင်းကင်းမြို့နယ်တို့မှ အရာရှိကိုယ်စားလှယ် လေးဦး၊ ကလေးမြို့ပေါ်ရှိ ဟိုတယ်သုံးခုမှ သင်တန်းသား ခြောက်ဦး၊ မိုတယ်တစ်ခုမှ တစ်ဦး၊ စားသောက်ဆိုင် ကိုးဆိုင်မှ သင်တန်းသား သင်တန်းသူ ကိုးဦး၊ စတိုးဆိုင် ခုနစ်ဆိုင်မှ ၁၁ ဦးနှင့် ဖိတ်ကြားထားသူများ၊ ခရိုင်/ မြို့နယ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သိန်းစိုး-ကလေး)

လူမှုရေး/စီးပွားရေးကြော်ငြာ

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ အမှတ်(၅၁/ဘီ)၊ ကွင်းကျောင်းလမ်းနေ ဦးသန်းရွှေ-ဒေါ်ခင်စန်းတို့၏မြေး၊ (ဦးဌေးကြွယ်-ဒေါ်ဝင်းဝင်းမော်)တို့၏သားလတ်

မောင်ဝင်းမင်းနောင်

Second Year (Law) (ဒဂုံ-ဂျပန်)

2nd Year, Tokyo West International Education Academy, Japan

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉)ရပ်ကွက်၊ ရေကူးရွာမတောင်ပိုင်းလမ်း၊ အမှတ်-၆၁/ဘီ နေ ဦးကင်ဟုတ်-ဒေါ်သန်းသန်းအေးတို့၏ သမီးလတ်

မသဇင်ငြိမ်း

(B-Pham) (ဒဂုံ-ဂျပန်)

2nd Year, Tokyo West International Education Academy, Japan

တို့သည် ၂၉-၁၀-၂၀၁၃ ရက်တွင် Japan နိုင်ငံ၊ Tokyo မြို့၌ နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဝင်းမင်းနောင်-မသဇင်ငြိမ်း

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကမာမတ်ကျေးရွာနေ (ဦးသိန်းဇော်)-ဒေါ်လှလှတို့၏သား

မောင်ထိန်လင်းဇော်

2nd year B.A(Myan;)

(ဌေးဗုလဲကုမ္ပဏီ)

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရတနာပုံလမ်း၊ အမှတ်(၆၇)နေ ဦးဖုန်းတင့်(လ/ထ အထွေထွေမန်နေဂျာ၊ ဗဟို သ/မ လီမိတက်)-ဒေါ်ဝါဝါဝင်း (မန်နေဂျာ-ငြိမ်း၊ ဗဟို သ/မ)တို့၏ တစ်ဦးတည်းသောသမီး

မဝင်းဇင်မာတင့်(ခ)မေဇင်

2nd year B.A (Myan;) LCCI Level I.II (U.K)

တို့သည် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ ၅-၁၁-၂၀၁၃ ရက်တွင် ကြည့်မြင်တိုင်မြို့နယ်၊ တရားသူကြီး၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ထိန်လင်းဇော်-မဝင်းဇင်မာတင့်(ခ)မေဇင်



ပညာ့ဝတီကွန်ဒို ဗားမည်/ရန်ကင်း

တိုက်စီ (ရှေ့ခြမ်း)
1650-Sqft, 1MBR,3BR-4AC ကြိုးဖုန်း၊ ပါကေး Lift

ဖုန်း-၀၉-၅၁၄၃၄၃၆၊ ၀၉-၇၃၂၈၀၃၆၇

ဝန်ထမ်းအလိုရှိသည်

(အထည်ချုပ်စက်ရုံ)

အမှတ်-၁၀၀၀/D၊ ရွှေနှင်းဆီ(၅)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၆၆၁၈၆၈

(၁)	မော်တာစက်ချုပ်ဝန်ထမ်း၊ အသက်(၂၂-၃၀)	ကျား/မ	(၁၀)ဦး
(၂)	အထည်ချုပ်စက်ပြင်	ကျား	(၂)ဦး
(၃)	Cutting Worker	ကျား/မ	(၂)ဦး
(၄)	Quality Controller	ကျား/မ	(၂)ဦး
(၅)	Store Keeper	ကျား/မ	(၂)ဦး
(၆)	Admin Staff	ကျား/မ	(၂)ဦး

အမှတ်စဉ်(၂ မှ ၅)အတွက် အသက်(၂၂-၃၅)ကြား၊ လုပ်ငန်းအတွေ့အကြုံ(၂)နှစ်အထက် ရှိသူ၊ ၁၀ တန်း/ဘွဲ့ရ ဖြစ်ရမည်။ အမှတ်စဉ် (၆)အတွက် အသက်(၂၂-၃၀)ကြား၊ ၁၀တန်း/ဘွဲ့ ရ၊ Computer ကျွမ်းကျင်စွာ သုံးနိုင်သူ၊ တရုတ်/အင်္ဂလိပ်ရေး၊ ဖတ်၊ ပြော ကျွမ်းကျင်သူ ဦးစားပေး မည်။ လျှောက်ထားလိုသူများသည် CV နှင့်တစ်ကွ (၃)လအတွင်း ရိုက်ထားသော လိုင်စင် ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်မိတ္တူတို့နှင့် အတူ လူကိုယ်တိုင်ရုံးချိန် (8am-5pm)အတွင်း လာရောက် လျှောက်ထားနိုင်ပါသည်။

Email:greatman.mm 2013@gmail.com

မြေကွက်ရောင်းရန်ရှိသည်

လေဆိပ်ရိပ်သာလမ်းသွယ်(၂)၊

ပေ(၉၀x၁၃၅)၊

ဆက်သွယ်ရန်

ဖုန်း-၀၉-၅၀၀၈၇၂၃၊ ၀၉-၇၃၁၉၉၉၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

၂၀၁၃ ခုနှစ်၊ တရားမကြီးအမှုအမှတ်-၂

Overseas Marine Engineering Co.Ltd(OME) နှင့် Mr.Cai Dele (ပါ-၂)

(၎င်း၏ကိုယ်စား မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်း)

တရားလို **တရားပြိုင်များ**

သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ်-၈၈ နေ Mr. Cai Dele ယခုလိပ်စာမသိ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဝန်ဆောင်ခကျန်ငွေ ကျပ် ၁၃၂၀၀၀၀၄၃/-တိတိရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် နှံ့အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၉ ရက် (၃၁၅) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် နှံ့သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီပေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်စုငယ်(ခရိုင်တရားသူကြီး)
ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး

ပြည်တွင်းရေးရာ

ပုဇွန်တောင်၌ ထွေ/အုပ်နှစ်ပတ်လည်နေ့ ကျင်းပ

ပုဇွန်တောင် နိုဝင်ဘာ ၉

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက ပုဇွန်တောင်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက အမှာစကားပြောကြားကာ ဝန်ထမ်း ၂၈ ဦးနှင့် အငြိမ်းစားဝန်ထမ်း နှစ်ဦးတို့အား တူညီဝတ်စုံများနှင့် ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ထွေ/အုပ်)**

ရေထွက်ပစ္စည်းများတွင် ဝယ်လိုအားကောင်းနေသည့် ငါးလင်ပန်း

ဖျာပုံ နိုဝင်ဘာ ၉

ရေချို/ရေငန်ငါးနှင့် ရေသတ္တဝါတို့ စုဝေးရာဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် ပွင့်လင်းရာသီလည်းရောက်ရှိ လမ်းပန်းဆက်သွယ်ရေးကလည်း တစ်ချိန်ကထက် များစွာကောင်းမွန်နေပြီဖြစ်သည်။ ဖျာပုံ-ရန်ကုန် ခရီးစဉ်ကို ယခင်က နေ့ချင်းမပြန်နိုင်သော်လည်း ယခုအခါ နှစ်နာရီခွဲအတွင်း ရန်ကုန်မြို့သို့ အရောက်သွားနိုင်ပြီဖြစ်သည်။

သွားလာရေး လွယ်ကူမြန်ဆန်မှုကြောင့် ဖျာပုံမြို့နယ်မှထွက်ရှိသည့် ငါးလင်ပန်း၊ ငါးရှဥ့်နှင့် ကဏန်းဈေးကွက်တို့ကို လာရောက်လေ့လာဝယ်ယူမှုများရှိနေရာ ဖျာပုံမြို့မှ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံအထိ ငါးလင်ပန်းဈေးကွက် ရောက်ရှိနေကြောင်း သိရသည်။

ဖျာပုံဆိပ်ကမ်း သာယာဈေး ရေထွက်ပစ္စည်း အဝယ်ဒိုင်ကုန်သည်တစ်ဦးက "တစ်ချိန်ကတော့ ကဏန်းဈေးက ထိပ်ဆုံးကပါပဲ။ အဲဒီနောက် ငါးရှဥ့်ဈေးကောင်းတယ်။ လက်ရှိကတော့ ငါးလင်ပန်းဈေးက မယုံနိုင်လောက်အောင် ဈေးကွက်ရရှိပြီး ဈေးအမြင့်ဆုံး ဖြစ်နေတယ်"ဟု ပြောပြသည်။

ဖျာပုံတွင် ငါးလင်ပန်း၊ ငါးရှဥ့်နှင့် ကဏန်းအဝယ်ဒိုင် ၂၀ ကျော်ရှိကြောင်း သိရသည်။ ငါးလင်ပန်းဈေးစုံစမ်းကြည့်ရာ ငါးလင်ပန်း ၃၂ ကျပ်သားမှအထက် တစ်ပိဿာကျပ် ၂၃၀၀၀ နှင့် ၃၂ ကျပ်သားအောက် တစ်ပိဿာ ကျပ် ၁၂၀၀၀ (နိုဝင်ဘာ ၈ ရက်ဈေး) ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ငါးလင်ပန်းအရှင်များကို သစ်သားတစ်သေတ္တာလျှင် အချိန် ၇၀ ခန့် (တာအတွင်းပလတ်စတစ် အိတ်ရေထည့်၍) ထည့်သွင်းထုပ်ပိုး လျက် ဖျာပုံမှ မော်တော်ယာဉ်ဖြင့် မူဆယ်အထိ ခရီးပေါက်လျက်ရှိသည်။ ထို့အပြင် ဂျပန်နိုင်ငံမှကုန်သည် အချို့လာရောက်ပြီး ပလတ်စတစ်အိတ်အတွင်း အောက်ဆီဂျင်ထည့်သွင်းယူဆောင်ပြီး ဂျပန်တွင် မွေးမြူ၍ စားသောက်ဆိုင်များတွင် အထူးဟင်းလျာအဖြစ် ရောင်းချရာ စားသုံးသူများ ကြိုက်နှစ်သက်ကြောင်းနှင့် မြန်မာ့ငါးလင်ပန်းဈေးကွက်သည် ဂျပန်နိုင်ငံအထိ ရောက်ရှိသွားကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ စုံစမ်းသိရှိရသည်။

ဖျာပုံမြို့နယ်ငါးလင်ပန်းအဝယ်ဒိုင် ၂၀ ကျော်မှ နေ့စဉ်ပိဿာချိန် ၃၅၀၀ မှ ၅၀၀၀ အထိ ဝယ်ယူရရှိနေပြီး ပြည်တွင်းဈေးကွက်ထက် ရန်ကုန်-မူဆယ်လမ်းကြောင်းအတိုင်း မော်တော်ယာဉ်ဖြင့် နေ့စဉ်တင်ပို့နေကြောင်း သိရသည်။ ကျေးလက်နေပြည်သူများ ငါးလင်ပန်း၊ ငါးရှဥ့်၊ ကဏန်းဖမ်းဆီးခြင်းလုပ်ငန်းများနှင့် စပါးရိတ်သိမ်းခြင်းလုပ်ငန်းများကြောင့် ဝင်ငွေကောင်းလျက်ရှိကြောင်း သိရသည်။

အောင်ဝင်း(ဖျာပုံ)

တိရစ္ဆာန်အတွက် အာဟာရသင်တန်းဖွင့်ပွဲ ညောင်လေးပင်မြို့၌ကျင်းပ

ညောင်လေးပင် နိုဝင်ဘာ ၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညောင်လေးပင်မြို့နယ်ရုံးက ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိ မွေး/ကုကျေးလက်လူငယ်များအား တိရစ္ဆာန်အတွက် အာဟာရသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက် နံနက် ၉ နာရီက မြို့နယ်တိမွေးကုရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ညောင်လေးပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဆန်းဝေဖြိုးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းတွင် တိရစ္ဆာန်များကို ကျွေးမွေးရမည့် အာဟာရအကြောင်းများနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သောကူးစက်ရောဂါများ၊ ကာကွယ်ထိန်းချုပ်နည်းများကို အဓိကသင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ မွေး/ရေ ကျေးလက်လူငယ် ၄၉ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ ယခုသင်တန်း ဖွင့်လှစ်ရခြင်းကြောင့် ကျေးလက်ဒေသရှိ တောင်သူများအနေဖြင့် နွေရာသီတွင်တိရစ္ဆာန်များအတွက် အာဟာရရှားပါးချိန်တွင် အာဟာရဖြစ်စေနိုင်သော မြက်ချဉ်ဖတ်၊ ကောက်ရိုးချဉ်ဖတ်များ ပြုလုပ်၍ အာဟာရဖြည့်တင်းရရှိနိုင်မည်ဖြစ်သည့်အပြင် အာဟာရအတွက် ကုန်ကျစရိတ်သက်သာ၍ ဝင်ငွေတိုးပွားရရှိကာ တိရစ္ဆာန်များ၏ရောဂါကာကွယ်ရေးအတွက်ပါ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **(၅၆၈)**

ဆိုင်ကယ်များ စစ်ဆေးဖမ်းဆီး

ရန်ကုန် နိုဝင်ဘာ ၉

စီးနင်းခွင့်ပြုခြင်းမရှိဘဲ စီးနင်းနေသောမော်တော်ဆိုင်ကယ်များကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းတွင် စစ်ဆေးဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စစ်ဆေးဖမ်းဆီးရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းကာ ဖမ်းဆီးဆောင်ရွက်နေကြောင်း အင်းစိန်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ဦးမောင်မောင်ဦးက နိုဝင်ဘာ ၇ ရက်က အတည်ပြုပြောကြားခြင်းဖြစ်သည်။

"တချို့ရက်တွေလည်း လေး၊ ငါးစီးလောက်ဖမ်းဆီးရမိတာတွေရှိတယ်။ သူတို့နဲ့သက်ဆိုင်တဲ့ ဆက်လက်အရေးယူတာတွေတော့ ယာဉ်ထိန်းရဲကလုပ်တယ်။ မြို့နယ်ထဲမှာ ပူးပေါင်းပြီးတော့ ဖမ်းဆီးနေတာဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာ နယ်နိမိတ်အတွင်း ဌာနဆိုင်ရာ ဆိုင်ကယ်အချို့မှလွဲ၍ စီးနင်းခွင့်ကန့်သတ်ထားပြီး လိုင်စင်လုပ်ပေးခြင်း မရှိသော်လည်း မြို့ပြင်အခြားမြို့နယ်များမှ လိုင်စင်ဖြင့်စီးနင်းသော ဆိုင်ကယ်များရှိပြီး လိုင်စင်မဲ့စီးနင်းသော ဆိုင်ကယ်များလည်း ရှိသဖြင့် ယခုကဲ့သို့ ပူးပေါင်းဖမ်းဆီးအရေးယူနေရခြင်းဖြစ်ကြောင်း သိရသည်။ **(၆၈၀)**

စီးပွားရေးကြော်ငြာ

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန



လူပျောက်ကြော်ငြာ

ကျွန်တော်ဦးတင့်ဇင်ဝင်း၏ ဇနီး ဒေါ်ကေသွယ်နိုင်[၉/မဟမ(နိုင်)၀၅၄၉၀၆]သည် ၄-၁၁-၂၀၁၃ရက်တွင် နေအိမ်မှ အပြင်ထွက်သွားရာ ပြန်မလာသောကြောင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် ဖြားယောင်းသွေးဆောင်လက်ခံထားသူများအား ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ တွေ့ရှိအကြောင်းကြားပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဦးတင့်ဇင်ဝင်း
ဖုန်း-၀၉-၂၅၆၁၂၂၆၉၂

တိုက်ခန်းရောင်းမည်

ကမာရွတ် လှိုင်ဘူတာရုံဈေးအနီး ပေ(၁၆×၄၀)၊ လှိုင်မြို့နယ်၊ မာလာမြိုင်၊ သီရိမြိုင် ပေ(၁၂ ခွဲ×၅၀)အခန်းများ

ဖုန်း-၀၉-၄၅၀၀၄၆၂၂၇၊
၀၉-၇၃၁၇၆၀၅၁

ခွေးရောင်းမည်

ဂျာမန်မျိုး Alsation ထီး (၅)လသားနှင့် သားပေါက်များ၊ Shihtzu သားခွဲများ

ဖုန်း-၀၉-၄၅၀၀၄၆၂၂၇၊
၀၉-၇၃၁၇၆၀၅၁

ကို လက်စထရောဆိုတာ သွေးထဲမှာ စီးဆင်းနေတဲ့ အဆီမော်လီကျူးတွေဖြစ်ပြီး ခန္ဓာကိုယ်ကို ကောင်းကျိုးပြုတဲ့ HDL ကိုလက်စထရောနဲ့ ခန္ဓာကိုယ်ကို ဆိုးကျိုးပေးတဲ့ LDL ကိုလက်စထရောဆိုပြီး ရှိကြပါတယ်။ ပမာဏများရင် ခန္ဓာကိုယ် တည်ဆောက်ရာမှာသာမက သွေးကြောတွေကိုပါ အနည်ကျပိတ်ဆို့စေပါတော့တယ်။ အထူးသဖြင့် နှလုံးသွေးလွှတ်ကြောတွေကို သွေးထောက်ပံ့မှု ကမောက်ကမဖြစ်စေတာကြောင့် "နှလုံးရောဂါအစ၊ ကိုလက်စထရောက" လို့ဆိုနိုင်ပါတယ်။

ကိုလက်စထရောကျစေတဲ့ အစားအစာ ၁၂ မျိုး

တင် ထက် ထက် ဇော်

ကိုလက်စထရော တက်စေတဲ့အကြောင်းရင်းများ

(၁) သွေးဆုံးပြီး အမျိုးသမီးများ၊ (၂) မိသားစုမျိုးရိုးထဲမှာ ကိုလက်စထရောများတဲ့ ရာဇဝင်ရှိသူများ၊ (၃) အဆီအအိမ့်အစားများပြီး ကိုယ်လက်လှုပ်ရှားမှုနည်းသူများ၊ (၄) အဝလွန်သူများ၊ (၅) ဆေးလိပ်သောက်လွန်းသူများမှာ ကိုလက်စထရောတွေ တက်လာကြပါတယ်။

ကိုလက်စထရောကျစေတဲ့ အစားအစာများ

ကမ္ဘာနဲ့အဝှမ်း ကိုလက်စထရောမြင့်မားမှုကြောင့် လူကြီးလူငယ်မရွေး နှလုံးရောဂါဝေဒနာခံစားလာကြရာ မိမိကိုယ်ကို ကျန်းမာရေးအသိဖြင့် အောက်ပါအစားအစာတွေနဲ့ ထိန်းသင့်ပါတယ်။

(၁) ကွေကာအုပ်ထဲမှာ ပျော်ဝင်လွယ်တဲ့ အမျှင်ဓာတ်တွေနဲ့ သဘာဝ beta-glucol ဓာတ်တွေပါရှိကြပြီး ထိုဓာတ်တွေက သွေးတွင်း မကောင်းတဲ့ ကိုလက်စထရောတွေကို စုပ်ယူပြီး ခန္ဓာကိုယ်ကနေ ပြန်လည်စွန့်ထုတ်ပေးတာကြောင့် နံနက်စာအာဟာရအဖြစ် ကွေကာအုပ်ကို စားပေးသင့်ပါတယ်။

(၂) အနီရောင်စပျစ်သီးက ထုတ်လုပ်တဲ့ "ဝိုင်နီ"တွေက သွေးအတွင်းမှ မလိုလားအပ်တဲ့ အဆီတွေကို ဖယ်ရှားပေးတာကြောင့် မကောင်းတဲ့ ကိုလက်စထရောတွေကို လျော့ကျစေပြီး နှလုံးအဆို့ရှင်များ ပွင့်လာစေပါတယ်။ နှလုံးသွေးကြောပိတ်ဆို့နေခြင်းကြောင့် ဖြစ်ပေါ်စေတတ်တဲ့ နှလုံးရောဂါအမျိုးမျိုး၊ လေသင်တုန်းဖြတ်ခြင်း၊ အိုမင်းရင့်ရော်ခြင်းနှင့် စပ်ဆက်တဲ့ နှလုံးယိုယွင်းမှုတို့ကိုပါ ကာကွယ်ပေးနိုင်ပါတယ်။

(၃) ငါးသလောက်ယောက်ဖ၊ ဆယ်လ်မွန်ငါး၊ တူနာငါး၊ ငါးသေတ္တာငါး၊ ပင်လယ်ငါးပြားကြီး စတဲ့ ပင်လယ်ငါး အမျိုးမျိုးတို့မှာ အိုမီဂါ-၃ ဖက်တီးအက်စစ်တွေ ပါရှိနေတာကြောင့် ခန္ဓာကိုယ်ထဲရှိ ကောင်းတဲ့ HDL ကိုလက်စထရောကိုမြှင့်ပေးပြီး မကောင်းတဲ့ LDL ကိုလက်စထရောကို လျှော့ချပေးပါတယ်။ ဒါ့ပြင် အဲဒီ အိုမီဂါ-၃ ဖက်တီးအက်စစ်တွေက နှလုံးရောဂါနဲ့ ဦးနှောက်ဇရာ အကြိုရောဂါတို့ကို ကာကွယ်ပေးပါတယ်။

(၄) သစ်ကြားသီး၊ ဗာဒံစေ့ စတဲ့ အစေ့အဆန်တွေမှာ polyunsaturated (ခေါ်) သွေးထဲမှာ ကိုလက်စထရောတွေ မစုဝေးနိုင်အောင် ပြုပြင်ပေးတဲ့ သဘာဝဓာတုဓာတ် တစ်မျိုးပါရှိနေတာမို့ ကိုလက်စထရောကျစေတဲ့ အကောင်းဆုံး အစားအစာများ ဖြစ်ကြပါတယ်။ (သို့သော် တန်ဆေးလွန်ဘေးဖြစ်တတ်တာမို့ အစေ့အဆန်တွေကို တစ်နေ့လျှင် မိမိလက်တစ်ဆုပ်စာ ပမာဏထက်ပို၍ မစားသင့်ပါဘူး။)

(၅)ပဲတောင့်ရှည်(ခေါ်) ပဲသီး၊ ဗိုလ်စားပဲ စတဲ့ အစိမ်းရောင်ပဲအမျိုးမျိုးတွေက အမျှင်ဓာတ်များပြီး ပရိုတင်းဓာတ် အပြည့်အဝပါရှိကာ အဆီပါဝင်မှုလွန်စွာနည်းပါးတာကြောင့် နှလုံးရောဂါရှိသူတွေအတွက် ထိုအစိမ်းရောင်ပဲသီးတို့က အကောင်းဆုံး အိမ်တွင်းသမားတော်များပါပဲ။ အာရီဇိုးနားတက္ကသိုလ်မှ ဆေးသုတေသီတွေရဲ့ လေ့လာဆန်းစစ်ချက်အရ နေ့စဉ် အစိမ်းရောင်ပဲသီး တစ်ခွက်စာ ပမာဏ ပုံမှန်စားသုံးသူမှာ သွေးထဲရှိ ကိုလက်စထရော ရှစ်ရာခိုင်နှုန်းအထိ ကျဆင်းသွားစေကြောင်း၊ ခန္ဓာကိုယ်မှ ကိုလက်စထရော စုပ်ယူမှုကို နှေးကွေးလာအောင် ကူညီပေးကြောင်း၊ အခြားသော ပဲမျိုးနွယ်ဝင်များ ဖြစ်ကြတဲ့ ပဲကတ္တီပါနဲ့ ပဲထောပတ်များကလည်း ကိုလက်စထရောကျစေတဲ့ အစားအစာများဖြစ်ကြောင်း အကြံပြုထားပါတယ်။

(၆)လက်ဖက်စိမ်းရွက်(လက်ဖက်ရည်ကြမ်း) တစ်နေ့တစ်ခွက် ပုံမှန်သောက်ပေးခြင်းဖြင့် သွေးတွင်းရှိ အဆီများကို လျှော့ချပေးတာကြောင့် မကောင်းတဲ့ကိုလက်စထရောတွေကို အလိုလိုနှိမ်နင်းရာ ရောက်ပါတယ်။ ဒါ့ပြင် ကင်ဆာရောဂါ တော်တော်များများကို ကာကွယ်ပေးရုံသာမက၊ အရွယ်တင်နုပျိုလာစေပါတယ်။

(၇) အညိုရောင်ချောကလက်ထဲမှာပါတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက သွေးထဲရှိ ကောင်းတဲ့ကိုလက်စထရောတွေကို တိုးပွားစေနိုင်ဖို့ ကျား၊ မ အရွယ်သုံးပါးမရွေး ချောကလက်ဖျော်ရည်ပူပူလေး သောက်ပေးသင့်ပါတယ်။

(၈) ထောပတ်တွေက ကျန်းမာရေးနဲ့မညီညွတ်တဲ့ အစားအစာမှန်သော်လည်း "မာဂျရင်း" ကတော့ အပင်ကရတဲ့ သဘာဝဆေးဖက်ဝင် စတီးရောနဲ့ ပြုလုပ်ထားတာကြောင့် သွေးထဲရှိ ကိုလက်စထရောကို ၃ ဒသမ ၅ ရာခိုင်နှုန်း လျော့ပါးသွားစေပါတယ်။

(၉) ဟင်းနုနယ်ရွက်တွေက သွေးတွင်း ကိုလက်စထရောကျစေတဲ့ အကောင်းဆုံး သဘာဝအစိမ်းရောင် ဟင်းသီးဟင်းရွက်ဖြစ်ပါတယ်။ ၎င်းထဲမှာပါရှိတဲ့ လူတိန်းဓာတ်က သွေးလွှတ်ကြောနံရံမှာ ကိုလက်စထရောတွေ စုပြုံနေတာကို ကာကွယ်ပေးနိုင်ပါတယ်။ ဒါ့ပြင် ဇရာကြောင့်ဖြစ်တတ်တဲ့ မျက်ကြည်လွှာ ပျက်စီးမှုကိုတားဆီးပေးနိုင်လို့ အရွယ်သုံးပါးမရွေး စားသုံးသင့်ပါတယ်။

(၁၀) ထောပတ်သီးထဲမှာ နှလုံးကျန်းမာစေတဲ့ သဘာဝမပြည့်ဝဆီတွေ အလုံအလောက်ရှိနေပါတယ်။ မပြည့်ဝဆီတွေက သွေးတွင်း မကောင်းတဲ့ကိုလက်စထရောတွေကို လျော့နည်းစေတဲ့အပြင် ခန္ဓာကိုယ်မှ ကိုလက်စထရောစုပ်ယူမှုကိုပါ လျော့နည်းအောင်ပံ့ပိုးပေးတာမို့ ထောပတ်သီးမကြာခဏစားပေးပါ။ (ချေဖျက်လွယ်တဲ့ အမျှင်ဓာတ်များပါရှိသော အသီးအနှံများဖြစ်ကြတဲ့ ပန်းသီး၊ သစ်တော်သီး၊ စပျစ်၊ စတော်ဘယ်ရီ၊ လိမ္မော်၊ ဂရိတ်ဖရုသီးများကလည်း ကိုလက်စထရောချပေးတဲ့ သစ်သီးလေးတွေပါပဲ)။

(၁၁)ကြက်သွန်ဖြူက သွေးထဲက ကိုလက်စထရောတွေကိုချပေးတဲ့ အကောင်းဆုံးစားဖိုဆောင်သမားတော်ပါပဲ။ ၎င်းက သွေးကြောနံရံတွေမှာ သွေးခဲပိတ်ဆို့အနည်ကျခြင်းကို ကာကွယ်ပေးတာကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ မဖြစ်စေတော့ပါဘူး။ ဒါ့ပြင် သွေးပေါင်ကျခြင်းနဲ့ ပြင်ပကူးစက်ရောဂါပိုးတွေ အလွယ်တကူဝင်မလာနိုင်အောင် တိုက်ထုတ်ပေးတာကြောင့် တစ်နေ့ကို ကြက်သွန်ဖြူ အနည်းဆုံး နှစ်မွှာကနေ လေးမွှာအထိ စားပေးပါ။ (သို့သော် တစ်နေ့ကို လေးမွှာထက် ပိုမစားသင့်ပေ)

(၁၂) သံလွင်ဆီထဲမှာ ကျန်းမာရေးကို ကောင်းကျိုးပြုတဲ့မပြည့်ဝဆီတွေကြွယ်ဝစွာပါရှိနေတာကြောင့် သွေးတွင်း မကောင်းတဲ့ ကိုလက်စထရောတွေကို တိုက်ထုတ်ပေးပါတယ်။ သံလွင်ဆီက နှလုံးကိုကျန်းမာစေတဲ့အပြင် ဝမ်းဗိုက်ကအဆီတွေကိုပါ ချပေးနိုင်ပါတယ်။

(ကိုလက်စထရောတက်သူများ ရှောင်ရှားသင့်တဲ့အစားအစာများ) (၁) အနီရောင်အသားတွေထဲမှာ ပြည့်ဝဆီတွေပါနေလို့ အသားလျှော့စားပါ၊ (၂) အဆီပါတဲ့နွားနို့တွေက မကောင်းတဲ့ LDL ကိုလက်စထရောကို အလွန်အမင်းမြင့်တတ်စေတာကြောင့် အဆီမပါတဲ့နို့၊ ဒိန်ချဉ်တွေကိုသောက်ပါ၊ (၃) ထောပတ်မစားပါနဲ့၊ (၄) ကြက်ကြော်တွေက ကိုလက်စထရောတက်စေလို့ ကြက်ကြော်စားသုံးမယ့်အစား ကြက်ကင်စားပေးပါ။

လူမှုရေး/စီးပွားရေးကြော်ငြာ

(၁၉၉၁-၁၉၉၄)၊ (၁၉၉၂-၁၉၉၅) နှင့် (၁၉၉၃-၁၉၉၆) ခုနှစ် သူနာပြုဒီပလိုမာ ကျောင်းသား/သူများ သူနာပြုတက္ကသိုလ်(ရန်ကုန်)၏ မြတ်ဆရာပူဇော်ကန်တော့ပွဲ

သူနာပြုတက္ကသိုလ်(ရန်ကုန်)တွင် ကျွန်တော်၊ ကျွန်မတို့အား စေတနာ၊ မေတ္တာ၊ ကရုဏာ အပြည့်ထားပြီး အနစ်နာခံသင်ကြားပြသပေးခဲ့သော ဆရာကြီး၊ ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို သတိရလျက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ငွေအား လူအားဖြင့် အောက်ပါကျောင်းသူ/သားများထံ ဆက်သွယ်လှူဒါန်းပါရန် နှိုးဆော်အပ်ပါသည်။

နေ့ရက်	- ၁၅-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)	
အချိန်	- နံနက် ၉း၀၀ နာရီ	
နေရာ	- သူနာပြုတက္ကသိုလ်၊ ခန်းမကြီး၊ ရန်ကုန်မြို့	
(၁၉၉၁-၁၉၉၄)	**- ဒေါ်စိုးစိုးအောင်**	**ဖုန်း-၀၉ ၄၂၁၀ ၄၆၀၂၅**
	- ဒေါ်နော်သူရီ	**ဖုန်း-၀၉-၄၉၄၃၀၆၄၃**
	- ဦးအယ်ဆဲဂေး	**ဖုန်း-၀၉-၄၅၀၀၃၈၈၁၀**
(၁၉၉၂-၁၉၉၅)	**- ဒေါ်ခင်မမကျော်**	**ဖုန်း-၀၉-၇၃၀၉၈၂၅၈**
	- ဒေါ်ကြူကြူမြင့်	**ဖုန်း-၀၉ ၅၁၅၂၄၇၇**
	- ဦးတိုးမောင်	**ဖုန်း-၀၉-၄၉၂၀၇၄၈၂**
(၁၉၉၃-၁၉၉၆)	**- ဒေါ်အေးအေးကြည်**	**ဖုန်း-၀၉-၅၀၄၇၃၉၄**
	- ဒေါ်တင်မာဆွေ	**ဖုန်း-၀၉-၄၂၅၀၀၇၆၀၅**

ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အင်းတကော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၁၆၉-က) အတက်ကြီးတောင်ကွင်း၊ ဦးပိုင်အမှတ်(၂/၁)၊ ဧရိယာ(၁. ၁၃)ဧက၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ (၂. ၄၃)ဧက၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ (၀. ၈၇)ဧက စုစုပေါင်း ဧရိယာ ၄. ၄၃ ဧကရှိသော (လန-၃၉)ရရှိပြီး မြေကွက်များကို ဝယ်ယူလက်ရောက်ရရှိထားသူများထံမှ ကျွန်ုပ်တို့၏အမှုသည်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးပြီး ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ(လန-၃၉) ရရှိထားသော မြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **ညွှန်ကြားချက်အရ-**

ဦးခင်ညွန့်(၁၇၀၁)၊ ဒေါ်ရီရီတင်(၁၉၉၅)
တရားလွှတ်တော်ရှေ့နေများ
ရုံးခန်း(၁)၊ အမှတ်-၅၅၊ တတိယထပ် ရုံးခန်း(၂) အမှတ်-၉၀၊ မြေညီ၊ လမ်း(၄၀)
မဟာဗန္ဓုလပန်းခြံလမ်း၊ကျောက်တံတားမြို့နယ် ကျောက်တံတားမြို့နယ်
ဖုန်း-၀၁-၃၇၁၇၅၅၊ ၀၉-၅၀၁၁၅၇၁၊ ၅၀၁၈၃၄၅၊ ၆၈၀၆၁၂၃၊ ၄၉၂၄၅၅၉၃၊ ၇၃၀၀၉၆၄၄



မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ

ဦးခင်မောင်ဦး(Chief Engineer, FMI Flotilla Co.,Ltd.)-ဒေါ်သန်းသန်းနု(Nu & Family Co.,Ltd)တို့၏သား

မောင်ကျော်ဇေယျာဦး

B.Sc(Zoology),Director(Nu & Family Co.,Ltd)

နှင့်

နေပြည်တော်နေ

ဦးသူရိန်သန့်ဇင်(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်ခင်စိုးနောင်တို့၏သမီး

ဒေါက်တာ ယဉ်မင်းသူ

M.B.B.S(YGN),MRCP(Part II)

စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကြမ်း
(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(၂၀၁၃ ခုနှစ်၊ လ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်၊ သက်ဆိုင်ခြင်းနှင့်၊ အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နေပြည်တော် စည်ပင်သာယာရေးနယ်နိမိတ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်မြို့နှင့် ဒေသများနှင့်သာ သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **စုပေါင်းပိုင်အဆောက်အအုံ**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင် အထပ်မြင့်အိမ်ခန်းများဖြင့် စုပေါင်းပိုင်အဖြစ် ဆောက်လုပ်ထားသော အဆောက်အအုံကိုဆိုသည်။ ယင်းစကားရပ်တွင် စုပေါင်းပိုင်သူများ အသုံးပြုရန် စီမံထားရှိသည့် စုပေါင်းပိုင်ပစ္စည်းများလည်းပါဝင်သည်။

(ခ) **စုပေါင်းပိုင်ပစ္စည်း**ဆိုသည်မှာ စုပေါင်းပိုင် အဆောက်အအုံနှင့် ဆက်စပ်လျက်ရှိသော အောက်ပါပစ္စည်းများ ပါဝင်သည်-

(၁) ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေ၊

(၂) ယင်းစုပေါင်းပိုင်မြေတွင် ဆောက်လုပ်ထားသော တစ်ဦးချင်းပိုင်အိမ်ခန်းများမှအပ စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သည့် စုပေါင်းပိုင် အဆောက်အအုံ၏ အစိတ်အပိုင်း များ၊ တပ်ဆင်ထားသော ပစ္စည်းကိရိယာများ၊

(၃) စုပေါင်းပိုင်သူများ၏ အကျိုးအတွက် အသုံးပြုရန် ဆောက်လုပ်ထားသော သို့မဟုတ် စီမံထားရှိသော အဆောက်အအုံများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများနှင့် ပစ္စည်းများ၊ ဝင်းခြံ၊ ဥယျာဉ်နှင့် သစ်ပင်ပန်းမန်များ၊ ရေပေးရေး၊ အညစ်အကြေး စွန့်ပစ်ရေးနှင့် သန့်ရှင်းရေးဆိုင်ရာပစ္စည်းများ၊ စွမ်းအင်ဖြန့်ဖြူးရေးဆိုင်ရာပစ္စည်းများ၊ လမ်းတံတားနှင့် ရေမြောင်းများ၊ ဆက်သွယ်ရေးပစ္စည်းများ။

(ဂ) **စုပေါင်းပိုင်မြေ** ဆိုသည်မှာ စုပေါင်းပိုင် အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်း တည်ရှိသော စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သည့် မြေနှင့်မြေကွက်လပ်တို့ကိုဆိုသည်။

(ဃ) **နိုင်ငံခြားသား** ဆိုသည်မှာ နိုင်ငံသား မဟုတ်သောသူ သို့မဟုတ် ဧည့်နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူကိုဆိုသည်။

(င) **တည်ထောင်သူ** ဆိုသည်မှာ ငွေကြေးရင်းနှီးမြှုပ်နှံပြီး စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန် ပုဒ်မ၁၀၊ ပုဒ်မခွဲ(ခ)အရ ထုတ်ပေးသော လုပ်ငန်းလိုင်စင်ရရှိသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ အာမခံကုမ္ပဏီများ မပါဝင်။

(စ) **စုပေါင်းပိုင်သူ** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းကို ပိုင်ဆိုင်သည့် အိမ်ခန်းမှတ်ပုံတင်လက်မှတ် ရရှိသူကိုဆိုသည်။ ယင်းစကားရပ်တွင် စုပေါင်းပိုင်သူ၏ အမွေဆက်ခံသူလည်းပါဝင်သည်။

(ဆ) **ပိုင်ဆိုင်မှုအစုတန်ဖိုး** ဆိုသည်မှာ စုပေါင်းပိုင် အဆောက်အအုံရှိ အိမ်ခန်းအသီးသီးအတွက် လွှဲပြောင်းသည့် တန်ဖိုးအလိုက်သာ လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့်ထိန်းသိမ်း စောင့်ရှောက်ရေးအတွက် ထည့်ဝင်ရမည့် ရန်ပုံငွေပမာဏအတွက် လည်းကောင်း ဦးစီးဌာန၏ သဘောတူညီချက်ဖြင့် တည်ထောင်သူက သတ်မှတ်ထားသည့် အချိုးသင့်ပိုင်ဆိုင်မှုတန်ဖိုးကိုဆိုသည်။

(ဇ) **အိမ်ခန်း** ဆိုသည်မှာ စုပေါင်းပိုင် အဆောက်အအုံတွင် နေထိုင်ရန် သို့မဟုတ် လုပ်ငန်းသုံးရန် တစ်ဦးချင်းပိုင်အဖြစ် သီးခြားကာရံ၍ဆောက်လုပ်ထားသော အိမ်ခန်းကို ဆိုသည်။

(ဈ) **အသင်း** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်း စောင့်ရှောက်ရန် အလို့ငှာ ဤဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ(ခ)အရ ထုတ်ပေးသော အသင်းမှတ်ပုံတင်လက်မှတ်ရရှိသည့် စုပေါင်းပိုင် အဆောက်အအုံအသင်းကိုဆိုသည်။

(ည) **အသင်းဝင်** ဆိုသည်မှာ အသင်းမှတ်ပုံတင်လက်မှတ် ရရှိသည့် စုပေါင်းပိုင် အဆောက်အအုံ၏ အိမ်ခန်းမှတ်ပုံတင်လက်မှတ် ရရှိသူကိုဆိုသည်။

(ဋ) **အလုပ်အမှုဆောင်ကော်မတီ** ဆိုသည်မှာ စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရန်နှင့်ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ ဤဥပဒေအရ ရွေးချယ်တင်မြှောက်၍ ဖွဲ့စည်းထားသော စုပေါင်းပိုင်အဆောက်အအုံ၏ အလုပ်အမှုဆောင်ကော်မတီကိုဆိုသည်။

(ဌ) **ယာယီကော်မတီ** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၂၉ အရ ဖွဲ့စည်းသော စုပေါင်းပိုင်အဆောက်အအုံ ယာယီကော်မတီကိုဆိုသည်။

(ဍ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ဦးစီးဌာန** ဆိုသည်မှာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနကိုဆိုသည်။

(ဏ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(တ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို မှတ်ပုံတင်ပေးရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ခန့်အပ်ထားသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်အရာရှိကိုဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့ပြဒေသနှင့်ပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းကို အထောက်အကူပြုစေရန် ၊

(ခ) မြို့ပြဒေသများတွင် တိုးပွားလာသော လူဦးရေနှင့်အညီ လူနေအိမ်ရာများ လုံလောက်မှုရှိစေရေးအတွက် စုပေါင်းပိုင်အဆောက်အအုံများ ပေါ်ထွန်းလာစေရန်၊

(ဂ) မြို့ပြဒေသဖွံ့ဖြိုးရေးနှင့်သာယာလှပရေးအတွက် အထောက်အကူဖြစ်စေရန်အလို့ငှာ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်၊

(ဃ) စုပေါင်းပိုင်အဆောက်အအုံ၏ အိမ်ခန်းများကို တရားဝင်ပိုင်ဆိုင်ခွင့်နှင့် လွှဲပြောင်းခွင့် ရရှိစေရန်၊

(င) အိမ်ရာကဏ္ဍဖွံ့ဖြိုးရေးစီမံကိန်းတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်အကောင်အထည်ဖော်နိုင်ရန်။

အခန်း(၃)
မှတ်ပုံတင်ခြင်းနှင့် စုပေါင်းပိုင်အဆောက်အအုံတည်ထောင်ခြင်း

၅။ ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံများသာလျှင် ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

၆။ တည်ထောင်သူသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော စုပေါင်းပိုင်မြေတွင်သာ စုပေါင်းပိုင်အဆောက်အအုံကို ဆောက်လုပ်ရမည်။

၇။ စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်ရန်အလို့ငှာ စုပေါင်းပိုင်မြေအဖြစ် မှတ်ပုံတင်လိုသည့်မြေသည်-

(က) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ လူနေအိမ်ရာအဖြစ်ဆောက်လုပ်ခွင့် ရှိရမည့်အပြင် ပိုင်ဆိုင်ခွင့် လွှဲပြောင်းနိုင်သော မြေအမျိုးအစားဖြစ်ရမည်။

(ခ) လက်ရှိပိုင်ဆိုင်သူက စုပေါင်းပိုင်မြေအဖြစ် ပိုင်ဆိုင်ခွင့် လွှဲပြောင်းပေးပြီးဖြစ်ရမည်။

(ဂ) မြို့ပြစီမံကိန်းအရ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက သတ်မှတ်ထားသည့် အချက်များနှင့်အညီ ဖြစ်ရမည်။

(ဃ) မြေဧရိယာတစ်ဧကနှင့် အထက်ရှိရမည်။ မြေဧရိယာတစ်ဧကအောက်ဖြစ်ပါက ဝန်ကြီးဌာန၏ သီးခြားခွင့်ပြုချက် ရရှိပြီးဖြစ်ရမည်။

၈။ ဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံတစ်ခုဖြစ်ရန် အနည်းဆုံး လိုအပ်သော အထပ်အရေအတွက်၊ အိမ်ခန်းအရေအတွက်နှင့် စုပေါင်းပိုင်သူများ အသုံးပြုရန် စီမံထားရှိရမည့် စုပေါင်းပိုင်ပစ္စည်းများကို သတ်မှတ်ထားရမည်။

၉။ ဤဥပဒေ အာဏာမတည်မီက ဆောက်လုပ်ပြီးစီးသော အဆောက်အအုံ သို့မဟုတ် ဆောက်လုပ်ဆဲဖြစ်သော အဆောက်အအုံကို စုပေါင်းပိုင်အဆောက်အအုံအဖြစ် မှတ်ပုံတင်လိုပါက ပုဒ်မ ၇ နှင့်ပုဒ်မ ၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရမည်။ သို့ရာတွင် ယင်းပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိပါက ဝန်ကြီးဌာန၏ သီးခြားခွင့်ပြုချက်ရရှိမှသာ စုပေါင်းပိုင်အဆောက်အအုံအဖြစ် မှတ်ပုံတင်ခွင့်ရှိသည်။

၁၀။ (က) စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် အနည်းဆုံး မတည်ငွေရင်း ရှိရမည့်အပြင် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ လုပ်ငန်းလိုင်စင်လျှောက်ထားချက်ကိုစိစစ်၍ လက်ခံပါက လုပ်ငန်းလိုင်စင်ကြေးပေးဆောင်စေပြီး စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်

(ဂ) တည်ထောင်သူသည် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံကို တည်ထောင်လိုပါက စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံတစ်ခုဖြစ်ရန် လိုအပ်သော အထောက်အထားများနှင့်အတူ မြေနှင့် အဆောက်အအုံပုံစံ၊ စုပေါင်းပိုင်မြေနှင့် အဆောက်အအုံတွင်ပါရှိမည့် စုပေါင်းပိုင်ပစ္စည်းများနှင့် ပိုင်ဆိုင်မှုအစုတန်ဖိုးတို့ကိုပူးတွဲတင်ပြ၍ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီး ဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည်ပုဒ်မခွဲ(က)အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်ရယူပြီး သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၂။ ဝန်ကြီးဌာနသည် ဦးစီးဌာန၏တင်ပြချက်ကို စိစစ်ပြီး လိုအပ်ပါကသက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်း၍ ခွင့်ပြုချက်ကိုထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၃။ (က) ဝန်ကြီးဌာနသည် စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို မှတ်ပုံတင်ပေးရန် သက်ဆိုင်ရာ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးရမည်။

(ခ) တည်ထောင်သူသည် စုပေါင်းပိုင်မြေအဖြစ် တည်ထောင်သည့်စာချုပ်စာတမ်းကိုသက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်မြေအဖြစ် တည်ထောင်သည့် စာချုပ်စာတမ်းကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပေးရမည်။

၁၄။ စုပေါင်းပိုင်မြေအဖြစ် မှတ်ပုံတင်ပြီးသောမြေကွက်သည် မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ အမည်နှင့်မျှ ပိုင်ဆိုင်ခွင့်မရှိစေရဘဲ စုပေါင်းပိုင်သူအားလုံးနှင့် အကျိုးသက်ဆိုင်သော စုပေါင်းပိုင်မြေအဖြစ်သာလျှင် တည်ရှိစေရမည်။

၁၅။ တည်ထောင်သူသည်-

(က) ပုဒ်မ ၁၂ အရ ထုတ်ပေးသော ခွင့်ပြုချက်ရရှိပါက မှတ်ပုံတင်ပြီးသော စုပေါင်းပိုင်မြေတွင် စုပေါင်းပိုင်အဆောက်အအုံကို သတ်မှတ်ချက်များနှင့်အညီ ဆောက်လုပ်ရမည်။

(ခ) စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ နေထိုင်ခွင့်ရရှိပါက စုပေါင်းပိုင်အဆောက်အအုံတည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ရမည်။

(ဂ) စုပေါင်းပိုင်အဆောက်အအုံ၏ ဆဋ္ဌမထပ်နှင့် အထက်ရှိ ၄၀ ရာခိုင်နှုန်းထက် မကျော်သော အိမ်ခန်းများကို နိုင်ငံခြားသားအား လွှဲပြောင်းပိုင်ခွင့်ရှိသည်။

၁၆။ မှတ်ပုံတင်အရာရှိသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများကိုလည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ အိမ်ခန်းအလိုက် အိမ်ခန်းမှတ်ပုံတင်လက်မှတ်များကို တည်ထောင်သူအား ထုတ်ပေးပြီးအိမ်ခန်းမှတ်ပုံတင်လက်မှတ်မိတ္တူကို ထိန်းသိမ်းထားရမည်။

၁၇။ မှတ်ပုံတင်ထားသော အိမ်ခန်းကို အောက်တွင်ဖော်ပြထားသည့် လွှဲပြောင်းခြင်း တစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသည့်အခါ လွှဲပြောင်းပေးသူနှင့်လွှဲပြောင်းလက်ခံရရှိသူတို့သည် လွှဲပြောင်းသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် လွှဲပြောင်းသည့် စာချုပ်စာတမ်းကိုသတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည် -

(က) ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်းနှင့် လဲလှယ်ခြင်း၊

(ခ) ရောင်းချခြင်း၊

(ဂ) နောက်ဆုံးအတည်ဖြစ်သည့် တရားရုံး၏ အမိန့် သို့မဟုတ် ဒီကရီအရ ပိုင်ဆိုင်ခွင့် လွှဲပြောင်းခြင်းနှင့် လွှဲအပ်ခြင်း ။

၁၈။ (က) တည်ထောင်သူသည် စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံအဖြစ် မှတ်ပုံတင်သည့် စာချုပ်စာတမ်းအတွက် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်။

(ခ) ပုဒ်မ၁၇ပါ လွှဲပြောင်းခြင်း တစ်ရပ်ရပ်ဖြင့် အိမ်ခန်းအား လွှဲပြောင်းလက်ခံရရှိသူသည် လွှဲပြောင်းသည့် စာချုပ်စာတမ်းအတွက် မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေအရ သတ်မှတ်ထားသည့် တံဆိပ်ခေါင်းခွန်ကို ထမ်းဆောင်ရမည်။

၁၉။ ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်း တစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသည့် စာချုပ်စာတမ်းများကို မှတ်ပုံတင်သည့်အခါ -

(က) လွှဲပြောင်းလက်ခံရရှိသော စုပေါင်းပိုင်သူသည် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခကို ပေးဆောင်ရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းများကို သီးခြားမှတ်ပုံတင်စာအုပ်ဖွင့်လှစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်၍ အိမ်ခန်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၂၀။ စုပေါင်းပိုင်သူသည် မိမိပိုင်အိမ်ခန်းအား ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းပြီး နောက်လွှဲပြောင်းသည့် စာချုပ်စာတမ်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်ပြီးမှ မှတ်ပုံတင်လျှင် မှတ်ပုံတင်ခအပြင် ဝန်ကြီးဌာနက သတ်မှတ်သော ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

အခန်း(၄)
ယာယီကြီးကြပ်မှုအဖွဲ့နှင့် စုပေါင်းပိုင်အဆောက်အအုံအသင်း ဖွဲ့စည်းခြင်း

၂၁။ စုပေါင်းပိုင်အဆောက်အအုံ ဆောက်လုပ်ပြီးစီး၍ နေထိုင်ခွင့်ရရှိပြီးနောက်-

(က) အိမ်ခန်းများ၏ အနည်းဆုံး ၅၀ ရာခိုင်နှုန်း ရောင်းချ၍ မပြည့်သဖြင့် အသင်းဖွဲ့စည်းခြင်း မပြုနိုင်မီ ယင်းအဆောက်အအုံကို စီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ ဦးစီးဌာနသည် ဦးစီးဌာနမှ ဝန်ထမ်းများဖြင့်ဖြစ်စေ၊ စုပေါင်းပိုင်သူများဖြင့်ဖြစ်စေ၊ ဦးစီးဌာနမှ ဝန်ထမ်းများနှင့် စုပေါင်းပိုင်သူများဖြင့်ဖြစ်စေ သင့်လျော်သည့်အဖွဲ့ဝင် အနည်းဆုံး သုံးဦးပါဝင်သော ယာယီကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ယင်းအဖွဲ့၏ လုပ်ငန်း တာဝန်များကို သတ်မှတ်ပေးနိုင်သည်။

(ခ) အိမ်ခန်းများ၏ ၅၀ ရာခိုင်နှုန်းနှင့်အထက် ရောင်းချပြီးဖြစ်ပါက ယင်းအဆောက်အအုံကို စီမံခန့်ခွဲရန်နှင့်ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာ စုပေါင်းပိုင်သူများအားလုံး အသင်းဝင်အဖြစ်ပါဝင်သည့် စုပေါင်းပိုင်အဆောက်အအုံ အသင်းဖွဲ့စည်းရေးကို ပုဒ်မခွဲ(က)အရဖွဲ့စည်းထားသော ယာယီကြီးကြပ်မှုအဖွဲ့က ဆောင်ရွက်ရမည်။

၂၂။ ယာယီကြီးကြပ်မှုအဖွဲ့သည် ဦးစီးဌာနက ရေးဆွဲထားသည့်စံပြ အသင်းဖွဲ့စည်းပုံစည်းမျဉ်းကိုအခြေခံ၍ အသင်းဖွဲ့စည်းပုံစည်းမျဉ်းရေးဆွဲပြီး စုပေါင်းပိုင်သူ ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ယင်းဖွဲ့စည်းပုံစည်းမျဉ်းကို အတည်ပြုလျက်အသင်းဝင်များဖြင့် စုပေါင်းပိုင်အဆောက်အအုံအသင်းကိုဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် စုပေါင်းပိုင်အဆောက်အအုံ တစ်ခုအတွက်ဖြစ်စေ၊ စုပေါင်းပိုင်မြေတစ်ခုအတွင်း ဆောက်လုပ်ထားသော စုပေါင်းပိုင်အဆောက်အအုံများအတွက်ဖြစ်စေ ဖွဲ့စည်းနိုင်သည်။

၂၃။ (က) ယာယီကြီးကြပ်မှုအဖွဲ့သည်အသင်းကိုအသင်းဖွဲ့စည်းပုံစည်းမျဉ်းနှင့် အတူ ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(ခ) ဦးစီးဌာနသည် မှတ်ပုံတင်ပြီးသောအသင်းကို အသင်းမှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၂၄။ အသင်းသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

၂၅။ ယာယီကြီးကြပ်မှုအဖွဲ့သည် စုပေါင်းပိုင်အဆောက်အအုံအတွက် အလုပ်အမှုဆောင်ကော်မတီ သို့မဟုတ် ယာယီကော်မတီ ဖွဲ့စည်းပြီးသည်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

အခန်း(၅)
စုပေါင်းပိုင်အဆောက်အအုံ အလုပ်အမှုဆောင်ကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၂၆။ (က) ယာယီကြီးကြပ်မှုအဖွဲ့သည် အသင်း၏ သင်းလုံးကျွတ် အထူးအစည်းအဝေးကို အသင်းဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ခေါ်ယူကျင်းပ၍ စုပေါင်းပိုင်အဆောက်အအုံ အလုပ်အမှုဆောင်ကော်မတီကို ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

(ခ) ပထမအကြိမ် စုပေါင်းပိုင်အဆောက်အအုံ အလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းပြီးနောက် အသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အသင်းဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ နှစ်စဉ်ကျင်းပ၍အလုပ်အမှုဆောင်ကော်မတီကို ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ ရွေးချယ်တင်မြှောက် ဖွဲ့စည်းသည့် အလုပ်အမှုဆောင်ကော်မတီတွင် အသင်းဝင်များအနက်မှ အနည်းဆုံး ငါးဦးမှ အများဆုံး ကိုးဦး အထိပါဝင်ရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော အလုပ်အမှုဆောင်ကော်မတီဝင်များသည် မိမိတို့အနက်မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်တာဝန်ပေးအပ်ရမည်။

(င) အသင်းဝင်များအနက်မှ စာရင်းကျွမ်းကျင်သူတစ်ဦးကို စာရင်းစစ်အဖြစ်ခန့်အပ်တာဝန်ပေးရမည်။ လိုအပ်လျှင် ပြင်ပစာရင်းစစ်ကိုလည်း ခန့်အပ်တာဝန်ပေးနိုင်သည်။

၂၇။ (က) လုပ်ငန်းတာဝန်ကျေပွန်ခြင်းမရှိသော သို့မဟုတ် လုပ်ငန်းတာဝန်ကို မှန်ကန်စွာ ဆောင်ရွက်ခြင်းမရှိသော အလုပ်အမှုဆောင်ကော်မတီဝင်အား အလုပ်အမှုဆောင်ကော်မတီဝင်အဖြစ်မှ ရပ်စဲနိုင်ရန် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ်အထူးအစည်းအဝေးတွင် အသင်းဝင်ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) အလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဦးသည် အကြောင်းတစ်ခုခုကြောင့်

စာမျက်နှာ ၂ သို့

စာမျက်နှာ ၁ မှ

အလုပ်အမှုဆောင် ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက အလုပ်အမှုဆောင်ကော်မတီသို့ တင်ပြ၍ နုတ်ထွက်နိုင်သည်။

(ဂ) လစ်လပ်သွားသော အလုပ်အမှုဆောင်ကော်မတီဝင်၏ နေရာကို နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ်အထူးအစည်းအဝေးတွင် ရွေးချယ်တင်မြှောက်ပြီး အစားထိုးတာဝန်ပေးအပ်ရမည်။

၂၈။ အလုပ်အမှုဆောင်ကော်မတီသည်-

(က) စုပေါင်းပိုင်အဆောက်အအုံနှင့် စပ်လျဉ်း၍ အသင်းဝင်များနှင့် စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်သူများလိုက်နာရမည့် စည်းကမ်းချက်များကို နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ရမည်။

(ခ) ပိုင်ဆိုင်မှုအစုတန်ဖိုးအလိုက် အချိုးကျ အသင်းဝင်က ထည့်ဝင်ရမည့် ရန်ပုံငွေပမာဏကို နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ်အထူးအစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့်အညီ အိမ်ခန်းတစ်ခုချင်းအလိုက် သတ်မှတ်ရမည်။

(ဂ) သတ်မှတ်ထားသော ပိုင်ဆိုင်မှုအစုတန်ဖိုးကို တိုးမြှင့်လိုသည့်အခါတွင်လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံကို အသစ်တိုးချဲ့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း ပြုလုပ်လိုသည့်အခါတွင်လည်းကောင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင်ဖြစ်စေ၊ လိုအပ်ပါက သင်းလုံးကျွတ်အထူးအစည်းအဝေး ခေါ်ယူကျင်းပ၍ဖြစ်စေ အသင်းဝင်အားလုံး၏ အနည်းဆုံး လေးပုံသုံးပုံ၏ ဆန္ဒမဲဖြင့် ဆောက်ရွက်နိုင်သည်။

(ဃ) ရန်ပုံငွေသုံးစွဲမှုနှင့်စပ်လျဉ်း၍ စာရင်းဇယားများ ပြုစုထားရှိပြီး စာရင်းစစ်၏ စစ်ဆေးမှုကို ခံယူရမည်။ ရန်ပုံငွေအရ အသုံးရှင်းတမ်းကို အသင်းဝင်တစ်ဦးချင်းထံသို့ ပေးပို့ရမည်။

(င) စုပေါင်းပိုင်အဆောက်အအုံအား မီးအာမခံနှင့်အခြားလိုအပ်သည့် အာမခံများ ထားရှိနိုင်သည်။

(စ) သတ်မှတ်ထားသည့် ကာလအတွင်း ရန်ပုံငွေပေးသွင်းရန် ပျက်ကွက်သောအသင်းဝင်အား အသင်းသို့ပေးသွင်းရမည့် ရန်ပုံငွေအပြင် ယင်းရန်ပုံငွေ၏ တစ်ဆကို ဒဏ်ကြေးအဖြစ်ပေးသွင်းရန် အမိန့်ချမှတ်ရမည်။

(ဆ) အသင်းဝင်များထည့်ဝင်သော ရန်ပုံငွေကို ဘဏ်စာရင်းဖွင့်လှစ်၍ထိန်းသိမ်းပြီး စနစ်တကျ ထုတ်ယူသုံးစွဲရမည်။

(ဇ) ရန်ပုံငွေရရှိရေး၊ တိုးပွားရေး၊ သုံးစွဲရေးတို့နှင့် စပ်လျဉ်း၍ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးတွင် တင်ပြပြီး အဆုံးအဖြတ်ခံယူ ဆောင်ရွက်ရမည်။ ယင်းဆောင်ရွက်ချက်များအပါအဝင် အသင်း၏လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာနှင့် စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးအစီရင်ခံစာတို့ကို အနီးကပ်ဆုံး ကျင်းပသော နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင် တင်ပြပြီး အတည်ပြုချက်ရယူရမည်။

(ဈ) အသင်းဝင်များ၏ အကျိုးအတွက် သက်ဆိုင်ရာ စုပေါင်းပိုင်အဆောက်အအုံကို ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းနှင့် မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

(ည) စုပေါင်းပိုင်အဆောက်အအုံ စီမံခန့်ခွဲရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့အတွက် လိုအပ်သည့်ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

(ဋ) စုပေါင်းပိုင်အဆောက်အအုံရှိ ရေပေးရေးစနစ်၊ မိလ္လာနှင့် ရေထုတ်စနစ်၊ အညစ်အကြေးစွန့်ပစ်ရေးနှင့် သန့်စင်ရေးစနစ်၊ စွမ်းအင်ဖြန့်ဖြူးရေးစနစ်၊ လမ်း၊ တံတားနှင့်ရေမြောင်းများ၊ ဆက်သွယ်ရေးနှင့် လုံခြုံရေးစနစ်များ ကောင်းမွန်ခြင်းရှိမရှိ စစ်ဆေးပြီး ယင်းစနစ်များကို လိုအပ်သလို ပြုပြင်ခြင်းနှင့် ပြောင်းလဲခြင်း ပြုနိုင်သည်။

(ဌ) အိမ်ခန်းများအား ပြုပြင်မွမ်းမံရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းထံမှ ခွင့်ပြုချက်ရယူနိုင်ရန် အသင်းဝင်၏တင်ပြချက်အပေါ် စိစစ်၍ ထောက်ခံချက် ထုတ်ပေးနိုင်သည်။

(ဍ) အလုပ်အမှုဆောင်ကော်မတီ၏ ပုံမှန်အစည်းအဝေးများနှင့် အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။ လိုအပ်ပါက အလုပ်အမှုဆောင်ကော်မတီ၏ အထူးအစည်းအဝေးနှင့် သင်းလုံးကျွတ်အထူးအစည်းအဝေးများကို အသင်းဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ခေါ်ယူကျင်းပနိုင်သည်။

(ဎ) စုပေါင်းပိုင်မြေ၊ စုပေါင်းပိုင်အဆောက်အအုံနှင့် အိမ်ခန်းများ၏ မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည့်အပြင် အိမ်ခန်းများ၏ လွှဲပြောင်းမှုမှတ်တမ်းများကိုလည်း ပြုစုထားရှိရမည်။

(ဏ) အိမ်ခန်းများကို ပုဒ်မ ၁၇ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့်လွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ စိစစ်ပြီး ထောက်ခံချက် ထုတ်ပေးနိုင်သည်။

(တ) ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းမှုများကို မှန်ကန်စွာ ဆောင်ရွက်ခြင်း ရှိ မရှိနှင့် စပ်လျဉ်း၍ စုပေါင်းပိုင်မြေနှင့် စုပေါင်းပိုင်အဆောက်အအုံ မှတ်ပုံတင်လက်မှတ်ကိုလည်းကောင်း၊ အိမ်ခန်းမှတ်ပုံတင်လက်မှတ်ကို လည်းကောင်း လိုအပ်ပါက မှတ်ပုံတင်အရာရှိထံတွင်ရှိသော မှတ်ပုံတင်စာအုပ်စာတမ်းများနှင့် တိုက်ဆိုင်စစ်ဆေးကြည့်ရှုနိုင်သည်။

(ထ) အိမ်ခန်းများတွင်နေထိုင်သူအချင်းအချင်းစုပေါင်းပိုင် အဆောက်အအုံနှင့် စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှုများကိုစေ့စပ်ညှိနှိုင်းပေးနိုင်သည်။

၂၉။ အသင်း၏ အလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းခြင်းမပြုနိုင်သည့် အခါတွင် အလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် ဦးစီး ဌာနသည် အသင်းဝင်များအနက်မှ သင့်လျော်သည့်ပုဂ္ဂိုလ် အနည်းဆုံး သုံးဦး ပါဝင်သော စုပေါင်းပိုင်အဆောက်အအုံ ယာယီကော်မတီကို ကာလသတ်မှတ်၍ ဖွဲ့စည်းပေးရမည်။

၃၀။ (က) အသင်းဝင်အားလုံး၏ လေးပုံတစ်ပုံကအသင်းဖွဲ့စည်းပုံ စည်းမျဉ်းကို ပြင်ဆင်လိုလျှင် အလုပ်အမှုဆောင်ကော်မတီသို့ တင်ပြရမည်။

(ခ) အလုပ်အမှုဆောင်ကော်မတီသည် အသင်းဖွဲ့စည်းပုံ စည်းမျဉ်းပြင်ဆင်ချက်ကို ဦးစီးဌာန၏ အတည်ပြုချက်ရယူပြီး အသင်း၏နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ်အထူးအစည်းအဝေးတွင်အသင်းဝင်အားလုံး၏ အနည်းဆုံး လေးပုံ သုံးပုံ၏ ဆန္ဒမဲဖြင့် အသင်းဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းနှင့် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) အလုပ်အမှုဆောင်ကော်မတီသည် အသင်းဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ချက်ကို ဦးစီးဌာနသို့ တင်ပြရမည်။

အခန်း(၆)

အသင်းဝင်၏ အခွင့်အရေးနှင့်တာဝန်များ

၃၁။ အသင်းဝင်သည်-

(က) ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်အရာရှိထံတွင် မှတ်ပုံတင်ခွင့်ရှိသည်။ ပိုင်ဆိုင်ခွင့်ကို လွှဲပြောင်းလက်ခံရရှိသူ အမည်သို့ ပြောင်းလဲခွင့်ရှိသည်။

(ခ) ဤဥပဒေနှင့်အညီ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းအား မှတ်ပုံတင်ပြီးသည့် အခါ အိမ်ခန်းကို တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည်။

(ဂ) အိမ်ခန်းကို နိုင်ငံသားအား ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်၊ စွန့်လွှတ်ခွင့်၊ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များရှိသည်။

(ဃ) (၁) အိမ်ခန်းကို နိုင်ငံခြားသားအား ငှားရမ်းခွင့်၊ ပေါင်နှံခွင့်နှင့် ခွင့်ပြုချက်ဖြင့် ထားပိုင်ခွင့်များရှိသည်။

(၂) စုပေါင်းပိုင်အဆောက်အအုံ၏ ဆဋ္ဌမထပ်နှင့် အထက်ရှိ ၄၀ ရာခိုင်နှုန်းထက်မကျော်သော အိမ်ခန်းများကို နိုင်ငံခြားသားအား ရောင်းချခွင့်၊ လဲလှယ်ခွင့်၊ ပေးကမ်းခွင့်နှင့်စွန့်လွှတ်ခွင့်များရှိသည်။

(င) အလုပ်အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ရယူ၍ မိမိပိုင်အိမ်ခန်း၏ အတွင်းပိုင်းကို စုပေါင်းပိုင်အဆောက်အအုံ၏ မူလပုံစံနှင့် ခိုင်ခံ့မှုကို မထိခိုက်စေဘဲ မိမိ၏စရိတ်ဖြင့် ပြုပြင်မွမ်းမံခွင့်နှင့် အသေးစားပြင်ဆင်ခွင့်များရှိသည်။

(စ) အသင်း၏ရန်ပုံငွေကို စုပေါင်းပိုင်သူအားလုံးနှင့်အတူ သက်ဆိုင်ခွင့်ရှိသည်။

(ဆ) စုပေါင်းပိုင်မြေကို အလုပ်အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် လူမှုရေးကိစ္စအတွက် ယာယီအသုံးပြုခွင့် ရှိသည်။

(ဇ) အသင်း၏နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သင်းလုံးကျွတ်အထူးအစည်းအဝေးများသို့ တက်ရောက်ခွင့်၊ အကြံပေးခွင့်၊ အဆုံးအဖြတ်တစ်ခုခုအတွက်မဲပေးခွင့်၊ အလုပ်အမှုဆောင်ကော်မတီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ပိုင်ခွင့်များရှိသည်။

၃၂။ အသင်းဝင်သည် -

(က) စုပေါင်းပိုင်အဆောက်အအုံကို စီမံခန့်ခွဲရေးနှင့်ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် မိမိပိုင်ဆိုင်မှု အစုတန်ဖိုးအလိုက် အချိုးကျသတ်မှတ်ထားသော ရန်ပုံငွေကို ထည့်ဝင်ရမည်။ မိမိပိုင်ဆိုင်သည့် အိမ်ခန်းကိုအငှားချထားခြင်းဖြစ်လျှင် အငှားချထားခြင်းခံရသူနှင့် သီးခြားသဘောတူညီချက်မရှိပါက မိမိကသာလျှင် ရန်ပုံငွေကို ထည့်ဝင်ရမည်။

(ခ) စုပေါင်းပိုင်အဆောက်အအုံနှင့် စုပေါင်းပိုင်ပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံ သန့်ရှင်းရေးနှင့် လုံခြုံရေးစနစ် ကောင်းမွန်စေရေးအတွက်လည်းကောင်း စုပေါင်းထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိသည်။

(ဂ) မိမိပိုင်အိမ်ခန်းကို ငှားရမ်းခြင်း၊ပေါင်နှံခြင်းနှင့်တစ်ဦးဦးအား ခွင့်ပြုချက်ဖြင့် ထားခြင်းပြုပါက အလုပ်အမှုဆောင်ကော်မတီသို့ အသိပေးရမည်။

(ဃ) အိမ်ခန်းကို ပုဒ်မ ၁၇ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်းမပြုမီ သတ်မှတ်ချက်များနှင့်အညီ အလုပ်အမှုဆောင်ကော်မတီသို့ ကြိုတင်အသိပေးရမည်။

(င) မိမိကြောင့်ဖြစ်စေ၊ အငှားချထားခြင်းခံရသူကြောင့်ဖြစ်စေ၊ အိမ်ခန်းကို အပေါင်ခံ၍ လက်ရောက်ရယူထားသူကြောင့်ဖြစ်စေ၊ မိမိ၏ခွင့်ပြုချက်ဖြင့် နေထိုင်သူကြောင့်ဖြစ်စေ စုပေါင်းပိုင်အဆောက်အအုံ သို့မဟုတ် စုပေါင်းပိုင်ပစ္စည်းပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပေါ်ပါက ထိုသူများနှင့် သီးခြားသဘောတူညီချက်မရှိလျှင် မိမိ၌သာ တာဝန်ရှိသည်။

(စ) မိမိ၏ အိမ်ခန်းအတွင်းပိုင်းကို အလုပ်အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ပြုပြင်မွမ်းမံခြင်း၊ အသေးစားပြင်ဆင်ခြင်းပြုရာတွင် အဆောက်အအုံ၏ မူလပုံစံနှင့်ခိုင်ခံ့မှုကို မထိခိုက်စေရ။

(ဆ) အိမ်ခန်းကို နေထိုင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းအပြင် အလုပ်အမှုဆောင်ကော်မတီ၏ သီးခြားခွင့်ပြုချက်ဖြင့် အခြားနည်းသုံးစွဲနိုင်သည်။

အခန်း(၇)

ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၃၃။ (က) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်သူများ လိုက်နာရန် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(ခ) ဦးစီးဌာနသည် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(၁) လူဦးရေထူထပ်သည့် မြို့ပြဒေသများတွင် လူနေအိမ်ရာများလုံလောက်မှုရှိစေရေးအတွက်လည်းကောင်း၊ ခေတ်မီအထပ်မြင့်အဆောက်အအုံများ တိုးပွားလာစေရေးအတွက်လည်းကောင်း စုပေါင်းပိုင်အဆောက်အအုံစနစ် ဖွံ့ဖြိုးတိုးတက်စေရန် ဦးဆောင်စည်းရုံးခြင်းနှင့် ပညာပေးလှုံ့ဆော်ခြင်း၊

(၂) စုပေါင်းပိုင်အဆောက်အအုံများ တည်ထောင်လုပ်ကိုင်ရာတွင် ခေတ်မီတိုးတက်ရေးအတွက် တည်ထောင်လုပ်ကိုင်မည့် လုပ်ငန်းရှင်များအား လိုအပ်သောအကူအညီပေးခြင်းနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လည်းကောင်း ဆက်သွယ်ဆောင်ရွက်ခြင်း၊

(၃) တည်ထောင်ဆောက်လုပ်ပြီးဖြစ်သော စုပေါင်းပိုင်အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသပ်ရပ်မှုရှိရေးနှင့် ပြုပြင်မွမ်းမံထိန်းသိမ်းရေးတို့အတွက် အစီအစဉ်များချမှတ်၍ အလုပ်အမှုဆောင်ကော်မတီများအား လိုအပ်သောပံ့ပိုးကူညီမှုများပေးခြင်း၊

(၄) စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းအသီးသီး အတွက် တည်ထောင်သူကတင်ပြသောပိုင်ဆိုင်မှု အစုတန်ဖိုးကို စိစစ်၍သဘောတူညီချက်ပေးခြင်း၊

(၅) စုပေါင်းပိုင်အဆောက်အအုံစနစ် ဖွံ့ဖြိုးတိုးတက်စေရန် သုတေသနပြုခြင်း၊ ပြည်တွင်းပြည်ပ နည်းပညာများ လေ့လာဆည်းပူးခြင်းနှင့် နည်းပညာများ ပြန့်ပွားစေရန် ဆောင်ရွက်ခြင်း၊

(၆) အသင်း၏ ရန်ပုံငွေစာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း။

အခန်း(၈)

စုပေါင်းပိုင်အဆောက်အအုံကို ဖြိုဖျက်ပြီး အသစ်ပြန်လည်ဆောက်လုပ်ခြင်းနှင့် စုပေါင်းပိုင်အဆောက်အအုံစနစ်ကို ရပ်စဲခြင်း

၃၄။ စုပေါင်းပိုင်အဆောက်အအုံတစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို ဖြိုဖျက်ပြီးအသစ်ပြန်လည်ဆောက်လုပ်လိုလျှင်ဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာကြောင့် စုပေါင်းပိုင်အဆောက်အအုံစနစ်ကို ရပ်စဲလိုလျှင်ဖြစ်စေ အသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ်အထူးအစည်းအဝေးတွင် အသင်းဝင် ၇၅ ရာခိုင်နှုန်း၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၅။ (က) အလုပ်အမှုဆောင်ကော်မတီသည် ပုဒ်မ ၃၄အရ ချမှတ်သောသဘောတူ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ တင်ပြချက်နှင့်စပ်လျဉ်း၍ မိမိ၏ သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် ဦးစီးဌာန၏ တင်ပြချက်ကိုစိစစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်း၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) အလုပ်အမှုဆောင်ကော်မတီသည် ဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိပါက သက်ဆိုင်သူများသိရှိနိုင်ရန် သတင်းစာတွင် ကြေညာရမည်။

၃၆။ (က) အလုပ်အမှုဆောင်ကော်မတီသည် ဝန်ကြီးဌာနက အတည်ပြုသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ယင်းအတည်ပြုချက် မိတ္တူနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး သို့မဟုတ် သင်းလုံးကျွတ် အထူးအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက် မိတ္တူတို့ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာ မှတ်ပုံတင်စာအုပ်တွင်လိုအပ်သော ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ရမည်။

၃၇။ (က) အလုပ်အမှုဆောင်ကော်မတီသည် ဝန်ကြီးဌာန၏ အတည်ပြုချက်နှင့်အညီ စုပေါင်းပိုင်အဆောက်အအုံကို အသစ်ပြန်လည်ဆောက်လုပ်ရာတွင်လည်းကောင်း၊ စုပေါင်းပိုင်အဆောက်အအုံ တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ ဖြိုဖျက်ပြီး မူလပုံစံအတိုင်း အသစ်ပြန်လည်ဆောက်လုပ်ရာတွင် လည်းကောင်း၊ စုပေါင်းပိုင် အဆောက်အအုံစနစ်ကို ရပ်စဲရာတွင်လည်းကောင်း ယင်းစုပေါင်း ပိုင်မြေနှင့်စုပေါင်းပိုင်အဆောက်အအုံမှ ဖယ်ရှားပေးရန် ပျက်ကွက်သူများ၏ စာရင်းကို ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ တင်ပြချက်နှင့်စပ်လျဉ်း၍ **လုံခြုံရေးအတွက်** လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို ရယူဖယ်ရှားနိုင်သည်။

၃၈။ (က) အလုပ်အမှုဆောင်ကော်မတီသည် စုပေါင်းပိုင်အဆောက်အအုံစနစ်ကို ရပ်စဲနိုင်ရေးအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်ရရှိပါက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်တာဝန်ပေးရန် ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ(က)အရ တင်ပြချက်ကို စိစစ်ပြီး လိုအပ်ပါက ဒီပလိုမာလက်မှတ်ရ စာရင်းကိုင်အဆင့်အောက် မနိမ့်သော စာရင်းကျွမ်းကျင်သူတစ်ဦးဦးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ဂ) ဦးစီးဌာနက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ခန့်အပ်တာဝန်ပေးပြီးနောက် အလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များသည် ရပ်စဲစေရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စုပေါင်းပိုင်အဆောက်အအုံစနစ်ကို ရပ်စဲခြင်းနှင့်စပ်လျဉ်း၍ အသင်းဝင်အသီးသီး၏ ပိုင်ဆိုင်မှုအစုတန်ဖိုးအလိုက် ရပိုင်ခွင့်ရှိသည့် ငွေကြေးများ ပြန်လည်ထုတ်ပေးခြင်းကိစ္စ၊ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကိစ္စတို့ကို စီစဉ်ဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပါ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တရားရုံး၏ ခွင့်ပြုမိန့်ရယူရန်မလိုဘဲ ကျင့်သုံးနိုင်သည်။

အခန်း(၉)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၉။ အသင်းဝင်နှင့် စုပေါင်းပိုင်အဆောက်အအုံတွင် နေထိုင်သူ မည်သူမဆို စုပေါင်းပိုင်အဆောက်အအုံနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၄၀။ မည်သူမဆို ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် တာဝန်တစ်ရပ်ရပ်ကိုလိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ် ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၁၇ အရ အိမ်ခန်းလွှဲပြောင်းသည့် စာချုပ်စာတမ်းကို မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ် ချမှတ်ရမည်။

၄၂။ မည်သူမဆို ပုဒ်မ ၃၉ ၊ ပုဒ်မ ၄၀ သို့မဟုတ် ပုဒ်မ ၄၁ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် ထိုပြစ်မှုကို ဆက်လက်ကျူးလွန်လျှင် ထိုသူကိုကျူးလွန်သည့်နေ့ အသီးသီးအတွက် ထိုပြစ်မှုတွင် ပြဋ္ဌာန်းထားသော အများဆုံး ချမှတ်နိုင်သည့် ငွေဒဏ်၏ ၁၀ ရာခိုင်နှုန်း ချမှတ်ရမည်။

အခန်း(၁၀)

အထွေထွေ

၄၃။ စုပေါင်းပိုင်အဆောက်အအုံနှင့်စုပေါင်းပိုင်ပစ္စည်း၌ ပိုင်ဆိုင်ခွင့်၊ လက်ဝယ်ထားခွင့်မရှိသူ တစ်ဦးဦးအား ဖယ်ရှားနှင်ထုတ်ပေးရန် တရားစွဲဆိုမှုတွင် ကာလစည်းကမ်းသတ် အက်ဥပဒေ၌ သတ်မှတ်ထားသည့် ကာလအတွင်း တရားစွဲဆိုခြင်း မရှိစေကာမူ တရားစွဲဆိုခြင်းခံရသူသည် ကာလစည်းကမ်းသတ် အက်ဥပဒေအရ ကာလစည်းကမ်းသတ်ကျော်လွန်သည်ကို အကြောင်းပြု၍ ဆန့်ကျင်ဘက် လက်ရှိ ပိုင်ဆိုင်ခွင့် မရှိစေရ။

၄၄။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၂၀ အရ ဒဏ်ကြေးပေးဆောင်ရန် ပျက်ကွက်သူထံမှ ယင်းဒဏ်ကြေးကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံပြီး ဦးစီးဌာနသို့ ပေးသွင်းရမည်။

(ခ) ပုဒ်မ ၂၈၊ ပုဒ်မခွဲ(စ) အရ ရန်ပုံငွေပေးသွင်းရန် ပျက်ကွက်သူထံမှ အသင်းက ရရန်ရှိသော ရန်ပုံငွေနှင့် ဒဏ်ကြေးတို့ကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံပြီး အသင်းသို့ ပေးသွင်းရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့်၊ ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၆/သမိုင်း၊ မြေကွက်အမှတ် ၄/၉^၂-B၊ မြေကွက်တည်နေရာအမှတ်-၆(က)၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးခင်မောင်ကြည်၊ ဒေါ်ခင်မျိုးမြင့်)အမည်ပေါက် မြေပိုင်မြေ လ/န ၃၉-ရပြီး မြေအားအမည်ပေါက် ဒေါ်ခင်မျိုးမြင့် ၁၁-၈-၂၀၁၁ရက်တွင် ကွယ်လွန်သဖြင့် ဦးခင်မောင်ကြည်[၁၂/မရက(နိုင်)၀၅၃၇၇၆]က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ လူနေရပ်ကွက်အမှတ်(၃၀)၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၈) အမည်ပေါက် ဦးထွန်းရှိန်[၁၂/ဥကတ(နိုင်)၁၁၈၂၇၂]ထံမှ တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ၁။ဒေါ်စန်းဝင်း[၁၂/ဥကတ(နိုင်)၁၀၁၇၆၇]၊ ၂။ဦးမင်းမျိုးအောင်[၁၂/ဥကတ(နိုင်)၁၁၉၈၄၁]တို့က အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တင်ပြ၍ တိုက်ခန်းအမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကားရောင်းမည်

CHERY QQ-3
TAXI-၇၀/----

ဖုန်း-၀၉-၅၁၇-၉၈၅၁
၀၁-၅၇၈၄၇၅

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အဆင့်မြင့် ပြင်ဆင်ထားသောရုံးခန်း မြို့လယ်ကောင် ကုန်သည်လမ်းပေါ်ရှိ Tower Lift, Line Phone ၄လုံး၊ ၅ Aircons၊ ကိုယ်ပိုင် ADSL Internet ၁၅၀၀ sqft, Office Furniture များပါ။

ဆက်သွယ်ရန်
ဖုန်း-၀၉-၇၃၁၅၄၇၉၀
(ရုံးချိန်အတွင်းသာ)

ဈေးနှုန်း-3500L (ညှိနှိုင်းမည်)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄/ရွှေပေါက်ကံ၊ မြေကွက်အမှတ်၅၈၀၊ မြေကွက်တည်နေရာအမှတ်(၅၈၀)၊ ညောင်ရမ်းလမ်း၊ (၁၄၊ ရွှေပေါက်ကံ)၊ မြောက်ဥက္ကလာပမြို့နယ် (ဒေါ်ကြည်ကြည်ငွေ၊ အန်ဘီအန် ၁၀၂၁၀၅)အမည်ပေါက် နှစ် (၆၀)ဂရန် မြေအားအမည်ပေါက် ဒေါ်ကြည်ကြည်ငွေ တရားရုံးကိုယ်စား)၊ ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးမှ စာအမှတ်၊ ၁၁၇၄/၅-၁-၂၀၁၃(၂၈-၈-၂၀၁၃) ဖြင့် ခန့်အပ်ခြင်းခံရသူ ဘီးလစ် ဒေါ်နှင်းဝင့်ဝင့်ဖြူ [၈/ဆဖန(နိုင်)၀၅၁၂၄၃]မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်များတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့(၄)၊ နှင်းဆီ(၉)လမ်း၊ ခြံအမှတ်-E၂၇ အမည်ပေါက်(ဦးစိုးမြင့်)ကွယ်လွန် ပိုင်ဆိုင်ကြောင်း ခြံမြေပေ(၄၀×၆၀) အား သမီးဖြစ်သူ မဇာခြည်စိုး[၁၂/ဗတထ(နိုင်)၀၂၆၄၁၉]က ခြံခတ်နေထိုင်မည်ဖြစ်ပါ၍ ၎င်းခြံမြေနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ယခုမှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

သမီးဖြစ်သူ
မဇာခြည်စိုး



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၁၊ မြေကွက်အမှတ်-၅၈၀/ခ၊ မြေကွက်တည်နေရာအမှတ်(၅၈၀/ခ)၊ သီဟသူလမ်း၊ (၁၁)ရပ်ကွက်၊ တ/ဥ(ဦးအေအေဒွေးစ်)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် အေအေဒွေးစ်(ခ)အေအရှုးလ်ဒွေးစ်နှင့်ဇနီး ဒေါ်လီလီထရေဇာတို့ ကွယ်လွန်သဖြင့် ဦးဖီးလစ်(ခ) ဦးထွန်းမြင့်[၁၂/ဥကတ(နိုင်)၁၈၈၇၇၉]၊ ဦးခင်မောင်ထွန်း[၁၂/ဥကတ(နိုင်)၀၀၇၉၄၉] တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၂-ဘီ ၊မြေကွက်အမှတ်-၅၊ မြေကွက်တည်နေရာအမှတ်(၁၉၂)၊ သိမ်ဖြူလမ်းသွယ်၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်ဦးကြည်သင်း (CJ-၀၃၁၆၅၂) (ဒေါ်ခင်ခင်-CJ-028365)အမည်ပေါက် နှစ်(၉၀)၊ မြေငှားဂရန်မြေအားအမည်ပေါက် ဖခင်ဦးကြည်သင်း၊ မိခင်-ဒေါ်ခင်ခင်ကွယ်လွန်သဖြင့် ဗိုလ်မှူးကြီးစောလွင်[၉/မနမ(နိုင်)၀၆၀၈၂၉]၊ ဒေါ်ခင်ခင်သွယ်[၁၂/ဗတထ(နိုင်)၀၀၇၆၈၃]၊ ဒေါ်မူမူသင်း[၁၂/ဗတထ(နိုင်)၀၀၇၆၈၄]တို့က သားသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့် သူရသိဒ္ဓိအောင်/၁၁၆၃၅ကုန်တင်ရေယာဉ်၏ မူလပိုင်ရှင် ဒေါ်ရီရီခိုင်ထံမှ ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်း အထောက်အထားများတင်ပြ၍ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ အမှတ်(၂၇)နေ ဒေါ်မေသဇင်အောင်[၉/အမဇ (နိုင်)၀၀၃၇၀၈]သို့ ပိုင်ရှင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။

၂။ အဆိုပါ လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့်ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူ အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/ဆေးစက်၊ မြေကွက်အမှတ်-၁၄၂၊ မြေကွက်တည်နေရာအမှတ်(၁၄၂)၊ အနော်ရထာလမ်း၊ ဆေးစက်ရပ်ကွက်၊ ဒေါပုံမြို့နယ်(ဦးစိုးသိန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးစိုးသိန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်မြင့်စိန် [၁၂/ဒပန(နိုင်)၀၁၂၂၆၀]၏ GP ၁၆၇၈၈(၁၀-၉-၂၀၁၃)ရသူ ဒေါ်တင်ဇာခိုင် [၁၂/လမန(နိုင်)၁၂၉၈၂၈]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-၁၂၉၊ မြေကွက်အမှတ်-၃၃၇၊ အမည်ပေါက် ဒေါ်စန်းစန်းရည် [၁၂/သဃက(နိုင်) ၀၄၇၅၈၄]မှ မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅) ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ် မိတ္တူမှန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၊ မြေကွက်အမှတ်-၉၃၇/ခ၊ မြေကွက်တည်နေရာအမှတ်(၉၃၇/ခ)၊ သရေခေတ္တရာ(၁၉)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာ(ဦးထွန်းမြိုင်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းမြိုင်၊ (ဇနီး)ဒေါ်ယဉ်မေ၊ (သား)ဦးဝင်းကိုကိုတို့ အသီးသီးကွယ်လွန်သဖြင့် ဒေါ်သိန်းအေး[၁၂/ဥကတ(နိုင်) ၀၉၅၀၈၇]၊ ဒေါ်စိန်စိန်ဝင်း(S/OKA-059052)၊ ဒေါ်ခင်မာထွေး[၁၂/ဥကတ(နိုင်)၀၉၆၂၂၅]၊ ဦးစည်သူကျော်[၁၂/ဥကတ(နိုင်)၁၉၇၃၁၈] ဦးအောင်သူ[၁၂/ဥကတ(နိုင်)၁၉၇၃၆၄]၊ မသော်သော်လင်းတို့က သမီးများနှင့်အမွေမမီမြေးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၄/၃၊မြေကွက်အမှတ်-(၂၃၆/၂)၊ မြေကွက်တည်နေရာအမှတ်(၂၃၆/၂)၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပ (ဒေါ်ဖြူဖြူဝင်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ဖြူဖြူဝင်း ကွယ်လွန်သဖြင့် ဦးမြင့်လွင် [၉/ပသက(နိုင်) ၀၀၇၂၈၂]က တစ်ဦးတည်းသောခင်ပွန်း တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈/၄၀)ကံဘဲ့၊ မြေကွက်အမှတ်-၂၅၈၊ မြေကွက်တည်နေရာ အမှတ်(၃၇)၊ အင်ကြင်းမြိုင်လမ်း၊ (၉)ရပ်ကွက်၊ ရန်ကင်းမြို့နယ်(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) အမည်ပေါက် အစိုးရမြေအား အမှတ်(၉)ရပ်ကွက်၊ နှစ်(၆၀) ဂရန်စီမံချက်၏ ငယ်စာရင်း အမည်ပေါက် ဦးချစ်မောင်[၁၂/ရကန(နိုင်)၀၃၀၉၈၁]က နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄ဘီ၊ မြေကွက်အမှတ်-၁၁၄၊ မြေကွက်တည်နေရာအမှတ်-၃၇/၃လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဦးထွန်းဝေ၊ ဦးစံညွန့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးထွန်းဝေ ကွယ်လွန်သဖြင့် ဒေါ်အုန်းကြည်[၁၂/မဂတ(နိုင်)၀၅၁၃၇၄]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကျန်အမည်ပေါက် ဦးစံညွန့်နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ်(၁၅၇)၊ မြေကွက်တည်နေရာ အမှတ်(၁၅၇)၊ ဗိုလ်ကြာညွန့်လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြောက်(ဦးခင်လှိုင် T-RGN-005979)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးခင်လှိုင် ကွယ်လွန်သဖြင့် ဒေါ်ခင်ရီ[၁၂/မရက(နိုင်)၀၅၃၈၄၁]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈-B၊ မြေကွက်အမှတ်(၁၂၁)၊ မြေကွက်တည်နေရာအမှတ်(၂၄)၊ ရတနာသိင်္ခလမ်း၊ စမ်းချောင်းမြို့နယ်၊ (မခင်လှစိန်)အမည်ပေါက်၊ မြေပိုင်မြေအား အမည်ပေါက် ဒေါ်ခင်လှစိန်နှင့်ခင်ပွန်း ဦးစံအုပ်တို့ ကွယ်လွန်သဖြင့် ဒေါ်အေးအေးမြင့် [၁၂/စခန(နိုင်)၀၃၉၇၈၀]က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇-D၊ မြေကွက်အမှတ်-၄၈ ၊ မြေကွက်တည်နေရာအမှတ်(၄)၊ အောင်ချမ်းသာ(၆)လမ်း၊ စမ်းချောင်းမြို့နယ်(ဦးထွန်းစိန်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းစိန်နှင့် ဇနီးဒေါ်ကျင်မြတို့ ကွယ်လွန်သဖြင့် (၁)ဒေါ်သန်းသန်းအေး[၁၂/စခန(နိုင်)၀၀၈၉၅၆]၊ (၂)ဦးသိန်းထွန်း[၁၂/စခန(နိုင်)၀၀၈၆၂၆]၊ (၃)ဦးခင်ဇော်လင်း[၁၂/စခန(နိုင်)၀၀၈၇၆၃]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက် အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၂၅၊ မြေကွက်အမှတ်-၁၊ မြေကွက်တည်နေရာအမှတ်(၁)၊ ပုလဲရတနာလမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်[ဦးသောင်းထွန်း KTO -070314]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးသောင်းထွန်း ကွယ်လွန်သဖြင့် ဒေါ်ကျင်မြ[၁၂/မဂတ(နိုင်) ၀၄၄၅၆၃]က တရားဝင်ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်း နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅/သမိုင်း၊ မြေကွက်အမှတ်-၅/က^၁၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာ အမှတ်၅/က၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အောင်မင်္ဂလာလမ်းသွယ်၊ (၄)ရပ်ကွက်၊ မရမ်းကုန်း(ဦးသန်းလှိုင်)အမည်ပေါက် မြေပိုင်မြေဘီ၊ မြို့မြေအား အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာ-၂၃၉၈၄/၂၀၁၁ (၂၂-၁၂-၂၀၁၁)ဖြင့် ရရှိသူ ဒေါ်ဝင်းဝင်းခိုင်[၁၂/တမန(နိုင်)၀၅၆၆၀၈] မှ S/P ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်စာချုပ် ၅၂၄/၂၀၀၁(၅-၃-၂၀၀၁)မိတ္တူမှန်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မခင်ချောစုဝေ(ဘ)ဦးမြင့်ဝေ[၁၂/ပဇတ(နိုင်)၀၃၀၁၆၀]နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊မဟာဗန္ဓုလလမ်း၊ အမှတ်(၄၈၈/၄၉၂)နေ ဒေါ်မူမူဝင်း [၁၂/ပဘတ(နိုင်)၀၁၅၅၅၉]၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူမူဝင်း၏သား မောင်ဝဏ္ဏလင်းနှင့် မခင်ချောစုဝေတို့သည် လွန်ခဲ့သော (၄)နှစ်ခန့်က နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြပြီး မောင်ဝဏ္ဏလင်းသည် မခင်ချောစုဝေ၏ မိဘများနေအိမ်သို့သွားရောက်နေထိုင်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဒေါ်မူမူဝင်းက ကုန်ကျခံ၍သားဖြစ်သူမောင်ဝဏ္ဏလင်းအား နိုင်ငံခြားသင်္ဘောတွင် တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ သားဖြစ်သူ မောင်ဝဏ္ဏလင်းက မခင်ချောစုဝေသည် ၎င်း၏မိဘများနှင့် ဆက်ဆံရေးမပြေမလည်ဖြစ်နေ၍ မိခင် ဒေါ်မူမူဝင်း၏ နေအိမ်တွင်ခေါ်ယူထားရန် အကြောင်းကြားလာပါသည်။ မခင်ချောစုဝေအား နေအိမ်တွင် လာရောက်နေထိုင်ရန် အကြောင်းကြားရာ မခင်ချောစုဝေသည် ၁၈-၁၀-၂၀၁၃ရက်နံနက်ပိုင်း တွင် ရောက်ရှိလာပြီး ညနေတွင် ပြန်လည်ထွက်သွားပါသည်။ ယနေ့အထိမည်သည့်အဆက်အသွယ်မျှ မရရှိတော့ပါ။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေဒေါ်မူမူဝင်း၏အစောင့်အရှောက်ကို မခံယူဘဲ မိမိသဘော အလျောက်ထွက်သွားသော မခင်ချောစုဝေနှင့် ပတ်သက်၍ နောက်ပိုင်းဖြစ်ပေါ်လာသမျှကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ကြောင်း မခင်ချောစုဝေနှင့်အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဝင်း(စစ်တွေ)၊ တရားလွှတ်တော်ရှေ့နေ
တိုက်-၂၇၄၊ အခန်း(၁၅)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၈၇၀၃၃

အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မြိတ်)မှ စွန့်ပစ်ပစ္စည်းလေးမျိုးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက်(မြိတ်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃၀-၁၁-၂၀၁၃ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ လေလံအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ချိန်ထက်နောက်ကျသော လေလံလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ စွန့်ပစ်ပစ္စည်းလေးမျိုးစလုံး ဝယ်ယူမည့်သူအား ဦးစားပေးရောင်းချမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉ ၄၂၁၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံစိစစ်ရောင်းချရေးအဖွဲ့
ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
မေတ္တာလမ်း၊ ရှမ်းချောင်းရွာ၊ တလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
ရန်ကုန်တက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်၊ ပရဝဏ်အတွင်း Server အခြေပြု Campus Network တည်ဆောက်ရန်အတွက် လိုအပ်သော Network(Optical Fiber Backbone)& Accessoriesများနှင့် သင်ကြားရေးဌာနတစ်ခုစီအတွင်း Network & Accessories များ၏ Technical and Requirement Proposal နှင့် ဈေးနှုန်းတင်သွင်းလွှာ (အိတ်ဖွင့်တင်ဒါ)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို တစ်စောင်လျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ရန်ကုန်တက္ကသိုလ် ဘဏ္ဍာဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်ထားသော တင်ဒါအာမခံကြေး ၁၀၀၀၀၀၀/-(ကျပ်တစ်ဆယ်သိန်းတိတိ) ပေးသွင်းပြီးမှ အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် - ၁၁-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့် အချိန် - ၂၂-၁၁-၂၀၁၃ ရက်၊ ညနေ ၄ နာရီ

၄။ အသေးစိတ်အချက်အလက်များ၊ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ လုပ်ငန်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို နေ့စဉ်ရုံးချိန်အတွင်း ရန်ကုန်တက္ကသိုလ်၊ ကွန်ပျူတာသိပ္ပံပညာဌာန တွဲဖက်ပါမောက္ခ(ဌာနမှူး) ဒေါက်တာစိုးမြမြအေး၊ တယ်လီဖုန်းအမှတ်(၀၁-၅၁၃၁၆၄)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ရန်ကုန်တက္ကသိုလ်



ကန့်ကွက်နိုင်ပါသည်

မိတ္ထီလာမြို့၊ မြို့မနယ်မြေ၊ ဆိုင်းတန်းရပ်နေ ဦးလှမြင့်(AD-၀၅၄၆၆၀)နှင့် အစ်မဖြစ်သူ ဆရာမကြီး ဒေါ်ကြည်ညွန့်တို့ ပိုင်ဆိုင်သော မြေကွက်အမှတ်(၆၃)၊ ဦးပိုင်အမှတ်(၅၂)၊ ဧရိယာ(၀.၀၃၃) မြေကွက်ပေါ်တွင် ကျွန်တော်ဦးအောင်မိုးနှင့် ၎င်းတို့နှစ်ဦး မကွယ်လွန်မီ အချိန်ကတည်းက အတူနေထိုင်ခဲ့ပါသည်။ အဆိုပါ မြေကွက်ပေါ်တွင် ကျွန်တော်နေထိုင်လာသည်မှာ နှစ်(၂၀)ခန့်ရှိပြီဖြစ်ပါသည်။ ၎င်းမြေကွက်နေရာအား ကျွန်တော်မှ မြေစာရင်းသို့ ဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းနှင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးအောင်မိုး[၉/မထလ(နိုင်)၀၂၁၃၇၃]
မြသီရိလမ်း၊ ရတနာမာရ်အောင်ရပ်၊ မိတ္ထီလာမြို့

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၂၊ ဂုဏ်တန်တောင်၊ မြေကွက်/ဦးပိုင်အမှတ်(၁၈၅)၊ ဧရိယာ(၀.၀၇၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၁၇/၃၉)၊ ရန်အောင်(၂)၊ ပျဉ်းမနားမြို့ရှိ ဒေါ်တီ အမည်ဖြင့်ပိုင်ဆိုင်သော ဘိုးဘွားပိုင်မြေအား အမည် ဦးခင်မောင်မြင့်(ခ)ယောနစ် (ပါ-၅) [၉/ပမန(နိုင်)၀၃၄၅၇၂] အဖအမည် ဦးမွေးနီ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံနှင့်မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းခွင်အရောက် ဘိလပ်မြေများကို အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ (သရက်၊ ကြံခင်း၊ ကျောက်ဆည်)စက်ရုံများမှ သယ်ယူပို့ဆောင်ရာတွင် လမ်းကြောင်းအလိုက် ပုတ်ပြတ်နှုန်းထားများ ပေးပို့ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၃၁၇

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ Double Cab(၄)စီးအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) အမျိုးအစား	-	Ford Ranger Double Cab(2013 နှင့်အထက်) Brand New(၄)စီး
(ခ) တင်ဒါပုံစံရောင်းချမည့် ရက်၊အချိန်	-	၁၁-၁၁-၂၀၁၃ မှ ၁၈-၁၁-၂၀၁၃ ထိ - ရုံးချိန်အတွင်းသာ
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ	-	စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(ရုံးအမှတ်-၃)၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်
(ဃ) တင်ဒါတင်သွင်း ဖွင့်ဖောက်မည့်အချိန်/နေရာ	-	၂၀-၁၁-၂၀၁၃ ရက်၊ ၁၃:၀၀ နာရီ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်
(င) Depositပေးသွင်းရမည့်နေရာ	-	Deposit ငွေကျပ်(၃၀)သိန်းကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းရမည်။

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝယ်ယူမည့် Ford Ranger Double Cab (2013နှင့်အထက်)Brand New(၄)စီး၏ အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ ဖုန်းအမှတ်-၀၆၇-၄၀၈၁၇၁ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ပါဦးစီးဌာနနှင့် တက္ကသိုလ်များအတွက် သင်ထောက်ကူပစ္စည်းများနှင့် သုတေသနလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေ/နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်-

၁။	မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း(၇၅)မျိုး
၂။	စက်မှုနှင့်သက်မွေးပညာဦးစီးဌာန	သင်ထောက်ကူပစ္စည်း(၁၈၄)မျိုး
၃။	အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန	
	(က) ရန်ကုန်နည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၁၉)မျိုး
	(ခ) မန္တလေးနည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၁၃၃)မျိုး
	(ဂ) ပြည်နည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၁)မျိုး
	(ဃ) မန္တလေးကွန်ပျူတာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၁)မျိုး
	(င) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၂၇)မျိုး
	(စ) ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၂၀)မျိုး
	(ဆ) အထက်မြန်မာပြည်ကွန်ပျူတာတက္ကသိုလ်များ	သင်ထောက်ကူပစ္စည်း(၁)မျိုး
	(ဇ) အောက်မြန်မာပြည်ကွန်ပျူတာတက္ကသိုလ်များ	သင်ထောက်ကူပစ္စည်း(၁)မျိုး
၄။	အဏုမြူစွမ်းအင်ဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း(၂)မျိုး
၅။	ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်း အင်ဂျင်နီယာသုတေသနဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း(၁၆)မျိုး
၆။	အမျိုးသားဓာတ်ခွဲခန်း	သုတေသနလုပ်ငန်းသုံးပစ္စည်း(၇၀)မျိုး
၇။	ဇီဝနည်းပညာသုတေသနဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း(၁၉၄)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ ပြည်ထောင်စုဝန်ကြီးရုံး (ဘဏ္ဍာရေးဌာန)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂-၁၂-၂၀၁၃ ရက် ၁၆:၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများ ပြန်လည်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းကုန်းလမ်း၊ တိုက်အမှတ်(၁၂)၊ ၅လွှာတွင် နေထိုင်သူ ဦးထွန်းအောင်[၁၃/ကတန(နိုင်)၀၆၄၅၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်-၃/၆၇၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်-၈၃ဟုခေါ်တွင်သည့် ဗိုလ်မှူးကြီးမြင့်စိန် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် အိမ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ မသီတာစိုး[၅/ခတန(နိုင်)၀၀၀၅၂၁]ထံမှဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းမြေနှင့်အိမ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စီစီရွှေရင်
B.Sc, IFL (Eng), R.L,D.B.L,D.M.L,D.I.L,D.A,Psy,DGE, BDS,ADS
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၈၆)
အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၄)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၁၇၄၆၉

ကြေးမုံ Mirror
SUNDAY SPECIAL
2013 NOVEMBER 10, SUNDAY

PREMIER® COFFEE

စီးပွားရေး

အာရှနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွေ့အကြုံများ

ဒေါက်တာမောင်အောင်

အာရှ၏ ပထမဆုံး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာသော ဂျပန်နိုင်ငံ တိုကျိုမြို့တော်၏ မြို့ပြ အဆောက်အအုံများကို တွေ့မြင်ရစဉ်။

အာရှနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို သုံးသပ်ကြည့်မည်ဆိုလျှင် ပထမဆုံး ဖွံ့ဖြိုးတိုးတက်ခဲ့သည့် ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်တွင် စစ်ရှုံးခဲ့ပြီး အဏုမြူဗုံးဒဏ်ကြောင့် ပြာပုံဘဝသို့ ကျရောက်ခဲ့သော်လည်း အချိန်တိုအတွင်း စီးပွားရေးပြန်လည်နာလန်ထူအောင် လုပ်ဆောင်နိုင်ခဲ့ခြင်းမှာ လိုအပ်သော အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်တို့ ရရှိခြင်းမှတစ်ဆင့် ဂျပန်လူမျိုးတို့၏ ကြိုးစားမှုဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုနှင့်အတူ တစ်ဦးချင်း၏ လူ့စွမ်းအားအရင်းအမြစ်အရည်အချင်းရှိမှုတို့ကြောင့်လည်း ဖြစ်ပေသည်။

အမှန်တကယ်မူ ဂျပန်နိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များ မရှိသော်လည်း လူသားအရင်းအမြစ်များ ဖွံ့ဖြိုးမှုကြောင့်သာ အာရှ၏ ပထမဆုံး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ ဖြစ်လာပေသည်။ ထိုအချိန်က ဂျပန်နိုင်ငံကျင့်သုံးခဲ့သော စီးပွားရေးဖွံ့ဖြိုးမှုမဟာဗျူဟာသည် ပို့ကုန်ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ (Export Led Economic Growth Model) ဖြစ်ခဲ့ပြီး ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၀ ပြည့်နှစ်များအတွင်း အာရှ၏ ပထမဆုံး ဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံဖြစ်လာပေသည်။

အလားတူ ဥရောပတွင်လည်း အဆိုပါကာလအတွင်း လျင်မြန်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ခဲ့သည့် အနောက်ဂျာမနီနိုင်ငံသည်လည်း ဤဖွံ့ဖြိုးမှုပုံစံကို ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၈၀ ပြည့်နှစ်များအတွင်း အာရှ၏ ကျား (၄) ကောင်ဟုအမည်တွင်သည့် တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ စင်ကာပူနိုင်ငံတို့သည်လည်း သဘာဝအရင်းအမြစ်မရှိသော်လည်း လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအပေါ် အခြေခံပြီး (Export Led Economic Growth Model) အရပင် ဖွံ့ဖြိုးလာခဲ့ကြသည့်အတွက် အာရှ၏ စက်မှုနိုင်ငံသစ်များ (Newly Industrialized Economics - NIEs) ဖြစ်လာခဲ့သည်။

ယခုအခါ စက်မှုနိုင်ငံဖြစ်လုနီးနိုင်ငံများ ဖြစ်ကြသည့် မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံတို့သည်လည်း ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးလာကြပေသည်။ ထို့အတူ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ကမ္ဘာပေါ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးဖြစ်သော တရုတ်နိုင်ငံအနေဖြင့် နိုင်ငံရေးအရ ကွန်မြူနစ်ဝါဒ ကျင့်သုံးသော်လည်း စီးပွားရေးကိုမူ ဈေးကွက်စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက လိုအပ်နေသည့် အရင်းအနှီးနှင့် နည်းပညာတို့ ရရှိနိုင်ရေးအတွက် အထူး စီးပွားရေးဇုန်များ (Special Economic Zones) တည်ထောင်ခြင်း၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (Foreign Direct Investment - FDI) လုပ်ငန်းများကို နိုင်ငံသားများပိုင် လုပ်ငန်းများနှင့် ဖက်စပ်လုပ်ကိုင်စေခြင်းတို့ဖြင့် ပြည်တွင်းလုပ်ငန်းများ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာကြပေသည်။

ထိုအချိန်က တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန်အတွက် အထူးအခွန်သက်သာခွင့်များ အသုံးပြုလျက် တရုတ်နိုင်ငံ၏ ပို့ကုန်များ ကမ္ဘာ့ဈေးကွက် အသီးသီး၌ ဈေးနှုန်းသက်သက်သာသာဖြင့် ဝင်ရောက်နိုင်ခြင်း၊ ထုတ်ကုန်အရည်အသွေးကိုလည်း နိုင်ငံတကာအဆင့်အတန်းနှင့် ကိုက်ညီအောင် မြှင့်တင်နိုင်ခြင်းတို့ကြောင့် ပို့ကုန်လုပ်ငန်းများ အထူးသဖြင့် အထည်အလိပ်ပို့ကုန်များ တစ်မဟုတ်ချင်း ထွန်းကားလာပြီး အခြားသော ပို့ကုန်ဦးစားပေး စက်မှုလုပ်ငန်းများပါ တိုးတက်စေခဲ့သည်။

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုတွင် အထည်အလိပ်ကဏ္ဍသည် ဦးဆောင်ကဏ္ဍဖြစ်ခဲ့ပြီး ၎င်းကဏ္ဍဖွံ့ဖြိုးမှုသည် အခြားကဏ္ဍများ၏ တိုးတက်မှုကိုပါ ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ စီးပွားရေး သီအိုရီအရမူ ဖိတ်လျှံအကျိုးသက်ရောက်မှု (Spill Over Effect) ကြောင့် ဖြစ်သည်။ ပို့ကုန်နှင့် ဆက်စပ်နေသည့်လုပ်ငန်းများ၊ လုပ်အားစူးစိုက်သုံး လုပ်ငန်းများ (Labour Intensive Industries) ထွန်းကားလာမှုကြောင့် အလုပ်အကိုင်သစ်များ သိသိသာသာ တိုးချဲ့လာမှုမှတစ်ဆင့် ကျေးလက်နေသူများအပါအဝင် ပြည်သူများ အလုပ်အကိုင် ရရှိလာကြသည်။

ထို့အတွက် တရုတ်နိုင်ငံ၏ တိုးတက်မှုသည် အများပါဝင်ခံစားနိုင်သည့် တိုးတက်မှု (Inclusive Growth) ဖြစ်၍ ဆင်းရဲမှုလျှော့ချရေးနှင့်

စာမျက်နှာ ၄ သို့ »

PUN HLAING HOSPITAL
ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်

Email : enquiry.phh@spa.com.mm

တန်ဖိုးကြီးလှ ဒီရေတောဂေဟ

(ယခင်အပတ်မှ အဆက်)

ဒီရေပေါက်အပင်များသည် အမြဲတမ်းအရွက်ကြွေကျပြီး ၎င်းအရွက်ကြွေများက ဒီရေအဝင်အထွက်ရှိသော အမြဲစိုစွတ်နေသည့် မြေကြီးပေါ်ရောက်သည်နှင့် လျင်မြန်စွာ ဆွေးမြည့်ကြပေသည်။ အကောင်များကလည်း ၎င်းအရွက်များကို ဝိုင်းဝန်းစားသောက်ကြခြင်းအားဖြင့် အပိုင်းအစငယ်များမှ တဖြည်းဖြည်းနှင့် နောက်ဆုံးတွင် ပုပ်ဆွေးသော အော်ဂဲနစ်အညစ်အကြေးများအဖြစ်ကျန်ခဲ့ပေသည်။ ယင်းအပြင် ဒီရေတောနေသတ္တဝါပေါင်းစုံကလည်း အာဟာရပြုပြီး အညစ်အကြေးစွန့်ခြင်း၊ အပင်၊ အရွက်၊ အကောင်များသေကျေပျက်စီးပြီး ပုပ်ဆွေးလာခြင်းဖြင့် ဖော့စ်ဖရပ်၊ နိုက်ထရိုဂျင်ပါဝင်သည့် အော်ဂဲနစ်အညစ်အကြေးများစုပုံလာပြန်သည်။ ထိုသို့အပင်အကောင်များမှ အော်ဂဲနစ်အညစ်အကြေးအသီးသီးကို ဗက်တီးရီးယားများက ဖော့စ်ဖရိတ်၊ နိုက်ထရိတ်ကဲ့သို့သော အင်အော်ဂဲနစ်ဓာတ်ပစ္စည်းများအဖြစ် ဗက်တီးရီးယားချေဖျက်မှု (Bacteria Breakdown) ဖြစ်စဉ်ကြောင့် အပင်အုပ်စုအတွက် မြေဩဇာပြန်ဖြစ်သွားရပေသည်။ အပင်အုပ်စုဟုဆိုရာ၌ အဆင့်မြင့်ဒီရေပေါက်အပင်များအတွက်သာမက ဒီရေနှင့်အတူပါလာသည့် အလွန်သေးငယ်သည့် အပင်မျှောလေး (Phytoplankton) များအတွက်ပါ အကျိုးပြုပြီး အလင်းရောင်၊ ကာဗွန်ဒိုင်အောက်ဆိုက်တို့ အကူအညီဖြင့် ပွားများလာခဲ့ရပေသည်။

အပင်မျှောလေးသည် ရေသတ္တဝါများ၏အစာကွင်းဆက်တွင် အခြေခံအကျဆုံးဖြစ်ပြီး ၎င်းကိုတစ်ဖန် သတ္တမျှောလေး (Zooplankton) များက မှီဝဲစားသုံးကြပြီး ပွားများကြရပြန်သည်။ ငါး၊ ပုစွန်၊ ကဏန်းသားပေါက်ငယ်များသည် သတ္တမျှောလေးများကိုစတင်စားသုံးပြီးမှ အရွယ်အစားအပိုင်းအခြားအလိုက် သင့်တော်သော အစာများကို ပြောင်းလဲ စားသုံးသွားရခြင်းကြောင့် မျှောလေးများသည် ငါး၊ ပုစွန်၊ ကဏန်းစသည့်ရေသတ္တဝါများ ပေါကြွယ်ဝမှုအတွက် မရှိမဖြစ်အခြေခံအစာတစ်ခုပင်ဖြစ်ပေသည်။ ၎င်းအရေးကြီးအခြေခံကျသောအစာအာဟာရကို ဒီရေတောဇရိယာတွင် သဘာဝအလျောက်ကြွယ်ဝစွာတွေ့ရှိနိုင်ပေသည်။ ဒီရေဝင်ရာ မြစ်ချောင်းတစ်လျှောက်၊ ဒီရေတောကမ်းခြေတစ်လျှောက်နှင့် ပတ်ဝန်းကျင်တွင် အစိမ်းရောင်သမ်းနေသော ပင်လယ်ရေသည် အပင်မျှောလေးပေါကြွယ်ဝမှု၊ တစ်နည်းအားဖြင့် ဒီရေတောအစာကွင်းဆက် အကျိုးကျေးဇူးကို ညွှန်ပြနေပေသည်။

ထိုသို့တန်ဖိုးကြီးမားလှသော ဒီရေတောများသည် လူသားတို့၏ အတိုင်းအဆမရှိထုတ်ယူသုံးစွဲမှုကြောင့် ယခုအခါ များစွာလျော့ပါးလာရပြီဖြစ်ပေသည်။ စာရေးသူအနေဖြင့် လက်ရှိကာလကိန်းဂဏန်းများမသိရသော်လည်း ယခင်ကထက် များစွာလျော့နည်းယိုယွင်းလာပြီဆိုသည်ကိုမူ မည်သူမျှငြင်းနိုင်မည်မဟုတ်ပေ။ လယ်ယာစိုက်ပျိုးရန်နှင့် လူနေအိမ်ရာများ၊ စက်မှုဇုန်များတိုးချဲ့လာခြင်း၊ မွေးမြူရေးကန်များ၊ ဆားကွင်းများအတွက် အသုံးပြုကြခြင်း (ဥပမာ-ထိုင်းနိုင်ငံရှိ ပုစွန်မွေးမြူရေးကန်များ)၊ မီးသွေး၊ ထင်းအဖြစ် လောင်စာလိုအပ်မှုအသုံးချခြင်း၊ လူနေအိမ်ရာ၊ အဆောက်အအုံများအတွက် တိုင်၊ မျော အစရှိသဖြင့် ခုတ်ထွင်အသုံးပြုနေရခြင်းတို့သည် ဒီရေတောများ ယိုယွင်းလျော့ပါးမှု၏ အရင်းခံအကြောင်းရင်းများဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် ဒီရေတောအများဆုံးဒေသဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသည် လယ်ယာမြေချဲ့ထွင်မှု၊ မီးသွေး၊ ထင်း လူသုံးအတွက် ထုတ်ယူအသုံးပြုမှုများခြင်းကြောင့် အကာအကွယ်ကင်းမဲ့နေရာသို့ နာဂစ်မုန်တိုင်းမွှေနှောက်သွားချိန်တွင် များစွာသေကျေပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့ရပေသည်။ အကယ်၍သာ ဒီရေတောများ မပျက်မယွင်းရှိနေခဲ့ပါက ပျက်စီးသေကျေဆုံးရှုံးမှုများစွာ လျော့နည်းမည်မှာ သေချာလှပေသည်။ ထို့အပြင် ဒီရေတောများလျော့နည်းပျက်သုဉ်းမှု အကျိုးဆက်တစ်ခုအဖြစ် သဘာဝမှ ဖမ်းဆီးရမိသည့် ငါး၊ ပုစွန် အထိအမိ (Catch per unit effort) သည် ယခင်ဆယ်စုနှစ်များနှင့် နှိုင်းယှဉ်ပါက များစွာလျော့နည်းကျဆင်းလာသည်ကို အားလုံးသတိမူမိကြပေလိမ့်မည်။ ဒီရေတောများ ပျက်သုဉ်းခြင်းသည် ငါး၊ ပုစွန်များလျော့ပါးလာရခြင်းအကြောင်းရင်းများအနက် အရေးပါသော အကြောင်းအချက်တစ်ခုတွင်ပါဝင်ပေသည်။

အိမ်နီးချင်းထိုင်းနိုင်ငံတွင်လည်း ၁၉၈၀ ပြည့်လွန်နှစ်များမှစတင်၍ ဒီရေတောအပြောင်ရှင်းစနစ်ဖြင့် ရေငန်ပုစွန်ကန်များတူးဖော်၍ ကန်ကျပ်စနစ် (Intensive) ဖြင့် အမြောက်အမြားမွေးမြူလာခဲ့ရာ ရေတိုကာလအတွင်းသာ အကျိုးကျေးဇူးရခဲ့ပြီး ဆက်တိုက်ဆိုသလို သဘာဝပတ်ဝန်းကျင်ပြဿနာ၊ ဇီဝ၊ ဓာတု၊ ဂေဟဆိုင်ရာ ပြဿနာပေါင်းစုံကို ရင်ဆိုင်လာခဲ့ရပေသည်။ ထိုင်းအစိုးရအနေဖြင့် မူဝါဒများချမှတ်ပြီး ဇုန်များသတ်မှတ်ခြင်း၊ ဒီရေတောများ ပြန်လည်ထူထောင်စိုက်ပျိုးခြင်း၊ ဒီရေတောနှင့်မွေးမြူရေး အပြန်အလှန် သဟဇာတဖြစ်သည့် Mangrove Friendly Aquaculture စနစ် ပြောင်းလဲကျင့်သုံးစေခြင်း၊ ဓာတုဆေးဝါးသုံးစွဲမှု ကန့်သတ်လာခြင်းတို့ကို အရေးတယူအပူတပြင်း ဆောင်ရွက်လာခဲ့ရပေသည်။

အလားတူ မလေးရှား၊ ဖိလစ်ပိုင်စသည့်တိုင်းပြည်များတွင် မွေးမြူရေးလည်း လုပ်ကိုင်နိုင်ပြီး တစ်ဖက်ကလည်း ဒီရေတောများကို ထိန်းသိမ်းထားနိုင်မည့် Mangrove Friendly Aquaculture လုပ်ငန်းများကို နည်းပညာပေးပြုပြင်ဆောင်ရွက်နေကြပြီဖြစ်ပေသည်။ ရှုပ်ခရု (Cockle)၊ ကမာ (Oyster) ကို ဒီရေတောဇရိယာတစ်ဝိုက် မွေးမြူခြင်း၊ ဒီရေတောအတွင်း ခြံခတ်စနစ် (Pen Culture) ဖြင့် ရွှံ့ကဏန်းမွေးမြူခြင်း၊ ကမ်းခြေမှ မီတာ ၁၀၀၊ ၁၅၀ ခန့်ကြားခံ (Buffer Zone) ဒီရေတောချန်လှပ်ပြီးမှ ငါး၊ ပုစွန်မွေးမြူခြင်း၊ ပင်လယ်ကမ်းနီးတွင် လှောင်အိမ် (Cage)၊ ဖောင် (Raft) စနစ်ဖြင့် ငါးနှင့်ခရု၊ ယောက်သွား၊ ကမာမွေးမြူခြင်းတို့ကို အောင်မြင်စွာဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံလည်းဖြစ်ပြန်၊ ဒီရေတောဇရိယာလည်း အလွန်နည်းသော (၅၅၃ ဟက်တာ) ဂျပန်နိုင်ငံအနေဖြင့်မူ ၎င်းတို့၏ အနည်းငယ်မျှသော ဒီရေတောကို တင်းကျပ်စွာ ထိန်းသိမ်းကာကွယ်ထားပြီး သုတေသနလုပ်ငန်းနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းမှတစ်ပါး အခြားနည်းအသုံးချမှုလုံးဝမရှိကြောင်း သိရသည်။ စာရေးသူတို့နိုင်ငံအနေဖြင့်မူ လူဦးရေ၏ အများစုမှာ ကျေးလက်နေပြည်သူများဖြစ်ပြီး နိစ္စဓူဝလိုအပ်သည့် ချက်ရေး၊ ပြုတ်ရေးသုံး လောင်စာအတွက် တောရောမြို့ပါမကျန် မီးသွေးနှင့် ထင်းကို အများစုအသုံးပြုနေရပေသေးသည်။ နေအိမ်အဆောက်အအုံအတွက် ဒီရေတောထွက်သစ်လုံး၊ မျော၊ ဓနိများကို အများစုအားထားနေရပေသေးသည်။ တစ်ဖက်မှ ထုတ်ယူအသုံးပြုနေသလို တစ်ဖက်မှလည်း ဒီရေတော ပြန်လည်ထူထောင်ရေး (Reforestration)၊ စီမံခန့်ခွဲခြင်း (Management) များကို ထိရောက်အောင်မြင်သောနည်းလမ်းများရှာကြံ၍လည်းကောင်း၊ အစားထိုးလောင်စာအဖြစ် သဘာဝဓာတ်ငွေ့၊ လျှပ်စစ်ဓာတ်အားကိုပိုမိုအသုံးချနိုင်ရေးအတွက် လည်းကောင်း၊ ဒီရေတောနှင့် သဟဇာတဖြစ်မည့် မွေးမြူရေးစနစ်များကို ဦးစားပေးလုပ်ကိုင်ခြင်းဖြင့် လည်းကောင်း ဒီရေတောများကို ပြန်လည်ကယ်တင်သင့်လှပေသည်။

အထက်တွင်တင်ပြခဲ့သကဲ့သို့ လူသားများအတွက် သက်ရှိဇီဝမျိုးစုံမျိုးကွဲများအတွက် ရိက္ခာ၊ အသုံးအဆောင်နှင့် အကာအကွယ်များပံ့ပိုးပေးနေပြီး သဘာဝပတ်ဝန်းကျင်ကို ဟန်ချက်ညီစေရန်အကျိုးကျေးဇူးပြုနေသော ဒီရေတောများ မပြုန်းတီးသွားရေး၊ ပြုန်းတီးမှုများကို နည်းလမ်းရှာကြံ၍ ပြန်လည်ထူထောင်နိုင်ရေးသည် အသိစိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ပျက်စီးရန် အချိန်ကာလတိုတောင်းသော်လည်း ပြုပြင်တည်ဆောက်ရန် အချိန်ကာလများစွာ လိုအပ်ပေလိမ့်မည်။ စာရေးသူငယ်စဉ်ဘဝမှ ကြီးပြင်းလာခဲ့ရာ ချောင်းကြီးသည် ယခုအခါ ရေနုတ်မြောင်းသာသာခန့်သာ ကျန်ရှိတော့ပြီး ရေဆင်းရိုးတစ်လျှောက် မည်းညစ်ညစ်ရေဆိုးများသာ စီးဆင်းနေတော့သည်။ အေးမြလတ်ဆတ်တဲ့ လေအစား လေအငွေ့များမှာပါလာတတ်တဲ့ ဆိုးရွားသောအနံ့အသက်များကို ခံစားနေကြရပြီဖြစ်ပေသည်။ ချောင်းရေထဲ ငါး၊ ပုစွန်၊ ကဏန်းရှာစား၍မရတော့။ လမ့်၊ လမု၊ ဓနိပင်များလည်း ပျက်ပြုန်းသွားလေတော့ ရောင်စုံကျေးငှက်အပေါင်းရဲ့ တီတာတာအသံသာသာကိုလည်း မကြားနိုင်တော့ပေ။

မည်သို့ပင်ဖြစ်စေ မိမိဒေသ၊ မိမိတိုင်းပြည်၊ နောက်ဆုံး ဤကမ္ဘာမြေကိုချစ်သူတိုင်း၊ သဘာဝပတ်ဝန်းကျင်ကို ချစ်သူတိုင်း၊ လောကအလှတရားကို မြတ်နိုးသူတိုင်း သဘာဝရတနာသိုက်လို့ တင်စားခေါ်ဆိုနိုင်မည့် ဒီရေတောများအား ချစ်မြတ်နိုးတတ်ပြီး အသိတရားဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါသည်။ ■

မောင်အဏ္ဏဝါ (ရေငန်ငါး)

လေဖြတ်ရောဂါသတိပြုလို့ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်စို့

ဒီနေ့ကမ္ဘာပေါ်မှာ အချိန်နှစ်စက္ကန့်တိုင်းမှာ လူတစ်ယောက်နှုန်းလေဖြတ်ရောဂါဖြစ်ပွားခံစားရလျက်ရှိပြီး အချိန်ခြောက်စက္ကန့်တိုင်းမှာ လူတစ်ဦးနှုန်းလေဖြတ်ရောဂါကြောင့် သေဆုံးနေတာတွေ့ရှိနေရပါတယ်။

ကမ္ဘာပေါ်မှာ အသေအပျောက်အများဆုံးရောဂါများထဲမှာ တစ်ခုအပါအဝင်ဖြစ်နေတာကိုလည်း တွေ့ရှိနေရပါတယ်။ လေဖြတ်ရောဂါဆိုတာကတော့ လူတစ်ယောက်ရဲ့ဦးနှောက်ဆီသို့ သွေးစီးဆင်းမှုရပ်ဆိုင်းသွားတာကြောင့် ဦးနှောက်ရဲ့အစိတ်အပိုင်းတချို့ အလုပ်မလုပ်နိုင်တော့ခြင်းကို ဆိုလိုတာဖြစ်ပါတယ်။

လေဖြတ်ရောဂါက အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး စက္ကန့်မလပ်ဖြစ်ပွားနိုင်ပါတယ်။ လေဖြတ်ရောဂါရဲ့ လက္ခဏာတွေကတော့ မျက်နှာ၊ ခြေ၊ လက် တစ်ဖက်ထုံခြင်း၊ အစာ၊ ရေမျိုရခက်ခြင်း၊ ဆီး၊ ဝမ်းမထိန်းနိုင်ခြင်း၊ ထိတွေ့မှုအာရုံပျက်ယွင်းခြင်း၊ အမြင်အာရုံယိုယွင်းခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်းနှင့် အာရုံစူးစိုက်မှုအားနည်းခြင်း၊ စိတ်မထိန်းချုပ်နိုင်ခြင်း၊ သတိလစ်မေ့မြောခြင်း၊ တက်ခြင်းတို့ဖြစ်ပါတယ်။ အဆိုပါလက္ခဏာများကို တွေ့ရှိပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း ဒါမှမဟုတ် လေဖြတ်ရောဂါအထူးကုဌာနတို့မှာ အမြန်ဆုံးသွားရောက်ကုသမှု ခံယူသင့်ပါတယ်။

လေဖြတ်ရောဂါဝေဒနာရှင်တစ်ဦး ဆေးရုံကို ရောက်ရှိလာပြီဆိုပါက လိုအပ်တဲ့စမ်းသပ်စစ်ဆေးမှုများပြုလုပ်ပေးပြီး လေဖြတ်တဲ့အကြောင်းအရင်းကို ရှာဖွေရန်လိုအပ်တဲ့အတွက် ဦးနှောက်ကွန်ပျူတာဓာတ်မှန်(CT Scan) ရိုက်ခြင်း၊ သွေးစစ်ခြင်း၊ နှလုံးစမ်းသပ်စစ်ဆေးခြင်းများကို လိုအပ်သလိုစမ်းသပ်စစ်ဆေးရပါတယ်။ ဒါမှသာ လေဖြတ်တဲ့အကြောင်းရင်းပေါ်မူတည်ပြီး အဓိကလေဖြတ်ရောဂါနှစ်မျိုးဖြစ်တဲ့ ဦးနှောက်အတွင်းသွေးကြောပိတ်၍ လေဖြတ်ခြင်းနဲ့ ဦးနှောက်အတွင်း သွေးကြောပေါက်၍လေဖြတ်ခြင်းကို တိကျသေချာစွာ ခွဲခြားနိုင်မှာဖြစ်ပါတယ်။

ဦးနှောက်သွေးကြောပိတ်လေဖြတ်ရင်တော့ သွေးကျဲဆေး၊ သွေးခဲပျော်ဆေးပေးရပြီး ဦးနှောက်သွေးကြောပေါက်လို့ လေဖြတ်ရင်တော့ သွေးယိုစေတဲ့အကြောင်းအရင်းကို ရှာဖွေပြီး လိုအပ်ပါက ခွဲစိတ်ကုသမှုခံယူရမှာဖြစ်ပါတယ်။

လေဖြတ်ခြင်းကိုဖြစ်စေရန် တွန်းအားပေးနေတဲ့ရောဂါတွေကတော့ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါနဲ့ သွေးအတွင်း အဆီဓာတ်များတဲ့ရောဂါများဖြစ်ပြီး အဆိုပါရောဂါများကို ကြိုတင်ရှာဖွေဖော်ထုတ်နိုင်ဖို့ရာ အလွန်အရေးကြီးလှပါတယ်။

ဒီလိုရောဂါတွေဖြစ်စေနိုင်တဲ့ အပြုအမူတွေကတော့ ဆေးလိပ်သောက်ခြင်း၊ ကိုယ်အလေးချိန်များကာ အလွန်ဝခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း၊ အဆီ၊ အဆိမ့်၊ အငန်လွန်ကဲတဲ့ အစားအသောက်များကို စားသုံးမှုများခြင်းစတဲ့ နေထိုင်စားသောက်မှုပုံစံတွေဟာ လေဖြတ်ရောဂါကိုဖြစ်စေဖို့အတွက် တွန်းအားပေးနေတဲ့အချက်ဖြစ်ပါတယ်။ လေဖြတ်ခြင်းကိုဖြစ်စေတဲ့အကြောင်းရင်းများကို ရှာဖွေတွေ့ရှိပြီဆိုပါက လိုအပ်တဲ့ကုသမှုများကို ဆက်လက်ခံယူခြင်းဖြင့် လေဖြတ်ခြင်း အန္တရာယ်ကိုကာကွယ်ရာရောက်ပါတယ်။

တစ်နည်းအားဖြင့်လည်း နောက်ထပ်တစ်ကြိမ်လေမဖြတ်အောင် ကာကွယ်မှုပြုလုပ်ပေးခြင်းပဲဖြစ်ပါတယ်။ အချို့လူနာများမှာတော့ လေဖြတ်ရောဂါမဖြစ်မီ ရောဂါဖြစ်လာတော့မယ်လို့ သတိပေးတဲ့ ရှေ့ပြေးလက္ခဏာအချို့ဖြစ်ပေါ်ခံစားရပါတယ်။ ဒီလက္ခဏာတွေကတော့ လက်တစ်ဖက်(သို့)ခြေတစ်ဖက်လေးလံခြင်း၊ ရုတ်တရက်ထုံခြင်း၊ ရုတ်တရက်စကားပြောမရခြင်း၊ စကားဗလုံးပထွေးဖြစ်ခြင်း၊ အမြင်အာရုံဝေဝါးခြင်း၊ နှစ်ထပ်မြင်ခြင်း၊ မျက်စိရှေ့တွင် အမည်းရောင်လိုက်ကာတစ်ခုချင်း ထားလိုက်သကဲ့သို့ မည်းမှောင်သွားခြင်း၊ ရုတ်တရက် လမ်းမလျှောက်နိုင်တော့ခြင်း၊ ဒယီးဒယိုင်ဖြစ်ခြင်း စသည်တို့ကိုခံစားရတတ်ပါတယ်။ ဒီလက္ခဏာတွေကို စနစ်တကျကုသမှုမခံယူဘဲ အမှုမဲ့၊ အမှတ်မဲ့ နေလိုက်မယ်ဆိုရင်တော့ အလွန်နောက်ကျသွားပြီး မကြာမီအချိန်အတွင်း လေဖြတ်ခြင်းအဆင့်ကို ရောက်ရှိလာနိုင်ပါတယ်။

လေဖြတ်ခြင်းကိုဖြစ်စေရန် တွန်းအားပေးနေတဲ့ရောဂါတွေကတော့ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါနဲ့ သွေးအတွင်း အဆီဓာတ်များတဲ့ရောဂါများဖြစ်ပြီး အဆိုပါရောဂါများကို ကြိုတင်ရှာဖွေဖော်ထုတ်နိုင်ဖို့ရာ အလွန်အရေးကြီး။

ယခုအခါ ကမ္ဘာပေါ်မှာ လူဦးရေသန်း ၃၀ ခန့်မှာ လေဖြတ်ရောဂါဖြစ်ခဲ့ကြပြီး လေဖြတ်ရောဂါဖြစ်သူများအနက် သုံးပုံတစ်ပုံခန့်မှာ ရောဂါမဖြစ်မီ မူလအနေအထားအတိုင်း ပြန်လည်ကောင်းမွန်လာသော်လည်း အများစုမှာ နဂိုအခြေအနေသို့ ပြန်လည်မရောက်ရှိဘဲ နောက်ဆက်တွဲလက္ခဏာဖြစ်သည့် တက်ခြင်း၊ ကိုယ်တစ်ခြမ်းသေခြင်း၊ ခြေလက်တို့ တောင့်တင်းနေခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ စိတ်ဓာတ်ကျခြင်းစတဲ့အခြားနောက်ဆက်တွဲလက္ခဏာများကိုခံစားကြရပြီး ရောဂါအခြေအနေဆိုးပါက လွတ်လွတ်လပ်လပ်လှုပ်ရှား

ကျန်းမာရေးဝန်ကြီးဌာန

သွားလာနိုင်ခြင်းမရှိဘဲ အခြားသူများပြုစုမှုအပေါ် မှီခိုနေရတဲ့အထိဖြစ်နိုင်ပါတယ်။

ဒါကြောင့် ပုံမှန်မသန်စွမ်းတော့တဲ့ ကြွက်သားများအတွက် သက်ဆိုင်တဲ့လေ့ကျင့်ခန်းများကို ပြုလုပ်ပေးသင့်ပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး လေဖြတ်ရောဂါအထူးကုဌာနရှိ အကြောအဆစ်ပြန်လည်သန်စွမ်းရေးလေ့ကျင့်ခန်းဌာနမှ မသန်စွမ်းသောသူများအတွက် ခြေထောက်ကြွက်သားပြန်လည်သန်စွမ်းစေရန် ပြုလုပ်ပေးရသော လေ့ကျင့်ခန်းများကို အထောက်အကူပြုပစ္စည်းကိရိယာများအသုံးပြုပြီး လေ့ကျင့်ကုသပေးလျက်ရှိပါတယ်။

လေဖြတ်ရောဂါဟာ ဝေဒနာခံစားရသူတစ်ဦးတစ်ယောက်တည်းသာမက ဝေဒနာရှင်ကို ပြုစုစောင့်ရှောက်သူ မိသားစု၊ ဆွေမျိုးမိတ်ဆွေများအပေါ်မှာပါ ဝန်ထုပ်ဝန်ပိုး သက်ရောက်စေနိုင်ပါတယ်။ ဥပမာ-စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနဲ့စိတ်ဖိစီးမှုတွေကိုပါ ဖြစ်စေနိုင်ပါတယ်။ အမှန်တကယ်တော့ လေဖြတ်ရောဂါဟာ ကာကွယ်နိုင်တဲ့ ရောဂါတစ်ခုပါ။

လေဖြတ်ရောဂါကို ကာကွယ်ဖို့အတွက် ရှောင်ကြဉ်ရမယ့်အရာတွေကတော့

- ဆေးလိပ်သောက်ခြင်းမှရှောင်ကြဉ်ပါ။
- အရက်အလွန်အကျွံသောက်ခြင်းမှ ရှောင်ကြဉ်ပါ။
- အချိုဓာတ်၊ အဆီဓာတ်နဲ့ အငန်ဓာတ်လွန်ကဲသော အစားအသောက်များကို ရှောင်ကြဉ်ပါ။

လေဖြတ်ရောဂါ ကာကွယ်နိုင်ဖို့အတွက် လိုက်နာဆောင်ရွက်ရမယ့် အမူအကျင့်တွေကတော့

- ကိုယ်အလေးချိန်ပုံမှန်ထိန်းပါ။
- သွေးပေါင်ချိန်ပုံမှန်ရှိအောင် ထိန်းပါ။
- ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို တစ်ရက်လျှင်နာရီဝက်ခန့်ဖြင့် တစ်ပတ်လျှင် အနည်းဆုံး ငါးကြိမ်ပြုလုပ်ပါ။
- စိတ်ဖိစီးမှုကို ဖြေဖျောက်ပါ။
- ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအစာတွေဖြစ်တဲ့ အမျှင်ဓာတ်ပါဝင်မှုများတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို နေ့စဉ်စားသုံးသင့်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဦးဆောင်မှုနဲ့ ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးအဖွဲ့ (World Stroke Organization) မှ နှစ်စဉ်အောက်တိုဘာလ ၂၉ ရက်နေ့ကို ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့အဖြစ် သတ်မှတ်ပြီး ပြည်သူလူထုအနေနဲ့ လေဖြတ်ရောဂါမဖြစ်မီကပင် ကြိုတင်ကာကွယ်ထားရန် အရေးကြီးသကဲ့သို့ ရောဂါဖြစ်ပြီးသူများကိုလည်း တတ်အားသရွေ့စောင့်ရှောက်ကြခြင်းဖြင့် ဝိုင်းဝန်းကူညီပေးကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

ရှမ်းပြည်နယ်

သီပေါမဟာကထိန်တော်အလှူ ရှမ်းယဉ်ကျေးမှုအကအလှမျိုးဖြင့် တင်ဆက်ဖျော်ဖြေ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စုရှိ ကျင်သီပရိယတ္တိကျောင်းတိုက်၌ မဟာကထိန်အလှူတော်ကို နိုဝင်ဘာ ၃၊ ၄ ရက်များက ကျင်းပခဲ့ရာ သီပေါမြို့လယ် ရွှေစေတီကျောင်းတိုက်မှ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်ဆရာတော် ဘဒ္ဒန္တကောလိန္ဒသာရ၊ ဘော်ကြိုဘုရားကြီးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဒေဝိန္ဒ(ဓမ္မကထိက ဗဟုဇနဟိတရေ)၊ MA (သီရိလင်္ကာ)နှင့် ဆရာတော်များကြွရောက်တော်မူပြီး ရန်ကုန်မြို့မှ ကထိန်အလှူရှင်မိသားစုများ၊ ကျင်သီအုပ်စုမှ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာကထိန်တော်အလှူပဒေသာပင်များကို အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားများက ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကနှင့် ရှမ်းအိုးစည်ဗုံမောင်းများဖြင့် တပျော်တပါးလှည့်လည်သယ်ဆောင်ခဲ့ကြပြီး ကျင်သီနှင့်ဘော်ကြိုကျေးရွာအုပ်စုမှ ရှမ်းလူငယ်မောင်မယ် ၁၀၀ ကျော်တို့က ရှမ်းယဉ်ကျေးမှုအကအလှများဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြသည်။ **(အပေါ်ပုံ)** **(ကိုလတ်-သီပေါ)**

မကွေးတိုင်းဒေသကြီး

ဆရာအတတ်ကျွမ်းကျင်မှု ဒီပလိုမာအပ်နှင်းပွဲကျင်းပ

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန မကွေးပညာရေးကောလိပ်၏ နဝမအကြိမ်မြောက် ဆရာအတတ်ကျွမ်းကျင်မှုဒီပလိုမာအပ်နှင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီက မကွေးမြို့ ပညာရေးကောလိပ်ရှိ ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အခမ်းအနားတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ ဆရာအတတ်ကျွမ်းကျင်မှုဒီပလိုမာအပ်နှင်းပွဲတွင် ကျောင်းသား ကျောင်းသူ ၁၂၁ ဦးအား ဒီပလိုမာလက်မှတ်များ အပ်နှင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **[တင်ထွန်းဦး]**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

လဟယ်မြို့တွင် မူလတန်းအဆင့် ဘာသာရပ်မွမ်းမံသင်တန်းဖွင့်

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းရှိ ဆရာ ဆရာမများအား ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူလတန်းအဆင့်ဘာသာရပ်မွမ်းမံသင်တန်း(၁/၂၀၁၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီတွင် လဟယ်မြို့ အထကကျောင်း ယုဇနအဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ နာဂဒေသဦးစီးဥက္ကဋ္ဌ ဦးရှုစ်ကြူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအီနွယ်လှိုင်ပူ၊ ဌာနဆိုင်ရာများနှင့် လဟယ်မြို့နယ်အတွင်းရှိ မူလတန်းပြ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ နာဂဒေသဦးစီးဥက္ကဋ္ဌက နာဂဒေသအတွင်းရှိ ပညာရေးကဏ္ဍတွင် ကျောင်းဆောင်သစ်များ တိုးချဲ့ဖွင့်လှစ်ပေးနိုင်မှု၊ ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ခြင်းနှင့် ပညာရေးဝန်ထမ်းများတိုးမြှင့်ခန့်ထားပေးနိုင်မှုတို့ကို ယခင်ကာလနှင့် ယခု အစိုးရသစ်လက်ထက်နှိုင်းယှဉ်ဆွေးနွေးချပြခဲ့ပြီးနောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမှန်ထွန်းဂေက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြကာ အခမ်းအနားကို နံနက် ၁၀ နာရီတွင် ရုပ်သိမ်းခဲ့သည်။

အဆိုပါသင်တန်းကို တစ်ပတ်ကြာဖွင့်လှစ်သွားမည်ဖြစ်ပြီး လဟယ်မြို့နယ်အတွင်းရှိ မူလတန်းပြ ဆရာ ဆရာမများအား မူလတန်းအဆင့်ဘာသာရပ်စုံကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလတွင် သင်တန်းသား သင်တန်းသူ ၆၀ အား တစ်ဦးလျှင်ထောက်ပံ့ ငွေကျပ် ၅၀၀၀ နှုန်းဖြင့် နာဂဒေသဦးစီးအဖွဲ့မှ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **[တိုင်းဒေသကြီးပြန်/ဆက်]**

ချင်းပြည်နယ်

ဖလမ်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးဖြစ်ထွန်းအောင်မြင်

ချင်းပြည်နယ် ဖလမ်းမြို့နယ် တောင်ပေါ်ကျေးရွာများတွင် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး အဆိုပါ ဟင်းသီးဟင်းရွက်များကို ဖလမ်း၊ ဟားခါးမြို့နှင့် ကလေးမြို့များသို့ နှစ်စဉ် နှစ်တိုင်း စီးပွားဖြစ် တင်ပို့ရောင်းချလျက်ရှိကြသည်။

ခြံစိုက်နှင့် တောင်စောင်းစိုက် ဟင်းသီးဟင်းရွက်များသည် မိုးအကုန်ဆောင်းဦးရာသီတွင် စတင်စိုက်ပျိုးလျက်ရှိကြပြီး အချို့ကျေးရွာများတွင် မိမိတို့ခြံမြေများ၌ ရေလောင်းစိုက်ပျိုးကာ အချို့ကျေးရွာများတွင် ရွာပြင်တောင်စောင်း တောင်ကြားများတွင် ဆောင်းနှင်းကိုအားထားပြီး စိုက်ပျိုးကြသည်။

စီးပွားဖြစ်ထွန်းအောင်မြင်လျက်ရှိသော ဟင်းသီးဟင်းရွက်များမှာ တောင်စောင်းတောင်ကြားများတွင် ဂေါ်ဖီထုပ်များကို အစိုက်များပြီး ခြံမြေများတွင် ဂေါ်ဖီထုပ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနှင့် မုန်ညင်းမျိုးစုံ အစိုက်များပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးနိုင်သည့် ကျေးလက်နေပြည်သူများအတွက် ဝင်ငွေ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

[ဂျိုးနက်]



စစ်ကိုင်းတိုင်းဒေသကြီး

ဂန့်ဂေါမြို့ရှိ ရှေးအကျဆုံးကျောင်းကြီး၏ ပထမဆုံးတရားစခန်း

"ဂန့်ဂေါမြို့မှာ ရပ်ကွက်ကြီး လေးရပ်ကွက်ရှိပြီး မြို့ပေါ်တွင် ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်းရှိပါတယ်။ ရှေးအကျဆုံးဘုန်းတော်ကြီးကျောင်းက ဒက္ခိဏာရာမတောင်ကုန်းကျောင်းဖြစ်ပါတယ်။ ဒီကျောင်းကြီးက ရှေးယခင်ကတည်းက တည်ရှိခဲ့တဲ့ ကျောင်းကြီးဖြစ်ပါတယ်။ ဘုန်းတော်ကြီးသီတင်းသုံးနေထိုင်တဲ့ကျောင်းနံရံဟာဆိုလို့ရှိရင် သုံးပေခန့်အထူရှိပါတယ်။ ကျောင်းမကြီးမှတိုင်တွေဟာဆိုရင်လည်း တစ်ပေပတ်လည်တိုင်တွေဖြစ်ပြီး ဆက်ထားခြင်းလုံးဝမရှိပါဘူး"ဟု ဒေသခံတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ရပ်ကွက်အတွင်းမှာရှိတဲ့လူကြီး လူငယ်တွေစုပေါင်းပြီး ဧပြီလမှာဆိုရင် နှစ်စဉ်နှစ်တိုင်း လူငယ်တွေအတွက် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပေးပါတယ်။ အခုဆိုရင်လည်း မန္တလေးသစ္စဝေဒဂူရေတံခွန်ဆရာတော်ကြီးနဲ့ ဒက္ခိဏာရာမတောင်ကုန်းကျောင်းတိုက်ဆရာတော် ဦးသုဇာတတို့ ဦးစီးပြီး ပထမဆုံးအကြိမ် ၁၀ ရက် တရားစခန်းကို အောက်တိုဘာ ၂၈ ရက်မှစပြီး ဖွင့်လှစ်နေပါတယ်။ တရားလာအားထုတ်တဲ့သူတွေကတော့ မြို့မရပ်ကွက်၊ တောင်ကုန်းရပ်ကွက်နဲ့ နေရာဒေသအစုံကပါပဲ။ တရားလာအားထုတ်တဲ့ ယောဂီတွေ စိတ်အေးချမ်းသာစွာ တရားရှုမှတ်နိုင်ရေးအတွက် ရပ်ကွက်အတွင်းမှ လူကြီးလူငယ်တွေစုပေါင်းပြီး ဝေယျာဝစ္စကုသိုလ်ဆောင်ရွက်ပေးကြပါတယ်" ဟု လူငယ်တစ်ဦးကပြောသည်။

ဂန့်ဂေါမြို့တွင် မြန်မာတိုင်းရင်းသားအများစုနေထိုင်ကြပြီး ယောဒေသဂန့်ဂေါမြို့သူမြို့သားတို့၏ ဘာသာတရား ကိုင်းရှိုင်းမှုကြောင့် ဗုဒ္ဓဘာသာစည်ပင်ထွန်းကားလျက်ရှိကြောင်း သိရသည်။

[လင်းလက်ကြယ်စင်]

ကချင်ပြည်နယ်

wba&m*y &mazuoa&;vyie; ui;qi;aqmi&u

ကချင်ပြည်နယ် မြစ်ကြီးနားမြို့သို့ရောက်ရှိနေသော အထက်မြန်မာပြည်အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းအဖွဲ့မှ ရောဂါရှာဖွေကုသရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းအား နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် တပ်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အထက်မြန်မာပြည် အမျိုးသားတီဘီတိုက်ဖျက်ရေးဌာနမှ အဖွဲ့ခေါင်းဆောင် ဆရာဝန်ကြီး ဒေါက်တာဒေါ်အိအိချောနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဘောက်နော်နှင့် နယ်မြေမှူးများပူးပေါင်းကာ ဒေသခံ ရပ်ကွက်သူ ရပ်ကွက်သား ၂၀၀ အား ဓာတ်မှန်ရိုက်ခြင်း၊ ဆေးဝါးကုသမှုဆောင်ရွက်ပေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး သတ်မှတ်ရက်များအလိုက် ရပ်ကွက်များတွင် ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **[မိုယ်းကျ-မြစ်ကြီးနား]**

မန္တလေးတိုင်းဒေသကြီး

သာစည်မင်းလှကန်ရေပြည့်မှုကြောင့် လှေဖြင့် ခရီးသည်နှင့် ကုန်ပစ္စည်းပို့ဆောင်သူများ အဆင်ပြေ

မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ မင်းလှကန်ရေပြည့်မှုကြောင့် ကန်၏အနောက်မြောက်ဘက် ညောင်တိုကျေးရွာနှင့် ကန်၏အနောက်တောင်ဘက် သမန်းကန်ကျေးရွာတို့အား အသွားအပြန် လှေဖြင့်ခရီးသည်နှင့် ကုန်ပစ္စည်းပို့ဆောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"လူတစ်ယောက်ကို အသွားအပြန် ကျပ် ၆၀၀ ယူတယ်၊ ငရုတ်သီးတစ်အိတ်၊ ဆန်တစ်အိတ်ကို ကျပ် ၄၀၀ ယူတယ်၊ ညောင်တိုနဲ့ သမန်းကန်က လေးမိုင်လောက်ဝေးတယ်။ လှေနဲ့တစ်နာရီလောက်လှော်ခတ်ရတယ်။ မင်းလှကန်ရေပြည့်နေသည့်အခါတို့လိုလှေနဲ့ ခရီးသည်ပို့သူ၊ ကုန်ပစ္စည်းပို့သူတွေအတွက် အဆင်ပြေတယ်။ တစ်နေ့ကို ကျပ် ၁၀၀၀၀ လောက်တော့ ဝင်ငွေရကြတယ်"ဟု မင်းလှကန်အတွင်းလှေဖြင့် ခရီးသည်နှင့် ကုန်ပစ္စည်းပို့သူအဖြစ် လာရောက်လုပ်ကိုင်နေသူ မိတ္ထီလာမြို့နယ် အိုင်ကြီးလည်ကျေးရွာမှ ဒေသခံအသက် (၅၇)နှစ်အရွယ် အမျိုးသားတစ်ဦးက ပြောသည်။

အောက်တိုဘာလအတွင်း နေ့စဉ်အဆက်မပြတ်မိုးရွာသွန်းမှုနှင့် မိတ္ထီလာကန်မှ ကန်ရေပို့လွှတ်မှုတို့ကြောင့် သာစည်မြို့၏ အထင်ကရ မင်းလှကန်ကြီးအတွင်းရေများပြည့်လျက်ရှိပြီး ကန်ရေပြည့်မှုကြောင့် ကန်အားမှီတင်းကာ ကန်နှင့်အနီးတစ်ဝိုက်မှ ခရီးသည်ကုန်ပစ္စည်းပို့သူ၊ တံငါလုပ်ငန်းလုပ်ကိုင်သူများမှာ အဆင်ပြေနေခြင်းဖြစ်ကြောင်း သိရသည်။ **[ချမ်းသာ-မိတ္ထီလာ]**

» **အာရှနိုင်ငံများမှ**

ကျေးလက်ဖွံ့ဖြိုးမှုပါ သိသိသာသာတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ အိန္ဒိယနိုင်ငံသည်လည်း ယခင် သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းထွန်းကားရေးပေါ်လစီမှ ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ထွန်းကားရေးပေါ်လစီကို ပြောင်းလဲခဲ့သည့် ၁၉၉၀ ပြည့်နှစ်များနောက်ပိုင်း သိသာသော တိုးတက်မှုများ ဖော်ဆောင်နိုင်ခဲ့ပေသည်။ အိန္ဒိယနိုင်ငံ၏ ပို့ကုန်တင်ပို့မှုတွင် ရတနာပစ္စည်းများ (Jewellery Items) သည် အရေးပါဆုံးဖြစ်ပြီး လောလောဆယ်တွင် ရွှေဖြင့်ပြုလုပ်ထားသည့် ရတနာများ အများဆုံးဖြစ်သည်။

၎င်းတို့အနေဖြင့် ရွှေကုန်ကြမ်းကို အများဆုံးတင်သွင်းနေသည့် နိုင်ငံဖြစ်ပြီး ထပ်ဆင့်ပြုပြင်တန်ဖိုးမြှင့်ပြီး ကမ္ဘာ့ဈေးကွက်သို့ ပြန်လည်ရောင်းချနေခြင်းပင်ဖြစ်သည်။ ထို့အပြင် အခြားနိုင်ငံများသို့ ICT အခြေခံဝန်ဆောင်မှုပေးခြင်း တစ်နည်းအားဖြင့် ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှု (Service Trading) သည်လည်း အရေးပါသည့် ပို့ကုန်ဝင်ငွေဖြစ်လာပေသည်။ မည်သို့ပင်ဖြစ်စေ အာရှအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ဖွံ့ဖြိုးမှုဖြစ်စဉ်ကို လေ့လာမည်ဆိုလျှင် ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ(ELG)အရသာ ဖွံ့ဖြိုးလာခဲ့ပြီး အဆိုပါ(ELG)ပုံစံသည် တရုတ်နိုင်ငံကဲ့သို့ နိုင်ငံကြီးများတွင် ကျင့်သုံးနိုင်သလို ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်ကာပူကဲ့သို့သော နိုင်ငံငယ်လေးများတွင်လည်း ဖော်ဆောင်နိုင်ကြောင်း တွေ့ရပေသည်။

လက်ရှိ နိုင်ငံစီးပွားရေးအခြေအနေ၊ တည်ရှိမှုအနေအထားနှင့် ကမ္ဘာ့စီးပွားရေးအခြေအနေပေါ် မူတည်ပြီး လိုက်လျောညီထွေရှိမည့် (ELG) ကို ဖော်ဆောင်ရမည်သာ ဖြစ်ပေသည်။

tajctaeaumi;Ei tcetcjaumi;

လက်ရှိမြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ တစ်ကမ္ဘာလုံး၏ စိတ်ဝင်စားလာမှုနှင့် အာရှ၏ တိုးတက်မှုအလားအလာအကောင်းဆုံးနိုင်ငံအဖြစ် အသိအမှတ်ပြုလာမှုတို့ကြောင့် လက်ရှိအခြေအနေတွင် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုစီးဝင်လာမှုတို့သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ယခုအခြေအနေသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်းဆုံး အခွင့်အရေးပင်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံတိုင်း၏ အတွေ့အကြုံအရ ဤအခွင့်အရေးသည် တစ်ကြိမ်သာ ရရှိနိုင်သောကြောင့် လက်လွှတ်ဆုံးရှုံးမသွားစေရန်နှင့် အကောင်းဆုံးအသုံးချနိုင်ရန် အထူးအရေးကြီးပေသည်။

ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ(ELG) အကောင်အထည်ဖော်နိုင်ရေးအတွက် လက်ရှိစီးပွားရေး(Economy)၊ ကုန်သွယ်ရေး၊ နိုင်ငံအဆင့် စီးပွားရေးတည်ငြိမ်မှုအခြေအနေ (Macro Economic Stability)၊ ထုတ်လုပ်မှုအင်အားစုများပိုင်ဆိုင်မှုအခြေအနေ (Factors endowment)၊ ပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးအခြေအနေ စသည်တို့အပေါ် မူတည်ပြီး လိုက်လျောညီထွေရှိမည့် ပို့ကုန်ဦးဆောင်သည့် ဖွံ့ဖြိုးမှုမဟာဗျူဟာကို ချမှတ်ရမည်ဖြစ်သည်။ ယနေ့အထိ မြန်မာနိုင်ငံ၏ကုန်သွယ်မှုသည် သဘာဝသယံဇာတအရင်းအမြစ်နှင့် နှိုင်းယှဉ်စရိတ်အပေါ် မူတည်သည့် နှိုင်းယှဉ် အကျိုးကျေးဇူး (Comparative Advantage) အရသာ လုပ်ဆောင်နေရဆဲဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်းများစွာ တံခါးပိတ်ဝါဒကြောင့် ပြင်ပကမ္ဘာနှင့် ကင်းကွာခဲ့ရသည့် (Isolated Country) ဖြစ်ခဲ့ရမှုကြောင့်လည်း ယခုထိ ထုတ်ယူမသုံးစွဲရသေးသော သယံဇာတအရင်းအမြစ်များ (Untapped Natural Resources) မြေပေါ်မြေအောက်တွင် များစွာရှိနေသေးပေသည်။

ကမ္ဘာ့ဈေးကွက်ပွင့်လာမှုကြောင့် လက်ရှိထုတ်လုပ်နေသော စိုက်ပျိုးရေး၊ ထုတ်လုပ်ရေး၊ မွေးမြူရေး၊ သတ္တု၊ စွမ်းအင်၊ စက်မှုလက်မှု စသည့် ထုတ်လုပ်မှုလုပ်ငန်းအားလုံး ကမ္ဘာ့ဈေးကွက်နှင့်ချိတ်ဆက်ပြီး ဝယ်လိုအားရှိသည့် ကုန်စည်များကို အရည်အသွေးမီစွာ ထုတ်လုပ်နိုင်မည်ဆိုလျှင် ကြီးမားသည့်ဈေးကွက်ကို ရရှိနိုင်မည်ဖြစ်သည်။ ဥပမာအားဖြင့် ယနေ့ တရုတ်နှင့် အိန္ဒိယနိုင်ငံများမှ တင်သွင်းနေသည့် လယ်ယာကုန်စည်များကို အခြားဝေးလံသည့်နိုင်ငံများမှ တင်သွင်းနေရဆဲပင်ဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာ့ပို့ကုန်များ ပိုမိုတင်ပို့နိုင်ရေးအတွက် ပို့ကုန်များ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအား (Competitiveness) မြှင့်တင်နိုင်ရေး အထူးလိုအပ်ပေသည်။ ယှဉ်ပြိုင်နိုင်မှုစွမ်းအားဟု ဆိုရာတွင် ယေဘုယျအားဖြင့် ဈေးနှုန်း၊ အရည်အသွေး၊ ဈေးကွက်ရရှိမှု စသည်တို့အပေါ် မူတည်သတ်မှတ်လေ့ရှိသည်။

ဈေးနှုန်းအရ ယှဉ်ပြိုင်ခြင်းတွင် အရည်အသွေးတူ၊ Grade တူသည့် ကုန်စည်များအကြား နှိုင်းယှဉ်ဈေးနှုန်းချိုသာမှသာ ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းအားရှိမည်ဖြစ်သည်။ ထိုနည်းတူ သတ်မှတ်ထားသည့် အရည်အသွေး၊ စံချိန်စံညွှန်းသည်လည်း မရှိမဖြစ် လိုအပ်သည့်အလျောက် ပြိုင်ဆိုင်မှုပြင်းထန်သည့် လက်ရှိနိုင်ငံတကာဈေးကွက်ဝင်ရောက်နိုင်ရေးအတွက် အထူးအလေးထားရမည့်အချက်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် ပို့ကုန်တိုးချဲ့နိုင်ရေး အဓိကလိုအပ်ချက်မှာ ဈေးကွက်ရရှိနိုင်မှု(Access to Market) ပင်ဖြစ်သည်။ ယခင်က အနောက်အုပ်စု၏ စီးပွားရေးပိတ်ဆို့မှု(Economic Sanction)ကြောင့် မြန်မာနိုင်ငံအနေဖြင့် အာရှနိုင်ငံများနှင့်သာ အဓိကကုန်သွယ်နိုင်ခဲ့၍ ဈေးကွက်ရရှိမှု အနည်းငယ်သာရှိခဲ့ပြီး မှီခိုမှုများသောကြောင့် ပို့ကုန်ရငွေ မတည်ငြိမ်မှုလည်း ပိုများခဲ့သည်။ ယခုအခါမူ တစ်ကမ္ဘာလုံးနှင့် ပြန်လည်ကုန်သွယ်နိုင်ပြီဖြစ်၍ ပို့ကုန်တိုးမြှင့်ရေးအခွင့်အလမ်းများ ရှိလာပြီဖြစ်သည်။

ထို့အတွက် လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်ဖွံ့ဖြိုးရေးအပေါ် အခြေခံဖွံ့ဖြိုးမှုမဟာဗျူဟာ (Development Strategy)ကို ချမှတ်လုပ်ဆောင်ရန် အချိန်ကောင်း၊ အခြေအနေကောင်းများရှိနေပြီဖြစ်ပေသည်။ အာရှ၏ ဖွံ့ဖြိုးပြီးနိုင်ငံများ ဖော်ဆောင်ခဲ့သည့် ပို့ကုန်ဦးဆောင်သည့် စီးပွားရေးတိုးတက်မှုပုံစံ(Export Led Economic Growth Model) ကို ယခုအချိန်တွင် စတင်ဆောင်ရွက်ရန်လိုနေပြီဖြစ်ပါသည်။ ။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

ဟိုပုံးမြို့ပြည်သူ့စာကြည့်တိုက်၌ စာအုပ်ပြပွဲကျင်းပ

ပြည်သူကိုဗဟိုပြု၍ အများပြည်သူ(အခမဲ့)စာပေလေ့လာဖတ်ရှုနိုင်ရေးအတွက် ရည်ရွယ်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်ပြပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီခွဲက အဆိုပါရုံးရှေ့၌ ကျင်းပခဲ့သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်နှင့် တာဝန်ရှိသူတို့သည် ရုံးခန်းမအတွင်း၌ ပြသထားသော နံရံကပ်ဓာတ်ပုံများ၊ စာအုပ်ပြပွဲတွင် ခင်းကျင်းပြသထားသော စာအုပ်များကိုလှည့်လည်လေ့လာကြည့်ရှုအားပေးကြသည်။ အဆိုပါ စာအုပ်ပြပွဲကို အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ နှစ်ရက်ပြသခဲ့ကြောင်း သိရသည်။

[နန်းဦးခမ်း-ဟိုပုံး]

မန္တလေးတိုင်းဒေသကြီး

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

ဒီစီအီး(မန္တလေး)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်တွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်ကို ဒုတိယ လုပ်ငန်းစဉ်အဖြစ် ချမှတ်ထားပြီးဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအနေဖြင့် မွေးမြူရေး လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး မွေးမြူရေးနှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဆပ်ကော်မတီ၊ ခရိုင်မွေးမြူရေး နှင့် သားငါးကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အကောင် အထည်ဖော်ရေးဆပ်ကော်မတီနှင့် မြို့နယ်သားငါး ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည် ဖော်ရေးဆပ်ကော်မတီတို့ကို အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်လျက် ရှိသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ဆိတ် မွေးမြူရေးလုပ်ငန်းကို အထူးအားပေးဆောင်ရွက်လျက်ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကုန်အထိ တိုင်းဒေသကြီး အတွင်း မြို့နယ် ၂၀၊ ကျေးရွာ ၁၅၆ ရွာ၊ ဆိတ်မွေးမြူသူပေါင်း ၂၀၃၀ သို့ ချေးငွေကျပ် ၂၅၅၅ သိန်းထုတ်ပေးခဲ့ပြီးဖြစ်သည်။ တစ်ဦးလျှင် ဆိတ်ငါးကောင်၊ တစ်ကောင်လျှင် ၂၅၀၀၀ ကျပ်နှုန်းဖြင့် စုစုပေါင်းဆိတ်ကောင်ရေ ၁၀၁၅၀ မွေးမြူရန် အတွက် ချေးငွေထုတ်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကုန်တွင် ဆိတ်ကောင်ရေ ၉၃၀၄ ကောင် တိုးပွား၍ ချေးငွေများပြန်လည်ပေးဆပ်နိုင်သည်သာမက ဆိတ်ပိုင်ရှင်များဘဝသို့ တက်လှမ်းနိုင်ပြီဖြစ် သည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် မွေးမြူသူတစ်ဦးလျှင် ဆိတ်ကောင်ရေ ၁၀ ကောင်၊ တစ်ကောင်လျှင် ၃၀၀၀၀ ကျပ်နှုန်းဖြင့် မြို့နယ် နှစ်မြို့နယ်၊ ကျေးရွာ ခုနစ်ရွာတွင် ဆိတ်မွေးမြူသူ ၁၁၅ ဦးအား ဆိတ်ကောင်ရေ ၁၁၅၀ အတွက် စုစုပေါင်း ငွေကျပ် ၃၄၅ သိန်းကို ထုတ်ချေးခဲ့ပြီးဖြစ်သည်။

ဆက်လက်၍လည်း ဆိတ်မွေးမြူရေးချေးငွေထုတ်ပေး သွားရန်စီစဉ်ထားရှိပြီး ကျယ်ကျယ်ပြန့်ပြန့်ချေးငွေထုတ်ပေး မွေးမြူရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်လည်း ညှိနှိုင်းဆောင်ရွက် လျက်ရှိသည်။ ထုတ်ချေးငွေများထုတ်ပေးပြီးနောက် မွေးမြူ ရာတွင်လည်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဝန်ထမ်း များက တိရစ္ဆာန်များ၏ ကျန်းမာရေးကိုကြည့်ရှုစောင့်ရှောက် ကူညီပေးလျက်ရှိသည်။

တိုင်းရင်းကြက်မျိုးများ မွေးမြူနိုင်ရေးအတွက် တိုင်းရင်းကြက်မျိုးထိန်း မျိုးပွားခြံကို ညောင်ဦးမြို့၌ တည် ထောင်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး အဆိုပါတိုင်းရင်းကြက်မျိုးထိန်း မျိုးပွားခြံတွင် ဒေသမျိုးရင်းကြက်များဖြစ်သည့် လည်ပြောင်၊ စစ်တကောင်းနှင့် အင်ပင်ဝကြက်မျိုးများအား မွေးမြူ ထားရှိ၍ ကြက်သားခွဲ တစ်ကောင်လျှင် ၁၀၀ ကျပ်နှုန်းဖြင့် ကျေးရွာများသို့ တစ်လလျှင်ကောင်ရေ ၂၀၀မှ ၃၀၀ အထိ ဖြန့်ဖြူးပေးလျက်ရှိသည်။ တိုးမြှင့်ဖြန့်ဖြူးနိုင်ရန်လည်း စီမံ ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၃ ခုနှစ် စက်တင်ဘာလအထိ ကောက်ယူရရှိသော စာရင်းများအရ ကြက်သားပိဿာချိန် ၂၇၃၄၈၁၂၀ ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့ပြီး တိုင်းဒေသကြီးတစ်ခုလုံး ကြက်သားအထွက်နှုန်း၏ ၈၀ ရာခိုင်နှုန်းခန့်မှာ တိုင်းရင်းကြက်များမှရရှိခြင်းဖြစ်သည်။

ဆိတ်မွေးမြူရေးနှင့် တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်း များကိုလည်း ပေါင်းစည်းလယ်ယာစနစ်ဆောင်ရွက်နေကြ သည့် တောင်သူများကို အားပေးကူညီဆောင်ရွက်လျက်ရှိရာ ပေါင်းစည်းလယ်ယာ ၃၁ ခုတွင် ဆိတ် ၁၃၄ ကောင်နှင့် တိုင်းရင်းကြက်ကောင်ရေ ၅၄၀ မွေးမြူလျက်ရှိသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှလည်း တိုင်းဒေသကြီးအစိုးရနှင့်ညှိနှိုင်းကာ မွေးရေ/ကျေးလက်လူငယ်များအား တစ်ရွာလျှင်ငါးဦးနှုန်း ဖွဲ့စည်းလျက်ရှိရာ ရပ်ကွက်/ကျေးရွာအုပ်စု ၁၅၆၃ စု အနက် ၅၈၂ အုပ်စုတွင် အောက်တိုဘာ ၁၇ ရက်ထိ မွေးရေ /ကျေးလက်လူငယ်ပေါင်း ၁၄၇၁ ဦးကို ဖွဲ့စည်း ခဲ့ပြီးဖြစ်သည်။

မွေးရေ/ကျေးလက်လူငယ်များအား အခြေခံတိရစ္ဆာန် ကျန်းမာရေးသင်တန်းနှင့် တိရစ္ဆာန်အာဟာရဗေဒ သင်တန်းများ မြို့နယ်အလိုက်ပို့ချပေးလျက်ရှိပြီး မွေးရေ/ ကျေးလက်လူငယ်များ၏ အင်အားကိုရယူ၍ ရပ်ရွာ အခြေပြုတိရစ္ဆာန် ကာကွယ်ဆေးထိုးလုပ်ရှားမှုများ ဆောင်ရွက်သွားမည်ဖြစ်ရာ ရောဂါကာကွယ်မှုပိုမို တိုးတက်လာမည်ဖြစ်သည်။

ကြက်များတွင် အဓိကဖြစ်ပွားသည့် ကြက်လည်လိမ် ရောဂါနှင့်ကြက်ဝမ်းကျရောဂါကာကွယ်ဆေးထိုးလုပ်ငန်း များကိုလည်း ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုပညာပေး လုပ်ငန်းအနေဖြင့် တိုင်းဒေသကြီးအတွင်း ၂၀၁၃ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ကြက်ငှက်တုပ်ကွေးပညာ ပေးဟောပြောမှုကြိမ်ရေ(၉၄)ကြိမ်ဆောင်ရွက်ခဲ့ပြီး မွေးမြူ သူ ၁၉၀၁ ဦးတက်ရောက်ခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်မှလည်း မန္တလေးတိုင်း ဒေသကြီး တိရစ္ဆာန်မွေးမြူရေးနှင့်စနစ်တကျထိန်းကျောင်း ရေးဥပဒေကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့ တွင် ထုတ်ပြန်ခဲ့ပြီး အဆိုပါဥပဒေတွင်ပါရှိသည့်အတိုင်း တိရစ္ဆာန်များကို ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန်နှင့်ဖြစ်ပွားသည့်အခါ စနစ်တကျ ထိန်းချုပ်နိုင်ရေးနှင့် ဒေသဆိုင်ရာတိရစ္ဆာန်မျိုးရင်းများ ထိန်းသိမ်းစောင့်ရှောက်မှုကို အားပေးကူညီပံ့ပိုးဆောင်ရွက် လျက်ရှိသည်။

သို့ဖြစ်ပါ၍ တစ်နိုင်တစ်ပိုင်မွေးမြူရေးမှသည် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များအောင်မြင် စေရန် ဆိတ်မွေးမြူရေးနှင့်ဒေသမျိုးရင်းကြက်များစနစ်တကျ မွေးမြူစေရေးပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများအား တင်ပြ လိုက်ရပါသည်။ ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နှိုးဆော်ချက်

ယခုအချိန်တွင် တစ်နိုင်ငံလုံး၌ မိုးစပါးများရိတ်သိမ်းမည့်အချိန် ဖြစ်ပါသည်။

မိုးစပါးရိတ်သိမ်းပြီး သီးထပ်အဖြစ် မတ်ပဲ၊ ပဲတီစိမ်း သီးနှံများ စိုက်ပျိုးရန်တောင်သူလယ်သမားများ ပြင်ဆင်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ရိတ်သိမ်းပြီးစပါးများကို ကန်သင်းများတွင် စုပုံထားပြီး သီးထပ် ပဲသီးနှံအားစိုက်ပျိုးရန်လုပ်ငန်းအား ဦးစားပေးဆောင်ရွက်သည့် အလေ့အထရှိကြရာ အချိန်အခါမဟုတ်မိုးရွာသွန်းခြင်းကြောင့် မိုးထိပြီး လေလွင့်ဆုံးရှုံးမှုများ ကြီးမားစွာဖြစ်ပေါ်နိုင်ပါသည်။

သို့ဖြစ်ပါ၍ ရိတ်သိမ်းပြီးစပါးများကို ခြွေလှေ့စင်များဖြင့် ခြွေလှေ့ပြီး စပါးကို၊ အမိုးအကာအောက်ရောက်ရှိရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ကြီးကြပ်ဆောင်ရွက်ပေးကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါ သည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဧရာဝတီတိုင်းဒေသကြီး

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အောင်မင်္ဂလာအဆင့်မြင့် စံပြလယ်ကော ၁၀၀ တွင် ကောက်ရိတ်သိမ်းပွဲကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် အောင်မင်္ဂလာအဆင့်မြင့် စံပြလယ်ကော ၁၀၀ ကောက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီတွင်ကျင်းပရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစန်းမောင်တို့က အဖွင့်အမှာစကားပြောကြားကြသည်။ စိုက်ပျိုးရေး ဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး ဒေါက်တာကြည်မြင့်က ထပ်ဆင့်ရှင်းလင်းကာ တိုင်းစိုက်ပျိုးရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်သိန်းက မျိုးစပါးအကြောင်း၊ မြေယာပြုပြင်မှုနှင့် သီးနှံများ စိုက်ပျိုးအကျိုးဖြစ်ထွန်းပုံကို ပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက လယ်မြေမှတ်ပုံတင်ခြင်းဆုရရှိသော မြို့နယ်မြေစာရင်းဦးစီးမှူးအား ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မွန်ပြည်နယ်

ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် စပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

မွန်ပြည်နယ် မုဒုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းအေးမောင်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီက ကျောက်တစ်လုံးကျေးရွာ ကွင်းအမှတ် (၈၂၈) ဦးပိုင်အမှတ် (၉/၁)ဘုရားကျောင်း လမ်း ၁၀ ဧကတွင် စိုက်ပျိုးထားသည့် မိုးစပါးပုလဲသွယ် စံပြစိုက်ကွင်းတွင် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ် သိမ်းခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးဦးမင်းအေးမောင်က တက်ရောက်လာကြသော တောင်သူများ၏ သိရှိလိုသောအချက်များကို ပြန်လည် ဖြေကြားပြီး သီးနှံတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (GAP)များ အသုံးပြုဆောင်ရွက်ရေး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဘုရားကျောင်းလယ်တွင် အောက်ခံမြေ သဲဆန်သောကြောင့် စိုက်ပျိုးထားသောမိုးစပါးပုလဲသွယ် သည် တစ်ဧက ၆၂ ဒသမ ၇၉ တင်းထွက်ရှိကြောင်း သိရသည်။

(၄၄၁)

စစ်ကိုင်းတိုင်းဒေသကြီး

ငွေချည် (၆) ချည်မျှင်ရှည်ဝါ ပိဿာ ၁၀၀၀ အထက်ထွက်ရှိရေး တောင်သူများ နည်းပညာပေး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှု သီးနှံဖွံ့ဖြိုးရေးဌာနမှ ငွေချည်(၆)ချည်မျှင်ရှည်ဝါ ပိဿာ ၁၀၀၀ နှင့်အထက်ထွက်ရှိရေးစံပြကွက်၊ မျိုးသန့်ပွားများရေး စံပြကွက် သုံးဧကတွင် တောင်သူများနည်းပညာပေးပွဲနှင့် စံပြကွက်ပြသပွဲကို နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီက ဒီပဲယင်း မြို့နယ် စိုင်ပြင်ကျေးရွာ ဝါစိုက်တောင်သူဦးထွန်းရွှေ၏ စံပြဝါစိုက်ခင်းတွင်ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဌာန ရွှေဘိုခရိုင် ခရိုင်ဦးစီးမှူးဦးမြင့်လှိုင်နှင့်ဒုခရိုင်ဦးစီးမှူး၊ ဒေါ်ချိုချိုမာ (မြို့နယ်ဦးစီးမှူး)၊ စိုက်တိုး မြှင့်အဖွဲ့ဝင်များ၊ သက်ကယ်ခြံကျေးရွာ၊ အိမ်ယာကျေးရွာ၊ စိုင်ပြင်ကျေးရွာ၊ လက်ပံကျေးရွာများမှ ဝါစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

ကေကေ(ဒီပဲယင်း)

အလှူပွဲများတွင် ရိုးရာမပျက် ရွှေလှည်းယဉ်ကြော့များ အသုံးပြုလာ

သီတင်းကျွတ်ပြီး ဆိုသည်နှင့် လက်ထပ်မင်္ဂလာပွဲများအပြိုင်အဆိုင် ဆင်နွှဲကြသည့်နည်းတူ သားရှင်ပြု အလှူတော်မင်္ဂလာပွဲများကိုလည်း စတင်ကျင်းပလာကြရာ ရွှေလှည်းယဉ် အငှားလိုက်လုပ်ငန်းများ ပြန်လည် အသက်ဝင်လှုပ်ရှားလာကြောင်း သိရသည်။ သားရှင်ပြုအလှူပွဲများပြုလုပ်သည့်အခါ ရှင်လောင်းလှည့်လည်ပွဲများတွင် သက်နန်းစည်းကြမည့် မောင်ရှင်လောင်းများအား မြင်းများ၊ ဝေါယာဉ်များဖြင့် တင်ဆောင်လှည့်လည်လေ့ရှိကြပြီး နားသကြမည့် သတို့သမီးငယ်များအား ရွှေလှည်းယဉ်ကြော့များ၊ မော်တော်ယာဉ်များနှင့် တင်ဆောင်လှည့်လည်လေ့ရှိကြကြောင်း သိရသည်။ ယခုအခါ အလှူပွဲများတွင် ယဉ်ကျေးမှုရိုးရာမပျက် ရွှေလှည်းယဉ်ကြော့များကို တွင်ကျယ်စွာအသုံးပြုလာကြသဖြင့် ရွှေလှည်းယဉ် အငှားလိုက်လုပ်ငန်းများ ပေါ်ပေါက်လာခဲ့သည်။ ရွှေလှည်းယဉ်ကြော့ပေါ်တွင် လှည်းမောင်းသူ၊ နားသမည့် သတို့သမီးငယ်နှင့် အရံအထိန်းမိန်းမပျိုတစ်ဦး လိုက်ပါကြသည်။ အရံအထိန်းမိန်းမပျိုက နားသမည့်သတို့သမီးငယ်ကို ပုသိမ်ထီးဆောင်းပေးကာ လိုက်ပါကြရသည်။ ရှင်ပြုအလှူပွဲအကြီး၊ အငယ်နှင့် နားသသတို့သမီးအရေအတွက်ကို လိုက်၍ ရွှေလှည်းယဉ်ကြော့ အစီးရေ အနည်းဆုံး သုံးစီးမှ ၁၀ စီးခန့်အထိ ငှားရမ်းအသုံးပြုကြကြောင်း၊ သားရှင်ပြု အလှူလှည့်ပွဲများတွင် ရွှေလှည်းယဉ်ကြော့များဖြင့် ယဉ်ကျေးမှုရိုးရာမပျက် စီတန်းလှည့်လည်ခြင်းကို နိုင်ငံခြားသားခရီးသွားဧည့်သည်များကလည်း အလွန်သဘောကျလေ့ရှိကြကြောင်း သိရသည်။

"ရွှေလှည်းယဉ်တစ်စီးရဲ့ ငှားရမ်းခကတော့ အလှူလှည့်ပွဲတစ်ပွဲကို ကျပ်သုံးသောင်းခွဲယူပါတယ်၊ တချို့က ဘုန်းတော်ကြီးကျောင်းတိုက်တွေမှာပဲ အလှူပွဲအခမ်းအနားလုပ်ကြပြီး အလှူလှည့်တာမလုပ်ကြဘူး၊ ဒါပေမယ့် ရွှေလှည်းယဉ်တွေကို ငှားရမ်းပြီး ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးလေ့ရှိကြတယ်၊ အလှူလှည့်ပွဲမလိုက်ရဘဲ ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးရုံငှားရမ်းကြတာကိုတော့ ကျပ်နှစ်သောင်းခွဲပဲ ယူပါတယ်၊ အလှူလှည့်တဲ့အခါ မောင်ရှင်လောင်းတွေကို မြင်းနဲ့တင်ပြီး လှည့်ကြတာများတယ်၊ တတ်နိုင်တဲ့သူတွေက ငွေကြေးအများအပြား အကုန်အကျခံပြီး ဆင်တွေနဲ့လှည့်ကြတယ်၊ နားသ သတို့သမီးလေးတွေကိုတော့ ရွှေလှည်းယဉ်နဲ့တင်ပြီး အလှူလှည့်တာများတယ်"ဟု စစ်ကိုင်းမြို့မှ ရွှေလှည်းယဉ်ကြော့ အငှားလိုက်လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ယခုအခါ သားရှင်ပြုအလှူလှည့်လည်ပွဲများတွင် ရွှေလှည်းယဉ်ကြော့များကို မပါမဖြစ်အဆင်တန်ဆာယာဉ်အဖြစ် ငှားရမ်းအသုံးပြုလာကြသဖြင့် တွင်ကျယ်စွာလုပ်ကိုင်လာကြသည်။ လှည်းယဉ်ကြော့တစ်စီးလျှင် ပန်းပုအနုလက်ရာများ ခြယ်မှုန်းထားမှု၊ ရွှေချည်ထိုး၊ ငွေချည်ထိုး၊ ဘော်ကြယ်၊ ပန်းဖွား စသည့် အလှဆင်မှုကိုလိုက်၍ တန်ဖိုးငွေကျပ် ငါးသိန်းဝန်းကျင်ရှိကြောင်း သိရသည်။

(နန္ဒာမင်းလွင်)

မြိတ်မြို့၌ ကျောင်းကျန်းမာရေး ကွင်းဆင်းဆောင်ရွက်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျောင်းကျန်းမာရေးဌာနမှ ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် အသိပညာပေးဟောပြောခြင်း စသည့် ကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် မြိတ်မြို့ ကျွဲကူးကျေးရွာရှိ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းတွင် မြို့နယ်ကျောင်းကျန်းမာရေးဌာန အဖွဲ့ခေါင်းဆောင် ဒေါက်တာရီရီဌေးနှင့် သွားဆရာဝန်၊ အထွေထွေရောဂါကုဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ကျောင်းကျန်းမာရေးစစ်ဆေးခြင်း ကွင်းဆင်းဆောင်ရွက်ရာတွင် အဆိုပါကျောင်းမှ မူလတန်း ကျောင်းသား ကျောင်းသူ ၆၄၄ ဦးအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွားကျန်းမာရေးနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(မိုးဟိန်း-မြိတ်)

စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဝါးတန်းဆိပ်ကမ်းနယ်မြေ ကိုင်းတန်း(၁)ဆိပ်ခံဘောတံတား၌ နိုဝင်ဘာ ၆ နံနက် ၁၀ နာရီခန့်က ဆိပ်ကမ်းနယ်မြေတာဝန်ကျ(Mobile Team)အဖွဲ့သည် မြိတ်မှ ရန်ကုန်ပြေးဆွဲနေသော ရွှေဖြိုးအောင်သင်္ဘောပေါ်သို့ စားသုံးသူအကာအကွယ်ပေးရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် တရားမဝင်ကုန်သွယ်မှုပပျောက်ရေးတို့အတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ သင်္ဘောပေါ်တွင် စားအုန်းဆီကြမ်းပီပါ ၄၄၀ နှင့် အခြားဒေသထွက် ကုန်ပစ္စည်းများပါရှိပြီး စားအုန်းဆီကြမ်းပီပါများအား ယုဇနစာအုန်းဆီကြမ်းချက်စက်ရုံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကျော်မြင့်အေး-ပြန်/ဆက်)



သီပေါ မဟာကထိန်တော်အလှူ ရှမ်းယဉ်ကျေးမှုအကအလှများဖြင့် တင်ဆက်ဖျော်ဖြေ

ပြည်တွင်းရေးရာ စာမျက်နှာ - ၄ »

ဖလမ်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးအောင်မြင်

ပြည်တွင်းရေးရာ စာမျက်နှာ - ၅ »

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်

မွေးမြူရေး စာမျက်နှာ - ၆ »

အလှူပွဲများတွင် ရိုးရာမပျက် ရွှေလှည်းယဉ်ကြော့များအသုံးပြုလာ

ပြည်တွင်းရေးရာ စာမျက်နှာ - ၇ »

ပင်စင်ဦးစီးဌာနမှ ပြည်သူလူထုသို့ အသိပေးဖော်ပြလိုသည့် အချက်အလက်များ

တိုးမြှင့်ပင်စင်လစာဆောင်ရွက်ပေးမှုအခြေအနေ

၁။ (၂၀၁၃) ခုနှစ်၊ ဧပြီလ (၁) ရက်မတိုင်မီ ပင်စင်ခံစားခွင့်ရှိသော အငြိမ်းစားများ၏ ပင်စင်လစာကို လက်ရှိပင်စင်လစာအပြင် ဝန်ထမ်းများကို တိုးမြှင့်ခွင့်ပြုသော လစာကျပ် (၂၀၀၀၀)အပေါ် တည်ဆဲပင်စင်နည်းဥပဒေနှင့်အညီ တွက်ချက်၍ (၁-၄-၂၀၁၃) မှစ၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပါသည်။

၂။ ပင်စင်ဦးစီးဌာနသည် ပင်စင်စားများ၏ တိုးမြှင့်ပင်စင်လစာခံစားခွင့် ဆောင်ရွက်ရာတွင် ပင်စင်စားများ သက်သာလွယ်ကူစွာ ခံစားနိုင်ရေးအတွက် ပင်စင်စားများက လျှောက်ထားဆောင်ရွက်ရန် မလိုအပ်ဘဲ ပင်စင်ဦးစီးဌာနက တာဝန်ယူတွက်ချက်၍ လစာသစ်ငွေပေးမိန့်အား သက်ဆိုင်ရာဘဏ်ခွဲ၊ လုပ်ငန်းအဖွဲ့အစည်းများသို့ပေးပို့၍ လစာသစ်များရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကာကွယ်ရေးပင်စင်စားများအတွက် ကာကွယ်ရေးငွေစာရင်းရုံးများမှ ဆောင်ရွက်ပေးပါသည်။

၃။ လုပ်ငန်းပြီးစီးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် လစာထုတ်ယူလျက်ရှိသော ဦးစီးဌာန၊ ကာကွယ်ရေး၊ နိုင်ငံရေး ပင်စင်စားအားလုံး (၅၇၁၄၃၂) ဦးအတွက် ပင်စင်ဦးစီးဌာနနှင့် CMA မှ ငွေပေးမိန့်ထုတ်ပြန်ပေးပြီး ဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်မှ အောက်တိုဘာလ ၂၉ ရက်နေ့အထိ ငွေပေးမိန့် (၅၄၂၅၁၁) ဦး (၉၅) ရာခိုင်နှုန်းအတွက် လက်ခံရရှိကြောင်း အတည်ပြုထားပါသည်။

(ဂ) မြန်မာ့စီးပွားရေးဘဏ်သို့မရောက်ရှိသေးသော ငွေပေးမိန့် ၂၈၉၂၁ဦး (၅ ရာခိုင်နှုန်း)မှာ စာတိုက်လမ်းခရီးကြန့်ကြာခြင်း၊ ဘဏ်ပြောင်း ပင်စင်စားများအတွက် ဘဏ်လွဲ၍ ရောက်ရှိခြင်းများ ဖြစ်နိုင်၍ ဘဏ်နှင့်စာရင်း တိုက်ဆိုင်စစ်ဆေးပြီး ထပ်မံထုတ်ပြန်ပေးခြင်းနည်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဃ) အောက်တိုဘာလ (၂၉) ရက်နေ့အထိ ဘဏ်မှ ပင်စင်ထုတ်ယူပြီး ဦးရေမှာ (၄၀၂၅၆၀) ဦး (၇၅ ရာခိုင်နှုန်း)ဖြစ်ပြီး ပင်စင်ထုတ်ယူရန် ကျန်ဦးရေမှာ (၁၃၉၉၅၁) ဦးဖြစ်၍ ပင်စင်လစာထုတ်ယူကြရန် သတင်းစာမှကြော်ငြာခြင်းနည်းဖြင့် အသိပေးနှိုးဆော်ထားပါသည်။

(င) လုပ်ငန်းပင်စင်စား (၁၇၇၉၄၀) ဦးအတွက် ငွေပေးမိန့် ရာခိုင်နှုန်းပြည့် ထုတ်ပြန်ပေးပြီး သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများမှ ပင်စင်လစာထုတ်ပေးလျက်ရှိပါသည်။ ငွေပေးမိန့်ရောက်ရှိခြင်း မရှိပါက ပင်စင်ဦးစီးဌာနသို့ အမြန်ဆုံးသတ်မှတ်ပုံစံဖြင့် အကြောင်းကြားပေးရန် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများသို့ အကြောင်းကြားထားပါသည်။

အငြိမ်းစားများသို့ အသိပေးကြေညာချက်

၄။ တိုးမြှင့်ပင်စင်လစာမရရှိသေးသော ပင်စင်စားများသည် မိမိတို့လစာထုတ်ယူလျက်ရှိသော ဘဏ်ခွဲ၊ လုပ်ငန်းအဖွဲ့အစည်းသို့ ဆက်သွယ်ထုတ်ယူကြပါရန် သတင်းစာမှ အသိပေးနှိုးဆော်ထားပါသည်။

၅။ ဘဏ်ခွဲနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ တိုးမြှင့်ပင်စင်လစာသစ် ခွင့်ပြုမိန့် မရောက်ရှိသေးကြောင်း ပြန်ကြားပါက ပင်စင်ဦးစီးဌာနရုံးချုပ်၊ ရုံးခွဲများသို့ ဖုန်း၊ fax ဖြင့် ဆက်သွယ်သတင်းပေးပို့ကြပါရန်နှင့် ပင်စင်ဦးစီးဌာနက အချက်အလက် အပြည့်အစုံလက်ခံရရှိပါက နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

ပင်စင်ဆိုင်ရာ အချက်အလက်များ

၆။ (၂၀၁၃-၂၀၁၄) စာရင်းဇယားများအရ အောက်ပါအတိုင်း ဖော်ပြပါသည်-

(က) ပင်စင်စားဦးရေစုစုပေါင်း ၇၄၉၃၇၂ ဦး

(၁) မြို့ပြ	၄၇၈၈၄၇ (ဦးစီး-၃၀၀၉၀၇ + လုပ်ငန်း ၁၇၇၉၄၀)
(၂) ကာကွယ်ရေး	၂၂၆၅၂၀
(၃) နိုင်ငံရေး	၄၄၀၀၅

(ခ) ပင်စင်အသုံးစရိတ်စုစုပေါင်း ကျပ်သန်း ၄၂၀၆၁၆၀၂၄

	(ကျပ်သန်း)
(၁) မြို့ပြ	၁၄၇၉၀၈၉၃၇
(၂) ကာကွယ်ရေး	၁၉၀၁၅၇၇၀၄
(၃) နိုင်ငံရေး	၂၂၃၆၂၀၀၀
(၄) လုပ်ငန်း	၆၀၁၈၇၃၈၃

(ဂ) (၂၀၁၃) ပင်စင်လစာတိုးမြှင့်မှုအတွက် ပိုမိုသုံးစွဲရသော အသုံးစရိတ် ကျပ်သန်း ၁၁၂၇၇၇၀၀

	(ကျပ်သန်း)
(၁) မြို့ပြ	၃၆၃၆၃၈၀၈
(၂) ကာကွယ်ရေး	၄၂၈၃၆၁၄၄
(၃) နိုင်ငံရေး	၅၄၆၇၈၀၀
(၄) လုပ်ငန်း	၂၇၆၀၉၉၄၈

ပင်စင်ဦးစီးဌာန၏ အထူးဆောင်ရွက်ချက်များ

၇။ ပင်စင်ဦးစီးဌာန၏ အထူးဆောင်ရွက်ချက်များမှာ အောက်ပါတို့ ဖြစ်ပါသည်-

(က) ပြည့်စုံပင်စင်အမှုတွဲများကို (၇) ရက်အတွင်း အပြီးဆောင်ရွက်ပေးပါသည်။

(ခ) ပင်စင်စားများအား ကူညီရန် ပင်စင်ဦးစီးဌာနရုံးချုပ် /တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် အထူးလုပ်ငန်းအဖွဲ့ (Special Task Force) များဖွဲ့စည်း၍ ပင်စင်ကိစ္စများကို ဝန်ဆောင်မှုလုပ်ပေးလျက်ရှိပါသည်။

(ဂ) Mobile Team များဖွဲ့၍ ဘဏ်များသို့သွားရောက်ပြီး ပင်စင်စားများ၏ အခက်အခဲကို လစာရသည်အထိ One-Stop Service နည်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

(ဃ) ပင်စင်စားများ ကိုယ်တိုင်လာရောက်ရန် မလိုအပ်ဘဲ ဖုန်းဖြင့် ဆက်သွယ်သတင်းပို့မှုကို လက်ခံ၍ တိုးမြှင့်ပင်စင်ခံစားခွင့်ကို လစာရသည်အထိ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

(င) ပင်စင်ဦးစီးဌာနကို ပင်စင်စားများအကျိုး တာဝန်ယူဆောင်ရွက်ပေးသော ဌာန၊ ပင်စင်စားများအရေး စေတနာအပြည့်နှင့် တာဝန်ယူ ဆောင်ရွက်ပေးသော ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းပုံစံပြောင်းလဲရေး ဆောင်ရွက်လျက်ရှိပါသည်။

ပင်စင်လစာတိုးမြှင့်ပေးခြင်း

၈။ (က) ၁၉၈၉ ခုနှစ်တွင် ပင်စင်စားများအတွက် ခွင့်ပြုသော အပိုထောက်ပံ့ကြေး ကျပ် ၁၁၅/- ကို ပင်စင်လစာအဖြစ် သတ်မှတ်ခွင့်ပြုပေးခဲ့ပါသည်။

(ခ) ၁၉၉၃ ခုနှစ်တွင် ပင်စင်စားများ၏ ပင်စင်လစာကို ၂၅ ရာခိုင်နှုန်း တိုးမြှင့်ခွင့်ပြုပေးခဲ့ပါသည်။

(ဂ) ၂၀၀၀ ပြည့်နှစ်တွင် ပင်စင်စားများ၏ ပင်စင်လစာကို နှစ်ဆတိုးမြှင့် ခွင့်ပြုပေးခဲ့ပါသည်။

ဆက်လက်ဖော်ပြပါမည်။

ပင်စင်ဦးစီးဌာန